# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဓမ္မပဒ (ဒဏ္ဍဝဂ် - ၁၂၉)


၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၁၇ ရက်၊ သောကြာနေ့ အတွဲ (၅၉)၊ အမှတ် (၁၀၉)


## တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ကိုယ်ရေးအကျဉ်း



တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်ကို ၁၉၅၃ ခုနှစ်၊ ဇွန်လတွင် ရှန်းစီးပြည်နယ်၊ ဖူပင်းမြို့၌ မွေးဖွားခဲ့ပြီး ဟန်မျိုးနွယ်ဝင်တစ်ဦးဖြစ်သည်။ ချင်းဟွာတက္ကသိုလ်၏ လူမှုနှင့် လူမှုရေးသိပ္ပံကျောင်းမှ နိုင်ငံရေးပညာအထူးပြုဘွဲ့ရရှိခဲ့ပြီး လုပ်ငန်းခွင်ဘွဲ့လွန်ပညာသင်ယူကာ ဥပဒေအထူးပြုဒေါက်တာဘွဲ့ရရှိခဲ့သည်။ ၁၉၆၉ ခုနှစ်၊ ဇန်နဝါရီလတွင် လုပ်ငန်းခွင်စတင်ဝင်ရောက်ခဲ့ပြီး ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလတွင် တရုတ်ကွန်မြူနစ်ပါတီသို့ ဝင်ရောက်ခဲ့သည်။ လက်ရှိ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတတာဝန်အပြင် တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင် ဥက္ကဋ္ဌ၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုစစ်ကော်မရှင် ဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အထွေထွေအတွင်းရေးမှူးတာဝန်တို့ကိုပါ ထမ်းဆောင်လျက်ရှိသည်။

၁၉၆၉ မှ ၁၉၇၅ ခုနှစ်အထိ ရှန်ရှီးပြည်နယ်၊ ရန်ချွမ်းခရိုင်၊ ဝမ်အန်းယိအဖွဲ့၊ လျန်ကျားဟောတပ်ဖွဲ့တွင် ပါတီဌာနခွဲ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၅ မှ ၁၉၇၉ ခုနှစ်အထိ ချင်းဟွာတက္ကသိုလ်၊ ဓာတုအင်ဂျင်နီယာဌာနတွင် ပညာဆည်းပူးခဲ့သည်။ ၁၉၇၉ မှ ၁၉၈၂ ခုနှစ်အထိ နိုင်ငံတော်ကောင်စီနှင့် ဗဟိုစစ်ကော်မရှင်၊ အထွေထွေရုံး၏ အတွင်းရေးမှူး၊ ၁၉၈၂ မှ ၁၉၈၃ ခုနှစ်အထိ ဟာပေပြည်နယ်၊ ကျန်းတင်ခရိုင်တွင် တရုတ်ကွန်မြူနစ်ပါတီ ခရိုင်ကော်မတီ ဒုတိယအတွင်းရေးမှူး၊ ၁၉၈၃ နှင့် ၁၉၈၅ ခုနှစ်အတွင်း ခရိုင်အတွင်းရေးမှူးအပြင် ကျန်းတင်ခရိုင် စစ်ဘက်ရေးရာဌာနအရာရှိနှင့် ပါတီကော်မတီ ပထမအတွင်းရေးမှူးနှင့် ပါတီနိုင်ငံရေးမှူး(ပထမတန်း)တာဝန်များ ပူးတွဲထမ်းဆောင်ခဲ့သည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❄


## ချင်းလူမှုရေးအသင်း - ရန်ကုန် (All Chin Society-Yangon) ၏ ACSY Community Hall ပန္နက်တော်တင် ဆုတောင်းဆက်ကပ်ခြင်းနှင့် ACSY Logo နှင့် Founding Member ကျောက်တိုင်ဖွင့်ပွဲအခမ်းအနားများသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ချင်းလူမှုရေးအသင်း – ရန်ကုန် (ACSY) Logo နှင့် Founding Member ကျောက်တိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

သတင်းစဉ်

ရန်ကုန် ဇန်နဝါရီ ၁၆

ချင်းလူမှုရေးအသင်း – ရန်ကုန် (All Chin Society – Yangon) ၏ ACSY Community Hall ပန္နက်တော်တင် ဆုတောင်းဆက်ကပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် (၁၅) ရပ်ကွက် အမှတ်-၁၈၃ ရှိ ချင်းလူမှုရေးအသင်း – ရန်ကုန် (ACSY) ဝင်းအတွင်း ကျင်းပသည်။


*စာမျက်နှာ ၄ ကော်လံ ၁* ❖





KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# သံတမန်ဆက်ဆံရေး နှစ်(၇၀)နှင့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဖိတ်ကြားချက်အရ တရုတ်-မြန်မာ သံတမန်ဆက်ဆံရေးနှစ်(၇၀)ပြည့် မြောက်သည့်အခါသမယ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ရှီကျင့်ဖျင် သည် မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်တော့မည် ဖြစ်သည်။ သမ္မတရှီကျင့်ဖျင်၏ ခရီးစဉ်မတိုင်မီ တစ်ရက်အလိုတွင် နှစ်ပေါင်းထောင်ချီကြာမြင့်သော ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ဆက်လက်ပုံဖော်မည့် စာမျက်နှာသစ်များဟု အမည်ပေးထားသော သမ္မတရှီကျင့်ဖျင်ကိုယ်တိုင်ရေးသားသည့် ဆောင်းပါးကို သတင်းစာများ တွင် ဖော်ပြထားသည်ကို တွေ့ရပါသည်။

တရုတ်နှင့်မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုအပြည့်၊ စာနာ ထောက်ထားမှုအပြည့်၊ ပူးပေါင်းဆောင်ရွက်လိုစိတ်အပြည့်ဖြင့် ရေးသား ထားသော ထိုဆောင်းပါးကို ဖတ်ရသည်မှာ များစွာကျေနပ်ဖွယ်ရာ ဖြစ်ပါသည်။ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား အေဒီ ၄ ရာစုလောက်မှ စ၍ ဆက်ဆံရေးရှိခဲ့ပုံမှစတင်ကာ သမိုင်းအဆက်ဆက် တရုတ်-မြန်မာ ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် သွေးချွေးပေါင်းများစွာဖြင့် နှစ်နိုင်ငံခေါင်းဆောင်များ အားထုတ်ကြိုးပမ်းခဲ့ကြပုံ၊ သံတမန်ဆက်ဆံ ရေးထူထောင်သည့် နှစ်(၇၀)အတွင်း တရုတ်-မြန်မာနှစ်နိုင်ငံသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်ကို အဆိုပြု၍ လက်တွေ့ ကျင့်သုံးခဲ့ပုံ၊ နှစ်နိုင်ငံ နိုင်ငံရေးအပြန်အလှန်ယုံကြည်မှု အခြေခံအုတ်မြစ် ပိုမိုခိုင်မြဲလာပုံ၊ နှစ်နိုင်ငံလက်တွေ့ပူးပေါင်းဆောင်ရွက်မှု ပိုမိုများပြား လာပုံ၊ နှစ်နိုင်ငံပြည်သူများအကြား ကူးလူးဖလှယ်ရေး တစ်နေ့တခြား တိုးများလာပုံ၊ မဟာဗျူဟာချိတ်ဆက်ဆောင်ရွက်မှုကို မြှင့်တင်၍ နှစ်နိုင်ငံဆက်ဆံရေးလမ်းပြမြေပုံသစ်ကို ရေးဆွဲချမှတ်ခဲ့ပုံတို့ကို ထည့်သွင်းဖော်ပြထားသည်။ ဆက်လက်၍ စီးပွားကုန်သွယ်ရေးကို နက်ရှိုင်းစေပြီး အကျိုးတူပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စွမ်းဆောင်ရည် သစ်များ ထည့်သွင်းပေးနိုင်ပုံ၊ ညှိနှိုင်းဆောင်ရွက်မှုကို မြှင့်တင်၍ ဒေသ တွင်း အေးချမ်းတည်ငြိမ်သည့် အခြေအနေသစ်ကို ဖန်တီးပုံတို့ကို ဖော်ပြသည်။

တရုတ်နိုင်ငံသည် ယခုနှစ်တွင် အသင့်အတင့် ကြွယ်ဝချမ်းသာသည့် လူ့အဖွဲ့အစည်းကို ဘက်စုံတည်ဆောက်ပြီးစီးမည်ဖြစ်ကာ ပထမဆုံး နှစ်တစ်ရာကြိုးပမ်းချက်ကို အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ တရုတ်ပြည်လွတ်မြောက်လာသော ၁၉၄၉ ခုနှစ်မတိုင်မီ နှစ်တစ်ရာ ကာလတွင် တရုတ်နိုင်ငံသည် ကိုလိုနီနယ်ချဲ့များ၏ နယ်မြေတိုက်ခိုက် သိမ်းပိုက်မှုများ၊ အနိုင်ကျင့်စော်ကားမှုများကို ခံခဲ့ရသည်။ ထို့ကြောင့် လွတ်မြောက်လာပြီးနောက် နှစ်တစ်ရာ(၂၀၄၉ ခုနှစ်)တွင် ကမ္ဘာ့ အင်အားကြီး၊ ချမ်းသာကြွယ်ဝသော နိုင်ငံအဖြစ်ရောက်ရှိအောင် ကြိုးပမ်း နေခြင်းဖြစ်ပါသည်။ ထို့ကြောင့် လက်ရှိတွင် တစ်ကိုယ်တော်ဝါဒ၊ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒများ ခေါင်းမော့လာသည့်အတွက် နှစ်ဦးနှစ်ဖက်အနေဖြင့် ကုလသမဂ္ဂ၊ အရှေ့အာရှ ပူးပေါင်းဆောင်ရွက်ရေး၊ လန်ချန်-မဲခေါင်ပူးပေါင်းဆောင်ရွက်ရေးစသည့် ဘက်ပေါင်းစုံယန္တရား မူဘောင်များတွင် ညှိနှိုင်းဆောင်ရွက်မှုကို မြှင့်တင်ရမည်ဖြစ်ပါသည်။

လက်ရှိတွင် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံရှိအဖွဲ့အစည်းအသီးသီး၊ နယ်ပယ်အသီးသီး၊ လူမှုအလွှာအသီးသီးမှ ကိုယ်စားလှယ်အဖွဲ့များစွာကို တရုတ်နိုင်ငံသို့ လေ့လာရေးခရီးစဉ်များ၊ ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ သင်တန်းများ၊ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ၊ ကုန်စည်ပြပွဲများ၊ အထိမ်းအမှတ်အခမ်းအနားများတွင် ပါဝင်နိုင်အောင် ဖိတ်ကြား ဆောင်ရွက်လျက်ရှိသည်။ ဤသည်မှာ ပြည်သူချင်းဆက်ဆံရေး၊ စီးပွား ရေးလုပ်ငန်းချင်းဆက်ဆံရေး၊ အစိုးရချင်းဆက်ဆံရေးဟူသော ဆက်ဆံ ရေးပေါင်းစုံကို မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း တွေ့ရှိရပါ သည်။ ထို့ကြောင့်ပင် တရုတ်သမ္မတကြီး၏ဆောင်းပါး၌ 'တွေ့ဖန် များသော် ခင်၊ ခင်ဖန်များသော် ရင်း'ဟူ၍ ရေးသားဖော်ပြထားခြင်း ဖြစ်သည်။ ထိုသို့ ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန် ညှိနှိုင်းဆောင်ရွက်မှု၊ အပြန်အလှန်ထောက်ထားစာနာမှုတို့နှင့်အတူ လက်တွဲကြိုးပမ်း၍ ပိုမိုရင်းနှီးသည့် အေးအတူပူအမျှ တရုတ်- မြန်မာ အသိုက်အဝန်းတည်ဆောက်မှုကို တွန်းအားပေးကာ နှစ်ပေါင်းထောင်ချီ ကြာမြင့်သော ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးသံယောဇဉ်သစ်များ ကို ဆက်လက်ပုံဖော်သွားကြရမည်ဖြစ်ကြောင်း တင်ပြရပါသည်။

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ စတုတ္ထအစည်းအဝေးနှင့် အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၆**

အဋ္ဌမအကြိမ်နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ (၄၇)ပါးစုံညီ စတုတ္ထ အစည်းအဝေးကို ၁၃၈၁ ခုနှစ် တပေါင်းလဆန်း (၃၊ ၄၊ ၅၊ ၆) ရက်၊ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ (၂၅၊ ၂၆၊ ၂၇၊ ၂၈)ရက်၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာနေ့များတွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၈၁ ခုနှစ် တပေါင်းလဆန်း (၇၊ ၈)ရက်၊ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၉)၊ မတ်လ (၁) ရက်၊ စနေ၊ တနင်္ဂနွေနေ့ များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီး များသည် ၁၃၈၁ ခုနှစ် တပေါင်း လဆန်း (၂) ရက်၊ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ (၂၄) ရက်၊ တနင်္လာနေ့ အရောက် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာ အေးကုန်းမြေသို့ ကြွရောက်တော် မူပါရန် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်း အဝေးကို ၁၃၈၁ ခုနှစ် တပေါင်း လဆန်း( ၁၀၊ ၁၁၊ ၁၂)ရက်၊ ၂၀၂၀ ပြည့်နှစ် မတ်လ (၃၊ ၄၊ ၅)ရက်၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်ဩဝါဒ စရိယဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီး များသည် ၁၃၈၁ ခုနှစ် တပေါင်း လဆန်း (၉) ရက်၊ ၂၀၂၀ ပြည့်နှစ် မတ်လ (၂) ရက်၊ တနင်္လာနေ့အရောက် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်း မြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်း မြေသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်စာများဖြင့် ပင့်လျှောက် ထားပြီး ဖြစ်သည်။

ပင့်လျှောက်စာများ အချိန်မီ မရောက်ရှိပါကလည်း အဆိုပါနေ့ရက် များအတိုင်း ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေသို့ ကြွရောက် တော်မူကြပါရန် ပင့်လျှောက်ပါ ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ဩစတြီးယားနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီးနှင့် HCOC ဥက္ကဋ္ဌ Ms. Kjersti Andersen နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း သည် The Hague Code of Conduct against Ballistic Missile Proliferation (HCOC)၏ ဥက္ကဋ္ဌ ဩစတြီးယားနိုင်ငံဆိုင်ရာ နော်ဝေ သံအမတ်ကြီး Ms. Kjersti Andersen နှင့်အဖွဲ့ (ယာပုံ) အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် ကာကွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် တာဝေးပစ်ဒုံးကျည် များ မပြန့်ပွားရေးဆိုင်ရာ သည်ဟိဂ် ကျင့်ထုံးဥပဒေသို့ မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးကိစ္စနှင့် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ပြီးပါက လိုက်နာရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ သတင်းစဉ်

# မြန်မာ-တရုတ်ယဉ်ကျေးမှုအသင်း စီစဉ်တင်ဆက်မည့် မြန်မာ့အလှပုံရိပ် ပန်းချီကား ၁၀၀ ကျော် ပြသမည်

**ရန်ကုန် ဇန်နဝါရီ ၁၆**

မြန်မာ-တရုတ်ယဉ်ကျေးမှုအသင်းက စီစဉ်တင်ဆက်မည့် "နှင်းစက်နဲ့လမ်း"၊ "မြန်မာ့အလှပုံရိပ်" ပန်းချီပြပွဲကြီး တွင် ပန်းချီကားပေါင်း ၁၀၀ ကျော်ကို ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသား ပြတိုက်၌ ဇန်နဝါရီ ၂၀ ရက်မှ ၂၂ ရက် အထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပန်းချီပြပွဲနှင့် ပတ်သက် ၍ စာနယ်ဇင်းရှင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် တာမွေမြို့နယ် လေးထောင့် ကန်လမ်းအမှတ် ၁၆၆ Royal Holiday Hotel & Resorts ၌ ကျင်းပ သည်။

"ကျွန်တော်တို့အသင်း စတင် ဖွဲ့စည်းစဉ်ကစပြီး မြန်မာ့ယဉ်ကျေး မှုတွေ နိုင်ငံတကာသို့ ပျံ့နှံ့အောင်ဆိုတဲ့ ရည်ရွယ်ချက်ကို လုပ်ဆောင်တဲ့ အတွက်ကြောင့် အဲ့ဒီထဲမှာ ပန်းချီပြပွဲ ပြသဖို့ဆိုတာ လုပ်ငန်းငယ်တစ်ခု အနေနဲ့ပါပါတယ်။ အဓိက ပန်းချီပြပွဲ ပြသရတဲ့ ရည်ရွယ်ချက်ကလည်း မြန်မာ့ယဉ်ကျေးမှုနယ်ပယ်မှာ ပါဝင် တဲ့ ယဉ်ကျေးမှုဆိုင်ရာ ပန်းချီကား တွေ နိုင်ငံတကာကို ပျံ့နှံ့စေချင်တာ ဖြစ်ပါတယ်"ဟု မြန်မာ-တရုတ် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးလှိုင်ဝင်း (တက္ကသိုလ်-မောင်သုလှိုင်)က ပြော သည်။

အဆိုပါ ပန်းချီပြပွဲကြီးတွင် နိုင်ငံတကာပန်းချီပြပွဲများ၌ ပါဝင် ပြသခဲ့ကြသည့် ပန်းချီဆရာ ၁၈ ဦး ၏ မြန်မာ့ယဉ်ကျေးမှုကို ဖော်ဆောင် သော ပန်းချီကားများ ပြသသွား မည်ဖြစ်ပြီး ပန်းချီကားများ၏ တန်ဖိုး မှာ အမေရိကန်ဒေါ်လာငါးရာမှ တစ်သောင်းအထိရှိရာ ဝယ်ယူလိုသူ များအား ရောင်းချပေးမည့် အစီအစဉ် များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီပွဲက မြန်မာ-တရုတ် နှစ်နိုင်ငံ ယဉ်ကျေးမှုကို အဓိကထား လုပ်တာ ဖြစ်တဲ့အတွက် နှစ်နိုင်ငံကလာရောက် ကြမယ့် ပြည်သူတွေ မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုနဲ့ရိုးရာယဉ်ကျေးမှုတွေကို နှစ်နိုင်ငံပြည်သူတွေ ပိုပြီးနားလည် သိရှိမယ်။ နားလည်သိရှိလာတဲ့အခါ လေးစားမယ်၊ တန်ဖိုးထားမယ်။ အဲဒီ အချက်တွေကို ရည်ရွယ်ပြီး နှစ်နိုင်ငံ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ကို အကောင်အထည်ဖော် နေတာဖြစ်ပါတယ်"ဟု ပန်းချီပြပွဲ ဥက္ကဋ္ဌ ဦးနီပိုဦးက ပြောသည်။

မြန်မာ-တရုတ် ယဉ်ကျေးမှု အသင်းသည် နှစ်နိုင်ငံယဉ်ကျေးမှု အပြန်အလှန်ဖလှယ်နိုင်ရေး၊ ယဉ်ကျေး မှုကို အခြေပြုပြီး ချစ်ကြည်ရင်းနှီး မှုများ ပိုမိုခိုင်မြဲစေရေးနှင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုများ နိုင်ငံတကာသို့ ပျံ့နှံ့ရောက်ရှိကာ ကမ္ဘာက ပိုမိုသိရှိ စေရန်ရည်ရွယ်၍ ၂၀၁၈ ခုနှစ် ဒီဇင် ဘာ ၅ ရက်က တရားဝင်ဖွဲ့စည်းခဲ့သော အသင်းကြီး ဖြစ်ကြောင်း သိရသည်။




မြန်မာ-တရုတ်ယဉ်ကျေးမှုအသင်းက ပန်းချီပြပွဲနှင့် ပတ်သက်၍ စာနယ်ဇင်းရှင်းပွဲ ကျင်းပစဉ်။

သတင်းနှင့်ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

❈ ရှေ့ဖုံးမှ

ထို့နောက် မစ္စတာရီကျင့်ဖျင်သည် ၁၉၈၅ မှ ၁၉၈၈ ခုနှစ်အထိ ဖူကျန့်ပြည်နယ်၊ ရှမန်မြို့၏ ဒုတိယမြို့တော်ဝန်နှင့် ရှမန်မြူနီစီပါယ် တရုတ်ကွန်မြူနစ်ပါတီကော်မတီ၏ အမြဲတမ်းကော်မတီဝင်၊ ၁၉၈၈ မှ ၁၉၉၀ ပြည့်နှစ်အထိ ဖူကျန့်ပြည်နယ်၊ နင်တာစီရင်စု၏ တရုတ်ကွန်မြူနစ်ပါတီကော်မတီ၏ အတွင်းရေးမှူးတာဝန်များ ထမ်းဆောင်ခဲ့သည်။ ၁၉၉၀ မှ ၁၉၉၃ ခုနှစ်အထိ ဖူကျန့်ပြည်နယ်၊ ဖူကျိုးမြူနီစီပါယ်ပြည်သူ့ကွန်ဂရက်၊ အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် ဖူကျန့်ပြည်နယ်၊ တရုတ်ကွန်မြူနစ်ပါတီ ဖူကျိုးမြူနီစီပါယ် ကော်မတီ၏ အတွင်းရေးမှူး၊ ဖူကျိုးစစ်ဒေသခွဲ၊ ပါတီကော်မတီ၏ ပထမအတွင်းရေးမှူးတာဝန်များ ပူးတွဲထမ်းဆောင်ခဲ့သည်။ ၁၉၉၃ မှ ၁၉၉၅ ခုနှစ်အထိ ဖူကျန့်ပြည်နယ် တရုတ်ကွန်မြူနစ်ပါတီကော်မတီ၊ အမြဲတမ်းကော်မတီဝင်၊ ဖူကျိုးမြူနီစီပါယ်တရုတ်ကွန်မြူနစ်ပါတီ၊ ကော်မတီအတွင်းရေးမှူး၊ ဖူကျိုးမြူနီစီပါယ် ပြည်သူ့ကွန်ဂရက်၊ အမြဲတမ်းကော်မတီဥက္ကဋ္ဌ၊ ဖူကျိုးစစ်ဒေသခွဲ၊ ပါတီကော်မတီ၊ ပထမအတွင်းရေးမှူး တာဝန်အဆင့်ဆင့်ကို ထမ်းဆောင်ခဲ့သည်။ ၁၉၉၅ မှ ၁၉၉၆ ခုနှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ ဖူကျန်းပြည်နယ် ကော်မတီ၏ ဒုတိယအတွင်းရေးမှူး၊ တရုတ်ကွန်မြူနစ်ပါတီ ဖူကျိုးမြူနီစီပါယ်ကော်မတီ၏ အတွင်းရေးမှူး၊ ဖူကျိုးမြူနီစီပါယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ၊ ဖူကျိုးပြည်နယ် စစ်ဒေသခွဲ၊ ပါတီကော်မတီ၏ ပထမအတွင်းရေးမှူးတာဝန်များ ထမ်းဆောင်ခဲ့သည်။ ၁၉၉၆ မှ ၁၉၉၉ ခုနှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ၊ ဖူကျန့်ပြည်နယ်ကော်မတီ၏ ဒုတိယ အတွင်းရေးမှူးနှင့် ဖူကျန့်ပြည်နယ်၊ လေကြောင်းရန်ကာကွယ်ရေး အမြောက်တပ်ဖွဲ့ အရန်တပ်မ၏ နိုင်ငံရေးမှူး (ပထမတန်း)၊ ၁၉၉၉ မှ ၂၀၀၀ ပြည့်နှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ ဖူကျန့်ပြည်နယ်ကော်မတီ ဒုတိယ အတွင်းရေးမှူး၊ ဖူကျန့်ပြည်နယ် ယာယီအုပ်ချုပ်ရေးမှူး၊ နန်ကျင်းစစ်ဒေသဌာနချုပ်၊ အမျိုးသားကာကွယ်ရေးကော်မတီ ဒုတိယညွှန်ကြားရေးမှူး၊ ဖူကျန့်ပြည်နယ် အမျိုးသားကာကွယ်ရေးကော်မတီ ညွှန်ကြားရေးမှူး၊ ဖူကျန့်ပြည်နယ်၊ လေကြောင်းရန်ကာကွယ်ရေး အမြောက်တပ်ဖွဲ့အရန်တပ်မ၏ နိုင်ငံရေးမှူး(ပထမတန်း)တာဝန်များ ထမ်းဆောင်ခဲ့သည်။ ၂၀၀၀ မှ ၂၀၀၂ ခုနှစ်အထိ ဖူကျန့်ပြည်နယ် ပြည်နယ်အုပ်ချုပ်ရေးမှူး၊ နန်ကျင်းစစ်ဒေသဌာနချုပ်၊ အမျိုးသားကာကွယ်ရေးကော်မတီ ဒုတိယညွှန်ကြားရေးမှူး၊ ဖူကျန့်ပြည်နယ် အမျိုးသားကာကွယ်ရေးကော်မတီ ညွှန်ကြားရေးမှူး၊ ဖူကျန့်ပြည်နယ်၊ လေကြောင်းရန်ကာကွယ်ရေးအမြောက်တပ်ဖွဲ့ အရန်တပ်မ၏ နိုင်ငံရေးမှူး(ပထမတန်း)တာဝန်များ ထမ်းဆောင်ခဲ့သည်။

**တာဝန်များထမ်းဆောင်ခဲ့**

၂၀၀၂ ခုနှစ်တွင် တရုတ်ကွန်မြူနစ်ပါတီ ကျဲကျန်းပြည်နယ်ကော်မတီ ဒုတိယအတွင်းရေးမှူး၊ ကျဲကျန်းပြည်နယ် ယာယီအုပ်ချုပ်ရေးမှူး၊ ၂၀၀၂ နှင့် ၂၀၀၃ ခုနှစ်တွင် တရုတ်ကွန်မြူနစ်ပါတီ ကျဲကျန်းပြည်နယ် ကော်မတီအတွင်းရေးမှူး၊ ကျဲကျန်းပြည်နယ် ယာယီအုပ်ချုပ်ရေးမှူး၊ ကျဲကျန်းပြည်နယ် အမျိုးသားကာကွယ်ရေးကော်မတီ ညွှန်ကြားရေးမှူး၊ ၂၀၀၃ မှ ၂၀၀၇ ခုနှစ်အထိ ကျဲကျန်းပြည်နယ်ကော်မတီ တရုတ်ကွန်မြူနစ်ပါတီအတွင်းရေးမှူးနှင့် ကျဲကျန်းပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌတာဝန်များထမ်းဆောင်ခဲ့သည်။

မစ္စတာရှီကျင့်ဖျင်သည် ၂၀၀၇ ခုနှစ်တွင် ရှန်ဟိုင်းစစ်ဒေသကြီး ပါတီကော်မတီ၏ ပထမအတွင်းရေးမှူး၊ တရုတ်ကွန်မြူနစ်ပါတီ ရှန်ဟိုင်းမြူနီစီပါယ်ကော်မတီအတွင်းရေးမှူး၊ ၂၀၀၇ နှင့် ၂၀၀၈ ခုနှစ်တွင် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအတွင်းရေးမှူးရုံး၏ အဖွဲ့ဝင်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုနိုင်ငံရေးသိပ္ပံဥက္ကဋ္ဌ၊ ၂၀၀၈ မှ ၂၀၁၀ ပြည့်နှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူးရုံးအဖွဲ့ဝင်၊ တရုတ်ကွန်မြူနစ်ပါတီဗဟိုနိုင်ငံရေးသိပ္ပံဥက္ကဋ္ဌနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒုတိယသမ္မတစသဖြင့် ဆောင်ရွက်ခဲ့သည်။ ၂၀၁၀ မှ ၂၀၁၂ ခုနှစ်အထိ တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အတွင်းရေးမှူးရုံးအဖွဲ့ဝင်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုနိုင်ငံရေးသိပ္ပံဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒုတိယသမ္မတနှင့် တရုတ်ကွန်မြူနစ်ပါတီနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ၂၀၁၂ နှင့် ၂၀၁၃ ခုနှစ်တွင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုစစ်ကော်မရှင် ဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒုတိယသမ္မတနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ တာဝန် ထမ်းဆောင်ခဲ့သည်။

၂၀၁၃ ခုနှစ်မှစ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ၊ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အထွေထွေအတွင်းရေးမှူး၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုစစ်ကော်မရှင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗဟိုစစ်ကော်မရှင်တို့၏ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

(၁၅)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအလှည့်ကျအဖွဲ့ဝင်၊ (၁၆)ကြိမ်မှ (၁၈)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီတို့၏အဖွဲ့ဝင်၊ (၁၇)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် အမြဲတမ်းကော်မတီအဖွဲ့ဝင်၊ (၁၈)ကြိမ်နှင့် (၁၉)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်၊ အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် အထွေထွေအတွင်းရေးမှူး တာဝန်များ ထမ်းဆောင်ခဲ့သည်။ (၁၁)ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက်၏ ပထမအကြိမ်အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီး၊ (၁၇)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ (၅)ကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေးတွင် ဗဟိုစစ်ကော်မရှင်၏ ဒုတိယဥက္ကဋ္ဌတာဝန်ကို ပေးအပ်ခြင်းခံရပြီး၊ (၁၁)ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ၏ (၁၇)ကြိမ်မြောက် အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗဟိုစစ်ကော်မရှင်၏ ဒုတိယဥက္ကဋ္ဌ၊ (၁၈)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပထမအကြိမ် မျက်နှာစုံညီအစည်းအဝေးတွင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုစစ်ကော်မရှင်၏ ဥက္ကဋ္ဌစသည်ဖြင့် တာဝန်ပေးအပ်ခြင်းခံရသည်။

**ဆက်လက်ရွေးချယ်တင်မြှောက်ခြင်းခံရ**

မစ္စတာရှီကျင့်ဖျင်သည် (၁၂)ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက် ပထမအကြိမ်အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတနှင့် ဗဟိုစစ်ကော်မရှင် ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီး (၁၉)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ ပထမအကြိမ် မျက်နှာစုံညီအစည်းအဝေးတွင် တရုတ်ကွန်မြူနစ်ပါတီဗဟိုစစ်ကော်မရှင်၏ ဥက္ကဋ္ဌ၊ (၁၃)ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက် ပထမအကြိမ်အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတနှင့် ဗဟိုစစ်ကော်မရှင် ဥက္ကဋ္ဌအဖြစ် ဆက်လက်ရွေးချယ်တင်မြှောက်ခြင်းခံရသည်။

❑ ကျောဖုံးမှ

ဆိုင်ရာလုပ်ငန်းများကို ဦးစားပေးအလိုက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ယခုကျင်းပပြုလုပ်မည့် လွှတ်တော်အစည်းအဝေးများကိုလည်း ယခင်ကျင်းပပြီးစီးခဲ့သည့် လွှတ်တော်အစည်းအဝေးများကဲ့သို့ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပူးပေါင်းညှိနှိုင်းပြီး ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းဆွေးနွေးညှိနှိုင်း**

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ယခင်ကျင်းပပြီးစီးခဲ့သည့် လွှတ်တော်အစည်းအဝေးများတွင် တွေ့ကြုံခဲ့ရသည့် လုပ်ငန်းလိုအပ်ချက်များအပေါ်မူတည်၍ လုပ်ငန်းကော်မတီ အသီးသီးက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းပြီး ဆောင်ရွက်ကြစေလိုကြောင်း၊ (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို အခက်အခဲမရှိ အောင်မြင်စွာ ကျင်းပနိုင်ခြင်းမှာလည်း လုပ်ငန်းကော်မတီအားလုံး ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည့်အတွက် ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက လုပ်ငန်းကော်မတီများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူးများနှင့် လွှတ်တော်ရုံး အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၀)တွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ နိုင်ငံတကာရာဇဝတ်မှုဥပဒေနှင့်စပ်လျဉ်းသည့် သင်တန်းသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇန်နဝါရီ ၁၆**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၌ ကျင်းပသည့် နိုင်ငံတကာ ရာဇဝတ်မှုဥပဒေနှင့်စပ်လျဉ်းသည့် သင်တန်းသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းသည် နိုင်ငံတကာရာဇဝတ်မှု တရားစီရင်ရေးဆိုင်ရာ အထူးအဖွဲ့၏ အဖွဲ့ဝင်များနှင့် နိုင်ငံတကာရာဇဝတ်မှု တရားစီရင်ရေးကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်နေသည့် အရာထမ်းများကို နိုင်ငံတကာရာဇဝတ်မှုတရားစီရင်ရေးနှင့် နိုင်ငံတကာ ရာဇဝတ်မှုဥပဒေတို့အပေါ် ပိုမိုသိရှိနားလည်၍ အပြည်ပြည်ဆိုင်ရာ တရားရုံးဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေပိုင်း၊ သုတေသနပိုင်းဆိုင်ရာတို့၌ ပိုမိုကျွမ်းကျင်စွာ ပံ့ပိုးကူညီနိုင်စေရန် ရည်ရွယ်ပါကြောင်း၊ နိုင်ငံတကာ ရာဇဝတ်မှုများကို နိုင်ငံတကာစံနှုန်းနှင့်အညီ ဖော်ထုတ်ဖြေရှင်းနိုင်ရေးနှင့် ပြည်တွင်းတရားစီရင်ရေးအတွက် လူ့စွမ်းအားနှင့် ကျွမ်းကျင်မှုရှိကြရန် လိုအပ်ပါကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ရာဇဝတ်မှုကျူးလွန်သူများကို ပြည်တွင်းရာဇဝတ်မှုတရားစီရင်ရေးမှတစ်ဆင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန် ဆောင်ရွက်ပါကြောင်း၊ မျှတသော တရားစီရင်ရေးစနစ်နှင့် တရားဥပဒေစိုးမိုးရေး အခြေခံအုတ်မြစ်ရှိသော တရားရေးမဏ္ဍိုင် ထွန်းကားရေးသည် အရေးကြီးပါကြောင်း၊ ပြည်တွင်းဥပဒေပညာရှင်များ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးပါကြောင်း၊ နိုင်ငံတကာ ရာဇဝတ်မှု တရားစီရင်ရေးနှင့် နိုင်ငံတကာရာဇဝတ်မှု ဥပဒေဆိုင်ရာ ကိစ္စရပ်များကို ပိုမိုနားလည်ရန်နှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုပိုမိုရရှိရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ သံအမတ်ကြီး (ငြိမ်း) ဦးမောင်ဝေတို့ တက်ရောက်ခဲ့ကြသည်။ သင်တန်းသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် စစ်ဥပဒေချုပ်ရုံးတို့မှ စုစုပေါင်းသင်တန်းသား ၃၆ ဦး တက်ရောက်ကြပြီး သင်တန်းမှာ ဇန်နဝါရီ ၁၆ ရက်မှ ၁၇ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် တာဝန်ရှိသူများ နိုင်ငံတကာ ရာဇဝတ်မှုဥပဒေနှင့်စပ်လျဉ်းသည့် သင်တန်းဖွင့်ပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်






ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ချင်းလူမှုရေးအသင်း – ရန်ကုန် (All Chin Society – Yangon) ၏ ACSY Community Hall ပန္နက်တော်တင် ဆုတောင်းဆက်ကပ်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာ ရှွေလွှမ်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ဒုတိယမြို့တော်ဝန်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ချင်းလူမှုရေးအသင်း – ရန်ကုန် (ACSY) မှ ဥက္ကဋ္ဌနှင့် ချင်းလူမှုရေးအဖွဲ့စည်းများမှ တာဝန်ရှိသူများ၊ ရန်ကုန်ရှိ ချင်းတိုင်းရင်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ သိက္ခာတော်ရဆရာ ဒေါက်တာရာလ်ဘွေးက ဆုတောင်းခြင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

**ပူးပေါင်းလက်တွဲ**

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အဖွင့်အမှာစကားပြောကြားရာတွင် ချင်းလူမှုရေးအသင်း – ရန်ကုန် သည် ချင်းတိုင်းရင်းသားများ ပူးပေါင်းလက်တွဲလျက် ရှေ့အနာဂတ်၏ ခရီးလမ်းတွင် အတူတကွ လျှောက်လှမ်းနိုင်ရမည်ဆိုသည့် အတွေးဖြင့် စတင်ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် မေလ ၁၀ ရက်နေ့ Novotel Hotel တွင် ချင်းတိုင်းရင်းသားခေါင်းဆောင်များ ပထမဆုံးအကြိမ် အစည်းအဝေးကျင်းပပြီး မေ ၂၉ ရက်တွင် မိမိနှင့် ချင်းပြည်နယ်ဝန်ကြီးချုပ်တို့ကို ဂုဏ်ပြုပွဲအခမ်းအနားကျင်းပပြုလုပ်ခဲ့ကြောင်း။

**တူညီဝတ်စုံတစ်ခု ဖန်တီး**

အဆိုပါအခမ်းအနား ကျင်းပပြီးနောက်ပိုင်း မိမိအနေဖြင့် ချင်းတိုင်းရင်းသားခေါင်းဆောင်များအား ယခုထက်ပိုပြီး စည်းလုံးနိုင်ရန်၊ ညီညွတ်စွာဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ပြီး မျိုးနွယ်စုအလိုက်ဝတ်စုံများကို ပေါင်းစပ်ပြီး ချင်းလူမျိုးများ၏ တူညီဝတ်စုံ (ဘုံဝတ်စုံ) တစ်ခု ဖန်တီးနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် မှာကြားခဲ့ပါကြောင်း။

ယခုအခါ ချင်းလူမျိုးများ၏ ဘုံဝတ်စုံတစ်ခုကို အကောင်အထည်ဖော်နိုင်ခဲ့ကြပြီဖြစ်၍ ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ ယင်းအတွက် ပါဝင်ဆောင်ရွက်သူများအားလုံးကို အထူးကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း၊ ယင်းဘုံဝတ်စုံကို ဖန်တီးနိုင်ခြင်းအားဖြင့် ချင်းတိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုမှတစ်ဆင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးအားလုံး စည်းလုံးညီညွတ်မှုကို အထောက်အကူပြုနိုင်စေရန် ဆန္ဒပြုအပ်ပါကြောင်း။

**ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်**

ချင်းလူမျိုးများ တူညီဝတ်စုံဖြစ်မြောက်ရေးကော်မတီက ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးကနေ ရန်ကုန်တိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်ကြသော ချင်းတိုင်းရင်းသားများ၏ သာရေး၊ နာရေး၊ လူမှုရေးကိစ္စများကို ပူးပေါင်းဆောင်ရွက်ရန် ချင်းလူမှုရေးအသင်း – ရန်ကုန်ကို ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၉ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၏ မှတ်ပုံတင်လက်မှတ် အမှတ် ၁/ ပြည်တွင်း / ၀၅၃၇ ဖြင့် စတင်ဖွဲ့စည်းခွင့်ရခဲ့ပါကြောင်း။

ချင်းလူမှုရေးအသင်း – ရန်ကုန်ကို ပြည်ထောင်စုဖွား ချင်းတိုင်းရင်းသားအားလုံး အချင်းချင်း ချစ်ခင်ရင်းနှီးလျက် စည်းလုံးညီညွတ်မှု ရှိလာစေရန်၊ ချင်းလူမျိုးတို့၏ စာပေ၊ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများအား ထိန်းသိမ်းကာကွယ်မြှင့်တင်ရန်နှင့် အမျိုးသားရေးစိတ်ဓာတ်များ မြင့်မားလာစေရန်၊ ချင်းလူမျိုးတို့၏ သာရေး၊ နာရေး ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ ကူညီဖေးမခြင်းဖြင့် အချင်းချင်း ရိုင်းပင်းတတ်လာစေရန်၊ ချင်းလူငယ်များ ပညာဗဟုသုတ ကြွယ်ဝလာစေရန်၊ ဘက်စုံထူးချွန်သော လူငယ်များမွေးထုတ်ရေးအတွက် ဘက်ပေါင်းစုံမှ ကူညီဆောင်ရွက်ပေးနိုင်ရန် ဆိုသည့် ရည်ရွယ်ချက် (၄) ခုဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း။

**အကူအညီလိုအပ်နေ**

ယခုကဲ့သို့ ကောင်းမြတ်သည့် ရည်ရွယ်ချက်များနှင့် အသင်းကြီး ဖွဲ့စည်းနိုင်ခြင်းအားဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သည့် စားဝတ်နေရေးခက်ခဲသည့် ချင်းလူမျိုးများ ဆေးဝါးကုသရန် အကူအညီလိုအပ်နေသည့် သူများအတွက် အကျိုးခံစားခွင့်ရှိခြင်း၊ ချင်းပြည်နယ်နှင့် ချင်းပြည်နယ်ပြင်ပရှိ ချင်းလူမျိုးများ၏ ကျန်းမာရေးအတွက် လိုအပ်ချက်၊ သာရေး/နာရေးကိစ္စအဝဝတွင် အကူအညီရယူနိုင်ခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး တည်းခိုရန် အခက်အခဲရှိသောသူများအတွက် တည်းခိုနိုင်ခြင်းနှင့် အခက်အခဲပြဿနာတွေ့ကြုံရင်ဆိုင်နေရသူများအတွက် ခိုလှုံအားကိုးရာဖြစ်ခြင်း၊ ချင်းလူမျိုးတို့၏ နေ့ထူးနေ့မြတ်အခမ်းအနားများနှင့် အခြားလူမှုရေးကိစ္စများ ဆောင်ရွက်ရန်အတွက် အဆောက်အအုံခန်းမကို အသုံးပြုနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ခံစားနိုင်မည်ဖြစ်ပါကြောင်း။

**ချစ်ကြည်စည်းလုံးမှု**

ချင်းမျိုးနွယ်စု ၅၃ မျိုးလုံး စုပေါင်းတည်ထောင်ထားသည့် ချင်းလူမှုရေးအသင်းကြီးအနေဖြင့် အသင်းဖွဲ့စည်းသည့် ရည်ရွယ်ချက်ပါအတိုင်း ချင်းတိုင်းရင်းသားလူမျိုးများအကြား ရိုင်းပင်းကူညီဖေးမခြင်းဖြင့် အချင်းချင်း ချစ်ခင်ရင်းနှီးမှုရရုံသာမက အခြားသော ပြည်ထောင်စုဖွားတိုင်းရင်းသားများနှင့် ချစ်ကြည်စည်းလုံးမှု ပိုမိုလာစေအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အသင်းကြီးအနေဖြင့် ယင်းကဲ့သို့ စည်းလုံးညီညွတ်မှုအင်အားကို တည်ဆောက်ပြီး နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေးကြိုးပမ်းမှုများတွင် အခြားသော ညီနောင်တိုင်းရင်းသားများနှင့်အတူ လက်တွဲကာ တစ်ထောင့်တစ်နေရာကပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အလေးအနက်ထားတိုက်တွန်းလိုပါကြောင်း။

**ဝိုင်းဝန်းကြိုးပမ်း**

ယခုကဲ့သို့ ချင်းလူမှုရေးအသင်း – ရန်ကုန်ကို ဖွဲ့စည်းမှတ်ပုံတင်ခွင့်ပေးသော ပြည်ထဲရေးဝန်ကြီးဌာန (ယခုပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)၊ အသင်း မြေနေရာရရှိရေးနှင့် ခန်းမတည်ဆောက်နိုင်ရေးတို့အတွက် အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းကူညီ ဆောင်ရွက်ပေးခဲ့ကြသည့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့၊ ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့၊ အလှူငွေထည့်ဝင်လှူဒါန်းခဲ့သော အလှူရှင်များ၊ ဘက်ပေါင်းစုံမှ ပါဝင်ပံ့ပိုး ကူညီပေးသူများနှင့် ချင်းလူမှုရေးအသင်း – ရန်ကုန်မှ တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း။ 

*စာမျက်နှာ ၅ သို့*




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာ ရှွေလွှမ်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။
သတင်းစဉ်

စာမျက်နှာ ၄ မှ

ချင်းလူမှုရေးအသင်း – ရန်ကုန်ခန်းမကြီးကို အောင်မြင်ပြီးဆုံးအောင် ဆောက်လုပ်နိုင်ပါစေကြောင်း၊ ချင်းလူမှုရေးအသင်း – ရန်ကုန် အရှည်တည်တံ့ခိုင်မြဲပါစေကြောင်း၊ တိုင်းပြည်နှင့် လူမျိုးအကျိုးကို သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါကြောင်း ပြောကြားသည်။

**အမှာစကားပြောကြား**

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ချင်းလူမှုရေးအသင်း– ရန်ကုန် ဥက္ကဋ္ဌ ဦးလျန်ကြုံးနုံးက ဂုဏ်ပြုကြိုဆိုစကားပြောကြားပြီး ဘဏ္ဍာရေးမှူး ပီတာငွန်ဇကျုံးက ချင်းလူမှုရေးအသင်း – ရန်ကုန် ဖြစ်ပေါ်လာပုံ၊ ဆောက်လုပ်မည့် အဆောက်အအုံကိစ္စရပ်များနှင့် ACSY Logo နှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

**ပန္နက်တင်**

ထို့နောက် ပန္နက်တော်တင် ဆုတောင်းဆက်ကပ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးတင်မြင့်၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ဒုတိယမြို့တော်ဝန်၊ ACSY အသင်းဥက္ကဋ္ဌနှင့် ဘဏ္ဍာရေးမှူးတို့က အဆောက်အအုံဆောက်လုပ်မည့် မြေနေရာတွင် ပန္နက်တင်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး Bishop ဒေါက်တာ အန်ဒရူး မန်လုံးက ဆုတောင်းခြင်း ပြုလုပ်သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး အမှာစကားပြောကြားစဉ်။ သတင်းစဉ်



ချင်းလူမှုရေးအသင်း – ရန်ကုန် ဥက္ကဋ္ဌ ဦးလျန်ကြုံးနုံး ဂုဏ်ပြုကြိုဆိုစကား ပြောကြားစဉ်။ သတင်းစဉ်



ဘဏ္ဍာရေးမှူး ပီတာငွန်ဇကျုံး ချင်းလူမှုရေးအသင်း–ရန်ကုန် ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားစဉ်။ သတင်းစဉ်

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ဆက်လက်၍ ချင်းလူမှုရေးအသင်း – ရန်ကုန်(ACSY) Logo နှင့် Founding Member ကျောက်တိုင်ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ သိက္ခာတော်ရ ဒေါက်တာ ဗွန်ခန့်ပေါင်က ဆုတောင်းခြင်းပြုလုပ်ပြီး ဒုတိယသမ္မတက ACSY Logo နှင့် Founding Member ကျောက်တိုင်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည် ပက်ဖျန်းပေးပြီး အခမ်းအနားသို့ တက်ရောက်လာသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

**အာစီခြောက်ထပ်တိုက် ဆောက်လုပ်**

ချင်းလူမှုရေးအသင်း – ရန်ကုန်(ACSY) မြေနေရာတွင် မြို့နယ်လူမှုရေး၊ မျိုးနွယ်စုလူမှုရေးအသင်း အသီးသီး၏ ရုံးခန်းအတွက် ပေ (၂၀ x ၄၀)၊ အာစီနှစ်ထပ်တိုက်၊ ACSY ရုံးခန်း၊ ပြတိုက်၊ အစည်းအဝေးခန်းမ၊ လူနာများတည်းခိုရန်နှင့် အခြားအခန်းများ လိုအပ်သလိုအသုံးပြုနိုင်ရန် ပေ (၅၀ x ၇၀)၊ အာစီသုံးထပ်တိုက်၊ ချင်းလူမျိုးတို့၏ နေ့ထူးနေ့မြတ်နှင့် ချင်းအမျိုးသားနေ့တို့တွင် အသုံးပြုနိုင်ရန် လူဦးရေ ၁၅၀၀၀ ဆံ့ ပေ (၂၀၀ x ၂၀၀) ပတ်လည် ခန်းမကြီးနှင့် မြေညီထပ်၌ ကားပါကင်ထားရှိရန် အဆောက်အအုံနှင့် ပြည်နယ်အသီးသီးမှ ကျန်းမာရေးကိစ္စ၊ ပညာရေးကိစ္စတို့အတွက် ရောက်ရှိလာကြမည့် ချင်းတိုင်းရင်းသားများ တည်းခိုရန်အတွက် ပေ (၁၀၀ x ၅၀)၊ အာစီခြောက်ထပ်တိုက် ဆောက်လုပ်ရန် လျာထားကြောင်း သိရသည်။

**စုပေါင်းဖွဲ့စည်းထား**

ချင်းလူမှုရေးအသင်း– ရန်ကုန်(All Chin Society – Yangon) သည် ရန်ကုန်မြို့၌ နေထိုင်ကြသော တောင်ပေါ်မြေပြန့် ချင်းလူမျိုးများနှင့် ချင်းလူမျိုး လူမှုအဖွဲ့အစည်းအသင်း အသီးသီးတို့ဖြင့် စုပေါင်းဖွဲ့စည်းထားသော အသင်းကြီးဖြစ်သည်။ **သတင်းစဉ်**

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (၁၃)ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၆

**စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်းက ကြီးမှူးကျင်းပသည့် “ကျန်းမာရေးနှင့် သင့်လျော်ပြီး ဘေးအန္တရာယ်ကင်းရှင်း လုံခြုံစိတ်ချရသည့် စိုက်ပျိုးသီးနှံများဆိုင်ရာ စာတမ်းများ” ခေါင်းစဉ်ဖြင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ (၁၃)ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်း၊ စိုက်ပျိုးရေး စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း၊ စိုက်ပျိုးရေးသုတေသနဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နိုင်ကြည်ဝင်းနှင့် သုတေသီများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ နန်းဆိုင်ဟွမ်နှင့် ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

စာတမ်းဖတ်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အဆင့်မြင့် စိုက်ပျိုးရေးပညာရှင်များ မွေးထုတ်ပေးခြင်း၊ အရည်အသွေးပြည့်ဝသည့် မျိုးဆက်သစ်စိုက်ပျိုးရေးပညာရှင်များ ပေါ်ထွက်လာရေးအတွက် ပြုစုပျိုးထောင်စီစဉ်ဆောင်ရွက်ပေးခြင်းအပါအဝင် စိုက်ပျိုးရေးဘွဲ့ရပညာရှင်များ၏ အသိပညာ ဗဟုသုတများ ဖြန့်ဝေပေးနိုင်မှုစွမ်းအားသည် နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားလာရေးအတွက် အဓိကဖြစ်ကြောင်း၊ စိုက်ပျိုးရေးကို အခြေခံပြီး စက်မှုလယ်ယာစနစ် အသွင်ကူးပြောင်းကာ နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည့် ကာလတွင် ယခုကဲ့သို့ တက္ကသိုလ်ရှိ စိုက်ပျိုးရေးပညာရှင်များနှင့် သီးနှံဆိုင်ရာ သုတေသနပညာရှင်များ၏ လယ်ယာစိုက်ပျိုးသီးနှံများအပေါ် သုတေသနရလဒ်များဆိုင်ရာစာတမ်းများ ပြုစုဖတ်ကြားတင်ပြနိုင်ခြင်းအတွက် များစွာဂုဏ်ယူပါကြောင်း။

စိုက်ပျိုးရေးသွင်းအားစုများ အလွန်အကျွံသုံးစွဲမှုနှင့် နည်းစနစ်လိုက်နာမှုအားနည်းခြင်းတို့ကြောင့် လယ်ယာလုပ်ငန်းခွင်တွင် လုပ်ဆောင်နေကြသည့် တောင်သူများ၊ လယ်ယာလုပ်သားများနှင့် ၎င်းတို့၏ မိသားစုများကို ဘေးအန္တရာယ်ဖြစ်စေရုံမျှမကဘဲ စားသုံးသူများ၏ ကျန်းမာရေးထိခိုက်မှုပြဿနာများအထိ ဆိုးကျိုးများ ကြီးမားစွာသက်ရောက်နေမှုကို ပိုမိုသိမြင်လာကြစေရန် အသိပညာပေးလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် လိုအပ်နေပါကြောင်း၊ ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသော စိုက်ပျိုးရေးထွက်ကုန်များကို ပြည်တွင်း၌ ဖူလုံစွာ စားသုံးနိုင်ရေးနှင့် နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်ယှဉ်ပြိုင်ရောင်းချနိုင်ရန်အတွက် အနိမ့်ဆုံးအဆင့် GAP စနစ်ကျင့်သုံးခြင်းမှ အမြင့်ဆုံးအဆင့် Organic Farming စနစ်အထိ မျှော်မှန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယင်းလိုအပ်ချက်များအပေါ် ယနေ့ကျင်းပသည့် သုတေသနစာတမ်းများ တင်သွင်းဖတ်ကြားခြင်းများမှ တစ်ဆင့် ဖြည့်ဆည်း ပြောင်းလဲပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် သုတေသနစာတမ်းဖတ်ပွဲကို ကျင်းပရာ ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတွင် ကျင့်သုံးနေသော လယ်ယာစိုက်ပျိုးရေးအခြေအနေများစာတမ်း၊ မွှားပင့်ကူစား သားရဲ လိပ်ခုံးကျိုင်းအပေါ် အပူချိန်အမျိုးမျိုးနှင့် သားကောင်အရေအတွက် အနည်းအများအလိုက် အကျိုးသက်ရောက်မှုကို လေ့လာခြင်းစာတမ်း၊ ထိန်းချုပ်ထားသော ပတ်ဝန်းကျင်၌ ပဲရိုးထဲတွင် ပါဝင်သည့် အာဟာရဓာတ်များ၏ ကစော်ဖောက်နိုင်ခြင်းအပေါ် အကျိုးသက်ရောက်မှုကို လေ့လာခြင်းစာတမ်း၊ ချင်းပြည်နယ် ဟားခါးမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနည်းစနစ်များကို ဆန်းစစ်လေ့လာခြင်းစာတမ်း၊ မလေးရှားနိုင်ငံတွင် စားအုန်းဆီ စိုက်ပျိုးထုတ်လုပ်မှုအတွက် လုံခြုံစိတ်ချမှုရှိသော နည်းပညာများကို လေ့လာခြင်းစာတမ်း၊ မြန်မာနိုင်ငံတွင် ငမြောင်တောင်ကျရောက်မှုကို မော်လီကျူလာနည်းအရ ခွဲခြမ်းစိတ်ဖြာခြင်းစာတမ်း၊ မြေဆီလွှာစီမံခန့်ခွဲမှုနည်းလမ်းများစာတမ်း၊ ခရမ်းချဉ်ပင်ညှိုးရောဂါကို ဖြစ်စေသော ရေစတိုးနီးယား ဆိုလာနေဆီရမ် ဘက်တီးရီးယားကျရောက်မှု လေ့လာခြင်းစာတမ်း၊ ပျော့ရွှာမြစ်ရေတင်စီမံကိန်းတွင် ရေစီမံခန့်ခွဲမှုနည်းလမ်းများ၏ စပါးအထွက်နှုန်းနှင့် ရေကို အကျိုးရှိစွာအသုံးပြုမှုအပေါ်တွင် အကျိုးသက်ရောက်မှုအား လေ့လာခြင်းစာတမ်း၊ ကြက်သွန်နီ ဂျိုလိမ်ရောဂါဖြစ်စေသော Colle-totrichum Gloeosporioides ကျရောက်မှုအခြေအနေကို လေ့လာခြင်းစာတမ်း၊ မြန်မာနိုင်ငံတွင်ရှိသော ဒန်ဒရုံဘီယမ်သစ်ခွများ၏ မျိုးရိုးဗီဇဆက်နွယ်မှုများကို လေ့လာခြင်းစာတမ်း၊ မြန်မာနိုင်ငံတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တက္ကသိုလ်များ၏ အခန်းကဏ္ဍများကို လေ့လာခြင်းစာတမ်း၊ မြန်မာနိုင်ငံ၏ စိန်ကွက်ဖလံနှင့် ၎င်း၏ ကပ်ပါးသားလောင်းများ၏ ဘဝစက်ဝန်းကိုလေ့လာခြင်းစာတမ်း၊ ငရုတ်ပင်၏ အထွက်နှုန်းနှင့် အထွက်နှုန်းမိတ်ဖက်များအပေါ်တွင် ရေသွင်းနည်းစနစ်များ၏ အကျိုးသက်ရောက်မှုကို လေ့လာခြင်းစာတမ်း၊ ချင်းပြည်နယ် ဟားခါးမြို့နယ်အတွင်းရှိပေါင်းစည်းလယ်ယာစနစ်၏ ကျေးလက်လူနေမှုနှင့် အာဟာရဖူလုံမှုအပေါ် သက်ရောက်မှုကို လေ့လာခြင်းစာတမ်း၊ ပဲပုပ်သီးနှံ၏ မျိုးစေ့ဆောင်ရောဂါများအား Incubation နည်းလမ်းအမျိုးမျိုး အသုံးပြု၍ စမ်းသပ်လေ့လာခြင်းစာတမ်း၊ ရောစပ်ထားသည့် ပိုးသတ်ဆေးများ၏ ပေါင်းစပ်မှုအာနိသင်နှင့် ရွေးချယ်ပိုးသတ်ဆေးများ၏ ဖြုတ်ညိုပိုးအပေါ် ထိရောက်သည့် အချိုးများကို လေ့လာခြင်း စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။ ထို့နောက် ဒုတိယဝန်ကြီး ဦးလှကျော်နှင့် တက်ရောက်လာကြသူများ၏ ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဆွေးနွေး ဖြေကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (၁၃) ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲကျင်းပစဉ်။ သတင်းစဉ်

# ပြည်သူတွေအနေနဲ့ သစ်လွင်ကောင်းမွန်တဲ့ ငွေစက္ကူတွေကိုင်တွယ်သုံးစွဲနိုင်ဖို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ ဆောင်ရွက်ပေးလျက်ရှိ

ရှင်မင်း၊ ဓာတ်ပုံ- ထိန်နန်နော်



ဦးဝင်းမြင့်
(မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ်)

နိုင်ငံ၏ လွတ်လပ်ရေးဖခင် အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ပုံရိုက်နှိပ်ထားသည့် ငွေစက္ကူများကို ပြည်သူများက အမြတ်တနိုးကိုင်တွယ်သုံးစွဲလိုကြသည်။ ပြည်သူ့ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တွင် ဗိုလ်ချုပ် အောင်ဆန်းရုပ်ပုံဖြင့် ငွေစက္ကူရိုက်နှိပ်ထုတ်ဝေရန် အဆိုပြုဆွေးနွေး အတည်ပြုခဲ့ကြသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ဗိုလ်ချုပ်ရုပ်ပုံပါ ငွေစက္ကူတစ်ထောင်တန် ပုံစံသစ်ကို လွတ်လပ်ရေးနေ့အမှတ်တရအဖြစ် ဂုဏ်ပြုထုတ်ဝေခဲ့သည်။ ဗိုလ်ချုပ်ရုပ်ပုံပါ တစ်ထောင်တန် ငွေစက္ကူပုံစံသစ်ကို ဘဏ်များတွင် ဇန်နဝါရီ ၇ ရက်မှစ၍ ဖြန့်ဝေပေးလျက်ရှိသည်။ ထိုသို့ ဗိုလ်ချုပ် ရုပ်ပုံပါ ငွေစက္ကူထုတ်ဝေသုံးစွဲမှုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**မေး။ ။ ဗိုလ်ချုပ်အောင်ဆန်း ရုပ်ပုံပါ ၁၀၀၀ ကျပ်တန်ငွေစက္ကူအမျိုးအစားပုံစံသစ်ကို ဘယ်လိုရည်ရွယ်ချက်နဲ့ ထုတ်ဝေတယ်ဆိုတာ အရင်ဆုံးသိပါရစေ။**

ဖြေ။ ။ ပြည်သူတွေအနေနဲ့ လက်ရှိကိုင်တွယ်သုံးစွဲနေတဲ့ ငွေစက္ကူတွေကို နိုင်ငံရဲ့ လွတ်လပ်ရေးဖခင်ကြီး၊ လေးစားချစ်ခင် တန်ဖိုးထားရတဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရုပ်ပုံနဲ့ ဂုဏ်ပြုရိုက်နှိပ်ထားတဲ့ ငွေစက္ကူတွေနဲ့ အမြတ်တနိုး ကိုင်တွယ်သုံးစွဲလိုတဲ့ စိတ်ဆန္ဒတွေ လိုလားပြင်းပြမှုရှိနေကြပါတယ်။

ပြည်သူ့လွှတ်တော်မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေက ပြည်ထောင်စုအစိုးရအနေနဲ့ ရှေ့အနာဂတ်ကာလမှာ ရိုက်နှိပ်ထုတ်ဝေဖို့ ရှိလာမယ့် ငွေစက္ကူတွေပေါ်မှာ ဗိုလ်ချုပ်အောင်ဆန်း ရုပ်ပုံတွေနဲ့ ရိုက်နှိပ်ထုတ်ဝေဖို့အတွက်လည်း အဆိုပြုဆွေးနွေး အတည်ပြုခဲ့ကြပါတယ်။

ငွေစက္ကူပုံစံသစ်တွေ ထုတ်ဝေရာမှာ ငွေစက္ကူအရည်အသွေး ပိုမိုကောင်းမွန်စေဖို့၊ အတုအပ ပြုလုပ်ခြင်းကနေ ကာကွယ်နိုင်ဖို့နဲ့ လုံခြုံရေးအဆင့်အတန်း မြှင့်တင်ဖို့ လိုအပ်တဲ့ အခြေအနေတွေအရလည်း လိုအပ်သလို ပြင်ဆင်ထုတ်ဝေရပါတယ်။

ဒါကြောင့် ပြည်သူတွေရဲ့ ဆန္ဒလိုလားချက်နဲ့ လိုအပ်ချက်တွေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၆၅ နဲ့ ၆၆ ပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ ပြည်သူတွေက တန်ဖိုးထားရတဲ့၊ လေးစားရတဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရုပ်ပုံနဲ့ လုံခြုံရေးအဆင့် မြှင့်တင်ထားတဲ့ တစ်ထောင်ကျပ်တန် ငွေစက္ကူပုံစံသစ်ကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့မှာ ဂုဏ်ပြုထုတ်ဝေရခြင်း ဖြစ်ပါတယ်။

**မေး။ ။ ငွေစက္ကူသစ်ရဲ့ ပုံသဏ္ဌာန်နဲ့ လက္ခဏာတွေကိုလည်း ပြောပြပေးပါ။**

## ၁၉၄၄ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ ထုတ်ဝေခဲ့သော ငွေစက္ကူ



## ၁၉၅၂ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ထုတ်ဝေခဲ့သော ငွေစက္ကူများ





ဖြေ။ ။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့မှာ ဗိုလ်ချုပ်ရုပ်ပုံပါ တစ်ထောင်တန်ငွေစက္ကူပုံစံသစ်ကို စတင်ထုတ်ဝေပါတယ်။ ဗိုလ်ချုပ်ရုပ်ပုံပါ တစ်ထောင်ကျပ်တန် ငွေစက္ကူပုံစံသစ်ရဲ့ ပေါ်လွင်တဲ့အရောင်က အပြာရောင်ဖြစ်ပါတယ်။ တစ်ထောင်ကျပ်တန် ငွေစက္ကူပုံစံသစ်ရဲ့ မျက်နှာစာဘက်မှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ အမျိုးသားဝတ်စုံနဲ့ ခေါင်းပေါင်းရုပ်ပုံနဲ့ ကျောဘက်မှာ လွှတ်တော်အဆောက်အအုံပုံ ရိုက်နှိပ်ထားပါတယ်။

အရွယ်အစားအားဖြင့် အလျား ၁၅၀ မီလီမီတာနဲ့ အနံ ၇၀ မီလီမီတာရှိပါတယ်။ လုံခြုံရေးကြိုးကို တစ်ဝက်ဖုံး တစ်ဝက်ပေါ် ဒေါင်လိုက် မြှုပ်ထားပြီးတော့ Colour Shift ရောင်ပြေးနည်းပညာတွေနဲ့ ပြုလုပ်ထားတဲ့အတွက် ငွေစက္ကူလှုပ်ရှားမှုရှုထောင့်တိုင်းမှာ ရွှေရောင်ကနေ အစိမ်းရောင်ကိုထူးခြားစွာ ရုပ်လုံးကြွ အရောင်ပြောင်းလဲမှုကို မြင်တွေ့နိုင်ပါတယ်။

အလင်းရောင်မှာ ထောင်ကြည့်မယ်ဆိုရင် ငွေစက္ကူမျက်နှာစာဘက် ဗိုလ်ချုပ်အောင်ဆန်း ရုပ်ပုံရဲ့ လက်ဝဲဘက်မှာ ဗိုလ်ချုပ်အောင်ဆန်း ရုပ်ပုံရေစာကို ရှင်းရှင်းလင်းလင်းတွေ့မြင်နိုင်ပါတယ်။ ငွေစက္ကူဆေးသားရိုက်နှိပ်ရာမှာ ဖောင်းကြွပုံနှိပ် နည်းစနစ်နဲ့ ရိုက်နှိပ်ထားတဲ့အတွက် ငွေစက္ကူတန်ဖိုးအမျိုးအစားနဲ့ အမှတ်အသားတွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် စတဲ့ နေရာတွေဟာ ပီပြင်ထင်ရှားတဲ့အပြင် လက်နဲ့ စမ်းသပ်ကြည့်မယ်ဆိုရင်လည်း ကြမ်းတမ်းမှုရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

ငွေစက္ကူနံပါတ်ကို မြန်မာအက္ခရာ မြန်မာဂဏန်းနဲ့ အလျားလိုက်၊ အင်္ဂလိပ်အက္ခရာ အင်္ဂလိပ်ဂဏန်းနဲ့ ဒေါင်လိုက်ရိုက်နှိပ်ထားပါတယ်။

ငွေစက္ကူရဲ့ မျက်နှာစာဘက်ရှိ ဘယ်၊ ညာအစွန်းတွေမှာ အမြင်အာရုံအားနည်းသူ၊ ချို့ယွင်းသူတွေအတွက် လက်နဲ့ စမ်းသပ်ကြည့်မယ်ဆိုရင် အာရုံခံသိရှိနိုင်တဲ့ဖောင်းကြွလိုင်းတိုမျဉ်းကြောင်းငယ် ၁၁ ကြောင်းစီ ရိုက်နှိပ်ထားပါတယ်။

ငွေစက္ကူမျက်နှာစာရဲ့ လက်ယာဘက်က မြန်မာစာသားတစ်ထောင်ကျပ် နံဘေးက ခဲရောင်ဧရိယာကို ၄၅ ဒီဂရီခန့်လောက် စောင်းကြည့်မယ်ဆိုရင် အင်္ဂလိပ်စာလုံး “CBM” ကို Latent Images စာလုံးတွေ ရောမြှုပ်ရိုက်နှိပ်ထားတာကို တွေ့မြင်နိုင်ပါတယ်။ ငွေစက္ကူရဲ့ ကျောဘက်ခါးလယ်မှာ ရွှေရောင်ကနုတ်ကွက်ကို ဒေါင်လိုက်ရိုက်နှိပ်ထားတာကို တိမ်းစောင်းကြည့်မယ်ဆိုရင် မြင်တွေ့နိုင်ပါတယ်။

**မေး။ ။ ပုံစံသစ်မှာ အဆင့်မြှင့်ထားတဲ့ ငွေစက္ကူလုံခြုံရေးအမှတ်အသားတွေနဲ့ ပတ်သက်ပြီးတော့လည်း ပြောပြပေးပါ။**

ဖြေ ။ ။ မူလအဟောင်း တစ်ထောင်ကျပ်တန် ငွေစက္ကူရဲ့ လုံခြုံရေးကြိုး ငွေရောင် အမျှင်သေးနေရာမှာ ကြိုးအကြီး ရွှေရောင်ရောင်ပြေးနဲ့၊ ပြီးတော့

*စာမျက်နှာ ၇ သို့*

## ၁၉၆၂ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ ထုတ်ဝေခဲ့သော ငွေစက္ကူများ







**“ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ ရည်ရွယ်ချက်က ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုရရှိစေဖို့နဲ့ ထိန်းသိမ်းဖို့ ဖြစ်ပါတယ်။ ဒီရည်မှန်းချက်နဲ့အညီ ငွေကြေးတည်ငြိမ်ရေးအောင်မြင်ဖို့အတွက် ငွေကြေးမူဝါဒကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရပါတယ်။ ငွေကြေးမူဝါဒထဲမှာ ငွေကြေးဖောင်းပွမှုမဖြစ်အောင် ထိန်းသိမ်းခြင်းလည်း ပါဝင်ပါတယ်။ ဘဏ္ဍာရေးနှစ်အလိုက် ငွေကြေးလိုအပ်ချက်ကို ဘဏ်တွေမှာရှိနေတဲ့ လက်ကျန်အခြေအနေ၊ ဗဟိုဘဏ်မှာရှိနေတဲ့ လက်ကျန်အခြေအနေ၊ ဟောင်းနွမ်းငွေစက္ကူတွေ ဖျက်ဆီးတဲ့အခြေအနေ၊ CIC လို့ လည်းခေါ်တဲ့ ပြည်သူတွေအတွင်းမှာ ရောက်ရှိလည်ပတ်နေတဲ့ ငွေကြေးအခြေအနေတွေကို အခြေခံပြီးတော့ ငွေကြေးမူဝါဒမူဘောင်အတွင်းကနေ ငွေကြေးလိုအပ်ချက်ကို တွက်ချက်သတ်မှတ်ပါတယ်။**

**ဒီငွေကြေးလိုအပ်ချက် ဘောင်အတွင်းကပဲ ငွေစက္ကူအမျိုးအစားတွေကို လိုအပ်သလိုချိန်ဆပြီး ရိုက်နှိပ်ထုတ်ဝေနေတာ ဖြစ်ပါတယ်။ ဒါကြောင့် သတ်မှတ်ချက်ဘောင်အတွင်းမှာပဲ ချိန်ဆဆောင်ရွက်နေတဲ့အတွက် ဒီတစ်ထောင်ကျပ်တန်ငွေစက္ကူပုံစံသစ် ထုတ်ဝေမှုကြောင့်တော့ ငွေကြေးဖောင်းပွမှု မဖြစ်နိုင်ဘူးဆိုတာကို ပြည်သူတွေကို အသိပေးလိုပါတယ် ”**

*စာမျက်နှာ ၆ မှ*

တိမ်းစောင်းကြည့်မယ်ဆိုရင် အစိမ်းရောင်ကို ရုပ်လုံးကြွအရောင် ပြောင်းလဲနိုင်တဲ့ လုံခြုံရေးကြိုး ထည့်သွင်းထားပါတယ်။ ဒ့ါအပြင် ငွေစက္ကူပေါ်မှာ Micro Print စာလုံးငယ်တွေ များစွာထည့်ထားပါတယ်။ မှန်ဘီလူး ဒါမှမဟုတ် လက်ကိုင်ဖုန်းနဲ့ အနီးကပ် ဆွဲရိုက်ကြည့်မယ်ဆိုရင် ပြတ်သားစွာတွေ့ရှိနိုင်ပါတယ်။ ငွေစက္ကူကျောဘက်မှာ တည့်တည့်ကြည့်မယ်ဆိုရင် မမြင်နိုင်ပေမယ့် နည်းနည်းတိမ်းစောင်းကြည့်ရင် ရွှေရောင် ကနုတ်ကွက်ကို ခါးလယ်မှာ ဒေါင်လိုက် ရိုက်နှိပ်ထားတာကို မြင်တွေ့နိုင်ပါတယ်။

**မေး။ ။ တစ်သောင်းတန်နဲ့ တစ်ထောင်တန်က ဆင်တူတယ်လို့လည်း ပြောကြတာ ရှိပါတယ်။ ထပ်ပြီးတော့ ဗိုလ်ချုပ်ရုပ်ပုံနဲ့ ငွေစက္ကူထပ်ထုတ်ဖို့ အစီအစဉ်ကိုလည်း သိပါရစေ။**

ဖြေ။ ။ အခုသုံးစွဲနေတဲ့ တစ်သောင်းကျပ်တန်နဲ့ အရောင်က ဆင်တူတယ်။ ဒါပေမယ့် ထည့်သွင်းထားတဲ့ လုံခြုံရေးအချက်အလက်တွေနဲ့ လုံခြုံရေးကြိုးအရောင်တွေက ကွာခြားပါတယ်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့ ကြေညာချက်မှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရုပ်ပုံနဲ့ ငွေစက္ကူပုံစံသစ်အမျိုးမျိုးကို ထုတ်ဝေသွားဖို့ ဆောင်ရွက်လျက်ရှိတယ်ဆိုတာကို ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ လက်ရှိအခြေအနေအရ ပြည်သူအားလုံး သုံးစွဲနိုင်အောင် တစ်ထောင်ကျပ်တန်ကနေ စတင်ထုတ်ဝေခြင်း ဖြစ်ပါတယ်။ တန်ဖိုးတစ်ခုချင်းအလိုက် အစဉ်အတိုင်းဆက်လက်ပြီးတော့ ထုတ်ဝေသွားမှာဖြစ်ပါတယ်။

**မေး။ ။ ငွေစက္ကူသစ် ထုတ်ဝေတဲ့အတွက် ငွေကြေးဖောင်းပွမှု ဖြစ်မှာကို ပြည်သူတွေက စိုးရိမ်တာလည်း ရှိပါတယ်။ ဒါကြောင့် ငွေကြေးဖောင်းပွမှုဖြစ်နိုင်မလား၊ ထိန်းချုပ် ဆောင်ရွက်နိုင်မလားဆိုတာကိုလည်း ဖြေကြားပေးစေလိုပါတယ်။**

ဖြေ။ ။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ရဲ့ ရည်ရွယ်ချက်က ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှု ရရှိစေဖို့နဲ့ ထိန်းသိမ်းဖို့ ဖြစ်ပါတယ်။ ဒီရည်မှန်းချက်နဲ့အညီ ငွေကြေးတည်ငြိမ်ရေးအောင်မြင်ဖို့အတွက် ငွေကြေးမူဝါဒကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရပါတယ်။ ငွေကြေးမူဝါဒထဲမှာ ငွေကြေးဖောင်းပွမှုမဖြစ်အောင် ထိန်းသိမ်းခြင်းလည်း ပါဝင်ပါတယ်။ ဘဏ္ဍာရေးနှစ်အလိုက် ငွေကြေးလိုအပ်ချက်ကို ဘဏ်တွေမှာ ရှိနေတဲ့ လက်ကျန်အခြေအနေ၊ ဗဟိုဘဏ်မှာ ရှိနေတဲ့ လက်ကျန်အခြေအနေ၊ ဟောင်းနွမ်းငွေစက္ကူတွေဖျက်ဆီးတဲ့ အခြေအနေ၊ CIC လို့လည်းခေါ်တဲ့ ပြည်သူတွေအတွင်းမှာ ရောက်ရှိလည်ပတ်နေတဲ့ ငွေကြေးအခြေအနေတွေကို အခြေခံပြီးတော့ ငွေကြေးမူဝါဒ မူဘောင်အတွင်းကနေ ငွေကြေးလိုအပ်ချက်ကို တွက်ချက်သတ်မှတ်ပါတယ်။

ဒီငွေကြေးလိုအပ်ချက် ဘောင်အတွင်းကပဲ ငွေစက္ကူအမျိုးအစားတွေကို လိုအပ်သလို ချိန်ဆပြီး ရိုက်နှိပ်ထုတ်ဝေနေတာ ဖြစ်ပါတယ်။ ဒါကြောင့် သတ်မှတ်ချက်ဘောင်အတွင်းမှာပဲ ချိန်ဆဆောင်ရွက်နေတဲ့အတွက် ဒီတစ်ထောင်ကျပ်တန် ငွေစက္ကူပုံစံသစ် ထုတ်ဝေမှုကြောင့်တော့ ငွေကြေးဖောင်းပွမှု မဖြစ်နိုင်ဘူးဆိုတာကို ပြည်သူတွေကိုအသိပေးလိုပါတယ်။

**မေး။ ။ အရင် ငွေစက္ကူတွေမှာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်ဆိုပြီး ဖော်ပြပါရှိတာရှိတယ်။ အခု မြန်မာနိုင်ငံတော်ဗဟိုဘဏ်လို့ ဖော်ပြထားတဲ့အတွက်ပြည်ထောင်စု စာသားမပါတော့တာ ဘယ်လိုအကြောင်းကြောင့် ဆိုတာကိုလဲ ပြောပြပေးပါ။**

ဖြေ။ ။ ငွေစက္ကူအမျိုးအစားပုံစံသစ်တွေ ရိုက်နှိပ်ထုတ်ဝေကြရာမှာ ဥပဒေအရ ငွေစက္ကူကိုရိုက်နှိပ်ထုတ်ဝေခွင့်ရှိတဲ့ ဌာန၊ အဖွဲ့အစည်းအမည်ကို ငွေစက္ကူပေါ်မှာ ရိုက်နှိပ်ဖော်ပြလေ့ရှိပါတယ်။

မှတ်တမ်းတွေအရ လွတ်လပ်ရေးရပြီးချိန်ကနေ ၁၉၅၂ ခုနှစ်အထိ ဗမာနိုင်ငံ ငွေကြေးအုပ်ချုပ်မှုအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီးတော့ ငွေစက္ကူအပေါ်မှာ **"ဗမာနိုင်ငံအစိုးရ"**၊ **"ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ"**ဆိုပြီး ရိုက်နှိပ်ခဲ့ပါတယ်။ ၁၉၅၂ ခုနှစ်ကနေ ၁၉၆၂ ခုနှစ်အထိ **"ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်"**၊ ၁၉၆၂ ခုနှစ်ကနေ ၁၉၇၂ ခုနှစ်အထိ **"ပြည်ထောင်စု မြန်မာနိုင်ငံတော် ပြည်သူ့ဘဏ်"**၊ ၁၉၇၂ ခုနှစ်ကနေ ၁၉၉၀ ပြည့်နှစ်အထိ **"ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်"**၊ ၁၉၉၀ ပြည့်နှစ်ကနေ ဒီနေ့အထိ **"မြန်မာနိုင်ငံတော်ဗဟိုဘဏ်"** တို့ဟာ ငွေစက္ကူတွေကို ဥပဒေအရ ရိုက်နှိပ်ထုတ်ဝေခွင့်ရှိတဲ့ ဌာန၊ အဖွဲ့အစည်း ဖြစ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ ဥပဒေအရ ရိုက်နှိပ်ထုတ်ဝေခွင့်ရှိတဲ့ ဌာန၊ အဖွဲ့အစည်းဖြစ်တဲ့အတွက် တစ်ထောင်ကျပ်တန် ငွေစက္ကူအသစ်မှာလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်လို့ ရိုက်နှိပ်ဖော်ပြခြင်း ဖြစ်ပါတယ်။ ပြင်ပမှာ ပြောဆိုဖော်ပြနေကြတဲ့ ပြည်ထောင်စုဆိုတဲ့စာလုံးကို ဖြုတ်ထားတာမဟုတ်ပါဘူး။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေမှာလည်း နိုင်ငံတော်ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကိုဆိုသည်လို့ အဓိပ္ပာယ်ဖွင့်ထားပါတယ်။

**မေး။ ။ ငွေစက္ကူသစ်နဲ့ ပတ်သက်ပြီး ပြည်သူတွေကိုအသိပေးပြောကြားလိုတာရှိရင်လည်း ပြောကြားပေးပါ။**

ဖြေ။ ။ ပြည်သူတွေအနေနဲ့ သစ်လွင်ကောင်းမွန်တဲ့ ငွေစက္ကူတွေကိုင်တွယ်သုံးစွဲနိုင်ဖို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်သူတွေကလည်း ငွေစက္ကူတွေပျက်စီးစေမယ့် ခေါက်ခြင်း၊ ချိုးခြင်း၊ လိပ်ခြင်း၊ လုံးချေခြင်းတွေ မပြုလုပ်ဖို့၊ ဆီစွန်းညစ်ပေခြင်း၊ ညစ်ပတ်စွန်းပေခြင်းမျိုး မဖြစ်အောင် ကိုင်တွယ်ဖို့နဲ့ ငွေစက္ကူအပြန့်အတိုင်း သပ်သပ်ရပ်ရပ်ကိုင် တွယ်သုံးစွဲပေးကြဖို့မေတ္တာရပ်ခံလိုပါတယ်။ ဟောင်းနွမ်းညစ်ပေနေတဲ့ ငွေစက္ကူတွေကို ဗဟိုဘဏ်ကို အပ်နှံလဲလှယ်ဖို့ ဘဏ်တွေအားလုံးကို ညွှန်ကြားထားပြီးပါပြီ။ ဒါကြောင့် ပြည်သူတွေအနေနဲ့ ဟောင်းနွမ်းညစ်ပေစုတ်ပြဲနေတဲ့ ငွေစက္ကူတွေရှိရင်လည်း နီးစပ်တဲ့ ဘဏ်တွေမှာ အပ်နှံလဲလှယ်ပြီး သစ်လွင်ကောင်းမွန်တဲ့ငွေစက္ကူတွေကို ကိုင်တွယ်သုံးစွဲနိုင်တဲ့အကြောင်းကိုလည်း ပြောကြားလိုပါတယ်။

**မေး။ ။ အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

**"ပြည်သူတွေအနေနဲ့ သစ်လွင်ကောင်းမွန်တဲ့ ငွေစက္ကူတွေ ကိုင်တွယ်သုံးစွဲနိုင်ဖို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်သူတွေကလည်း ငွေစက္ကူတွေ ပျက်စီးစေမယ့် ခေါက်ခြင်း၊ ချိုးခြင်း၊ လိပ်ခြင်း၊ လုံးချေခြင်းတွေ မပြုလုပ်ဖို့၊ ဆီစွန်းညစ်ပေခြင်း၊ ညစ်ပတ်စွန်းပေခြင်းမျိုး မဖြစ်အောင်ကိုင်တွယ်ဖို့နဲ့ ငွေစက္ကူအပြန့်အတိုင်း သပ်သပ်ရပ်ရပ်ကိုင်တွယ်သုံးစွဲပေးကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ ဟောင်းနွမ်းညစ်ပေနေတဲ့ငွေစက္ကူတွေကို ဗဟိုဘဏ်ကို အပ်နှံလဲလှယ်ဖို့ ဘဏ်တွေအားလုံးကို ညွှန်ကြားထားပြီးပါပြီ။ ဒါကြောင့် ပြည်သူတွေအနေနဲ့ ဟောင်းနွမ်းညစ်ပေစုတ်ပြဲနေတဲ့ ငွေစက္ကူတွေရှိရင်လည်း နီးစပ်တဲ့ဘဏ်တွေမှာ အပ်နှံလဲလှယ်ပြီး သစ်လွင်ကောင်းမွန်တဲ့ ငွေစက္ကူတွေကို ကိုင်တွယ်သုံးစွဲနိုင်တဲ့ အကြောင်းကိုလည်း ပြောကြားလိုပါတယ်"**

၁၉၇၂ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ထုတ်ဝေခဲ့သောငွေစက္ကူများ















၁၉၉၀ ပြည့်နှစ်မှ ယနေ့အထိ ထုတ်ဝေခဲ့သောငွေစက္ကူများ










# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့(PNO) အသွင်ပြောင်း ပြည်သူ့စစ်(ဌာနေ)အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခမ်းထီနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၆

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့ (PNO) အသွင်ပြောင်းပြည်သူ့စစ်(ဌာနေ)အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခမ်းထီနှင့် အဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံ၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့ (PNO) အသွင်ပြောင်းပြည်သူ့စစ်(ဌာနေ)အဖွဲ့ ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များ တက်ရောက်ကြသည်။

### ကူညီဆောင်ရွက်ပေးသွားမည်

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပအိုဝ်းဒေသသည် စိုက်ပျိုးရေးကို အခြေခံသောဒေသတစ်ခုဖြစ်ပြီး လက်ဖက်၊ အာလူး၊ ထောပတ်၊ ကြက်သွန်နှင့် အခြားစိုက်ပျိုးရေးသီးနှံများကို ဒေသခံအများစုက စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်နိုင်သဖြင့် ခေတ်မီနည်းစနစ်များ အသုံးပြုကာ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ငန်းများ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ တပ်မတော်ကလည်း တတ်နိုင်သမျှ အားပေးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသထွက်ကုန်ဖြစ်သော အာလူးကို တစ်နိုင်ငံလုံးက နှစ်သက်ကြသဖြင့် ဒေသထွက် အာလူးမျိုးများ သိုလှောင်ထိန်းသိမ်းဖြန့်ချိနိုင်ရေးအတွက် အအေးခန်းသိုလှောင်သေတ္တာများအား တပ်မတော်မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပအိုဝ်းတိုင်းရင်းသားများသည် ထေရဝါဒဗုဒ္ဓဘာသာကို နက်နက်ရှိုင်းရှိုင်းအလေးအနက်ထား ကိုးကွယ်ကြသူများဖြစ်ပြီး မိမိတို့ဒေသရှိ တန်ခိုးကြီးမွေတော်ကက္ကူဘုရားကြီးကို ရှေးမူမပျက် ခမ်းနား၊ တင့်တယ်၊ သပ်ရပ်သန့်ရှင်းစွာ ထိန်းသိမ်းပြုပြင် မွမ်းမံခြင်းဖြင့် ဂုဏ်ယူနိုင်မည်ဖြစ်သလို ခရီးသွားဧည့်သည်များကိုလည်း ဆွဲဆောင်နိုင်မည် ဖြစ်ကြောင်း၊ မိမိဒေသသို့ လာရောက်လည်ပတ်သည့် ခရီးသွားများ များပြားလာပါက မိမိဒေသ၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများကို သိရှိသူများပြားလာပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်နိုင်မည်ဖြစ်ပါကြောင်းနှင့် ဒေသခံပြည်သူလူထုများကလည်း ကြိုးစားအားထုတ်ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့(PNO) အသွင်ပြောင်း ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခမ်းထီနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံစဉ်။ ဓာတ်ပုံ- တပ်မတော်ကွယ်ရေးဦးစီးချုပ်ရုံး

### လိုအပ်ချက်များ တင်ပြဆွေးနွေး

ထို့နောက် ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့(PNO) အသွင်ပြောင်းပြည်သူ့စစ်(ဌာနေ)အဖွဲ့မှ တွဲဖက်အတွင်းရေးမှူး(၁) ဦးနေဝင်းထွန်းနှင့် အဖွဲ့ဝင်များက ဒေသခံပြည်သူလူထုများကို မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးပါဝင်လုပ်ကိုင်ဆောင်ရွက်ပြီး ကြိုးစားအားထုတ်ဆောင်ရွက်ကြရန် တိုက်တွန်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် သီးနှံမျိုးစေ့ခွဲခန်းနှင့် ရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရေး လိုအပ်ချက်များအား တင်ပြဆွေးနွေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့ (PNO) အသွင်ပြောင်းပြည်သူ့စစ်(ဌာနေ)အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ခမ်းထီနှင့်အဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများပေးအပ်ပြီး စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း တပ်မတော်ကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး သန်လျင်လူငယ်သင်တန်းကျောင်းရှိ လူငယ်များနှင့်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၆

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ရှိ လူငယ်သင်တန်းကျောင်း၌ လူငယ်များအား လုံခြုံစွာစောင့်ရှောက်နိုင်ရေးအတွက် လေးထပ်ဆောင် အဆောက်အဦသစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများဆောလျင်စွာပြီးစီးရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးသည်။**

ထို့နောက် လူငယ်သင်တန်းကျောင်းခန်းမ၌ ကျောင်းအုပ်ကြီးက အခြေအနေ အကြောင်းအမျိုးမျိုးကြောင့် လူငယ်သင်တန်းကျောင်းသို့ ရောက်ရှိလာကြသော ကလေးသူငယ်နှင့် လူငယ်များအား ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအရ ကာကွယ် စောင့်ရှောက်နေမှုများ၊ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုဝန်ထမ်းနည်းလမ်းများဖြင့် ပြုစုလေ့ကျင့်ပေးနေမှုများ၊ လူမှုအသိုက်အဝန်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးနှင့် မိဘ၊ အုပ်ထိန်းသူများထံ ပြန်လည်အပ်နှံရေး ချိတ်ဆက်ဆောင်ရွက်ပေးနေမှုများ၊ သင်တန်းကျောင်းတွင် နေထိုင်စဉ်ကာလအတွင်း ထူးခြားအခြေအနေ ဖြစ်ပေါ်သော ကလေးများကို တစ်ဦးချင်း နှစ်သိမ့်ဆွေးနွေးပေးနေမှုများနှင့် အသက်မွေးဝမ်းကျောင်းပညာ သင်ကြားလေ့ကျင့်ပေးနေမှုများ စသည်တို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပြန်လည်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး သန်လျင်မြို့ လူငယ်သင်တန်းကျောင်းရှိ ကလေးသူငယ်နှင့်လူငယ်များအား တွေ့ဆုံပြီး အားပေးစကားပြောကြားစဉ်။ သတင်းစဉ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းကျောင်းရှိ ကလေးသူငယ်နှင့် လူငယ်များအား တွေ့ဆုံ၍ ကလေးသူငယ်များ ရရှိရမည့် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ အစောင့်အရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ခွင့်များကို ရှင်းလင်းပြောကြားသည်။ ထို့ပြင် မူးယစ်ဆေးဝါး၏အန္တရာယ်နှင့် မူးယစ်ဆေးသုံးမိသူများအနေဖြင့် ဆေးစွဲသူ များဘဝမှ ဆေးဖြတ်၍ မူးယစ်သံသရာမှ လွတ်မြောက်အောင် အသိတရားဖြင့် မိမိကိုယ်ကိုပြုပြင်နိုင်ပြီး အဆိုးကျော့သံသရာမှလွတ်မြောက်၍ မိဘ၊ ဆွေမျိုးအသိုင်းအဝိုင်းများနှင့် လူမှုပတ်ဝန်းကျင်သို့ ပိုမိုကောင်းမွန်သော အခြေအနေများဖြင့် ပြန်လည်ဝင်ဆံ့အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ အစိုးရက အနာဂတ်၏ မျိုးဆက်သစ် ကလေးသူငယ်များနှင့် လူငယ်များကို ကောင်းမွန်သော လက်ဆင့်ကမ်းအမွေများပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း အားပေးစကားပြောကြားသည်။

လူမှုဝန်ထမ်းဦးစီးဌာန၏ ရန်ကုန်တိုင်းဒေသကြီး သန်လျင်လူငယ်သင်တန်းကျောင်းသည် ၂၀၁၂ ခုနှစ်မှစတင်၍ ကလေးသူငယ်နှင့် လူငယ်သင်တန်းသားများကို လက်ခံ၍ ပျိုးထောင် ကာကွယ်စောင့်ရှောက်ပေးရန် လူဦးရေ ၁၅၀ ဆံ့ အဆောက်အဦသာရှိခဲ့ပြီး ၂၀၁၉ ခုနှစ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေထွက်ရှိပြီးနောက် ကလေးသူငယ်၏ အသက်ကို (၁၈ နှစ်)အောက်အဖြစ် သတ်မှတ်ခဲ့သည့်အတွက် လက်ရှိတွင် ကလေးသူငယ်နှင့် လူငယ် ၅၀၂ ဦးကို ကာကွယ်စောင့်ရှောက်မှုပေးနေသည်။

လက်ခံစောင့်ရှောက်ပေးရမည့် ဦးရေ ပိုမိုများပြားလာသဖြင့် လိုအပ်သော အဆောက်အဦသစ်ကို ဝန်ကြီးဌာနမှ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၁၆

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်း

နေပြည်တော်　ဇန်နဝါရီ　၁၆

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၀)အပါအဝင် ရက်သတ္တပတ်အတွင်း ခွင့်ပြုပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှုများနှင့် စပ်လျဉ်း၍ သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပွဲကို ယနေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၌ ကျင်းပသည်။**

အဆိုပါတွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုမိန့်၊ အတည်ပြုမိန့် ထုတ်ပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်းသည့် အချက်အလက်များအား ရှင်းလင်းပြောကြားသည်။

ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု အစည်းအဝေးအမှတ်စဉ် (၁/ ၂၀၂၀) အပါအဝင် ရက်သတ္တပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်းလေးခု၊ အတည်ပြုလုပ်ငန်း ၁၇ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃၁၀ ဒသမ ၄၅၁ သန်းကို ခွင့်ပြု/အတည်ပြုပေးခဲ့ပါကြောင်း၊ အဆိုပါလုပ်ငန်းများမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁၀၁၀၂ ဦးကို ဖန်တီးပေးမည်ဖြစ်ပါကြောင်း၊ ခွင့်ပြုခဲ့သည့် လုပ်ငန်းများအနက် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းအား ဆောင်ရွက်သွားမည့် ဟောင်ကောင်အခြေစိုက် CNTIC VPower KY3 Limited လည်း ပါဝင်ပါကြောင်း၊ အဆိုပါလုပ်ငန်းမှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၆၅၈ ဒသမ ၈ သန်း ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ရာခိုင်နှုန်းပြည့် ပြည်တွင်း၌ အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ၂၀ ရာခိုင်နှုန်းအား ရခိုင်ပြည်နယ်ရှိ ပြည်သူလူထုများထံသို့ ဖြန့်ဖြူးမည်ဖြစ်ကာ ကျန်ရှိသည့် ၈၀ ရာခိုင်နှုန်းကို မဟာဓာတ်အားလိုင်းသို့ ဖြန့်ဖြူးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စပ်လျဉ်းသည့် အချက်အလက်များအား ရှင်းလင်းပြောကြားစဉ်။

### နိုင်ငံသားရင်းနှီးမြှုပ်နှံမှု

ဆက်လက်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇန်နဝါရီ ၁၀ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၅၄၆ ဒသမ ၉၄ သန်း ဖြစ်ပါကြောင်းနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ အမေရိကန်ဒေါ်လာ သန်း ၁၂၈ ဒသမ ၄၀၀ အပါအဝင် ကျပ် ၇၁၆၄၅၁ ဒသမ ၂၈၄ သန်း ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

### ထုတ်လုပ်မှုကဏ္ဍ

၂၀၁၉ ခုနှစ် နိုဝင်ဘာလကုန်အထိ ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်သောနိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဟောင်ကောင်နှင့် ဗြိတိန်နိုင်ငံတို့ဖြစ်ပြီး အများဆုံး ရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၇ ဒသမ ၀၄ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၁၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၀၁ ရာခိုင်နှုန်းဖြင့် လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

အဆိုပါ သတင်းမီဒီယာတွေ့ဆုံပွဲသို့ ပြည်တွင်းပြည်ပ သတင်းမီဒီယာ ၁၀ ခုမှ သတင်းထောက် ၁၂ ဦး တက်ရောက်ခဲ့ကြပြီး သတင်းမှတ်တမ်းရယူခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဒီဇင်ဘာလထိ) (ယာယီ) တွင် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၉၃၈၃ သန်း ဆောင်ရွက်နိုင် ယခင်ဘဏ္ဍာနှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၁၂၇၅ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့

၁။　၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဒီဇင်ဘာလထိ) (ယာယီ) တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၆၇၇ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၇၀၆ သန်း ရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၉၃၈၃ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခင်နှစ် ကာလတူ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ဒီဇင်ဘာလထိ) တွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၆၄၈ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၄၆၀ သန်းဖြစ်၍ ပြည်ပ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၈၁၀၈ သန်းဖြစ်သဖြင့် ယခင်နှစ်ကာလတူထက် ပို့ကုန်တွင် ၁၀၂၉ ဒေါ်လာသန်း၊ သွင်းကုန်တွင် ၂၄၆ ဒေါ်လာသန်းနှင့် ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၁၂၇၅ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

၂။　ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်ပို့နိုင်ခဲ့ပါသည် -

တန်ဖိုးဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၁၉-၂၀၂၀ (ဒီဇင်ဘာလထိ) (ယာယီ) | ၂၀၁၈-၂၀၁၉ (ဒီဇင်ဘာလထိ) | နှိုင်းယှဉ်ချက်(+)/(-) |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၉၀၈.၅၂၈ | ၇၃၉.၃၆၅ | ၁၆၉.၁၆၃ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၄၆.၈၆၈ | ၁၇၀.၇၈၄ | -၁၂၃.၉၁၆ |
| ၃ | ရေထွက်ပစ္စည်းများ | ၂၆၁.၀၄၅ | ၂၂၄.၉၃၁ | ၃၆.၁၁၄ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၇၉၂.၂၇၃ | ၂၉၂.၅၅၇ | ၄၉၉.၇၁၆ |
| ၅ | သစ်တောထွက်ပစ္စည်း | ၄၄.၃၀၅ | ၄၇.၁၂၂ | -၂.၈၁၇ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၂၅၃၇.၈၄၃ | ၁၉၈၇.၅၃၁ | ၅၅၀.၃၁၂ |
| ၇ | အခြားပစ္စည်းများ | ၈၆.၈၂၇ | ၁၈၆.၄၃၇ | -၉၉.၆၁၀ |
| | **စုစုပေါင်း** | **၄၆၇၇.၆၈၉** | **၃၆၄၈.၇၂၇** | **၁၀၂၈.၉၆၂** |

၃။　ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုအလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်သွင်းနိုင်ခဲ့ပါသည်-

တန်ဖိုး-ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၁၉-၂၀၂၀ (ဒီဇင်ဘာလထိ) (ယာယီ) | ၂၀၁၈-၂၀၁၉ (ဒီဇင်ဘာလထိ) | နှိုင်းယှဉ်ချက်(+)/(-) |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၁၅၅၈.၁၈၀ | ၁၄၃၆.၉၇၉ | ၁၂၁.၂၀၁ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ | ၁၉၂၄.၁၅၇ | ၁၈၇၆.၃၆၉ | ၄၇.၇၈၈ |
| ၃ | လူသုံးကုန်ပစ္စည်းများ | ၁၂၂၃.၇၁၀ | ၁၁၄၆.၈၈၃ | ၇၆.၈၂၇ |
| | **စုစုပေါင်း** | **၄၇၀၆.၀၄၇** | **၄၄၆၀.၂၃၁** | **၂၄၅.၈၁၆** |

---

# ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀)ပြည့် အထိမ်းအမှတ် အောင်ဆန်းတို့ အမေ၊ အောင်ကျော်တို့ အမေ ကဗျာစာအုပ် မိတ်ဆက်

**ရန်ကုန်　ဇန်နဝါရီ　၁၆**

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ကဗျာဆရာ၊ စာရေးဆရာ အံ့မောင်၏ "အောင်ဆန်းတို့အမေ၊ အောင်ကျော်တို့အမေ" ကဗျာစာအုပ်မိတ်ဆက်ပွဲကို ယမန်နေ့ နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်) ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆရာအံ့မောင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး သံအမတ်ကြီး(ငြိမ်း) စာရေးဆရာ ဦးမောင်မောင်စိုးတင့်နှင့် ဆရာဂုဏ်ထူး ဦးသိန်းနိုင်တို့က မှတ်တမ်းတင်ဖွယ် မုဒိတာစကား ပြောကြားကြသည်။

### ငြိမ်းချမ်းရေးကဗျာရွတ်ဆို

ထို့နောက် ကဗျာနှင့်စာပေအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များက ငြိမ်းချမ်းရေးစကားများ ပြောကြားခြင်းနှင့် ငြိမ်းချမ်းရေး ကဗျာရွတ်ဆိုကြသည်။

ဆရာအံ့မောင်က "ရန်ကုန်တက္ကသိုလ်က အထူးချွန်ဆုံး ကျောင်းသားကြီး ကိုအောင်ဆန်းနဲ့အတူ ကိုအောင်ကျော်၊ ကိုဗဟိန်း၊ ကိုဘဆွေ၊ ကိုဘဦးတို့လို ပုဂ္ဂိုလ်တွေကို တက္ကသိုလ်ကြီးက မွေးထုတ်လိုက်တဲ့ အထိမ်းအမှတ်အဖြစ် ဒီနာမည်ကို ပေးလိုက်တာပါ" ဟု ပြောသည်။

### နိုင်ငံရေးကဗျာနှင့် ဆောင်းပါးများ

ထို့ပြင် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးနှင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့အတွက် အထောက်အပံ့ဖြစ်ရန်၊ တိုင်းရင်းသားအချင်းချင်း ခိုင်မာသည့် ညီညွတ်မှုရရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ၁၉၄၉ ခုနှစ်ခန့်မှ စတင်ကာ နိုင်ငံရေးကဗျာနှင့် ဆောင်းပါးများကို ရေးသားခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

### တက္ကသိုလ်အရိပ်အငွေ့

အဆိုပါ ကဗျာစာအုပ်တွင် ရန်ကုန်တက္ကသိုလ်နှင့် ပတ်သက်သည့် ရသစုံကဗျာအပုဒ် ၁၅၀ ပါဝင်ပြီး ကဗျာချစ်သူများနှင့် ဝါသနာရှင်များအတွက် တစ်ချိန်က ရန်ကုန်တက္ကသိုလ် အရိပ်အငွေ့အသက်များကို ပြန်လည်ခံစားစေနိုင်မည့် ကဗျာစာအုပ်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - ဇော်ကြီး**



ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဆရာအံ့မောင်၏ "အောင်ဆန်းတို့အမေ၊ အောင်ကျော်တို့အမေ" ကဗျာစာအုပ် မိတ်ဆက်ပွဲအခမ်းအနား ကျင်းပစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၆

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက လက်ရှိအစိုးရ၏ (၄)နှစ်တာ ကာလအတွင်း ဌာနအနေဖြင့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း၊ အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်လုပ်ငန်း၊ ပြည်သူ့အင်အား စာရင်းကောက်ယူ ထိန်းသိမ်းရေးလုပ်ငန်း စသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရည်မှန်းချက်တာဝန် (၃)ရပ်ကို အခြေခံပြီး ပြည်သူ့အတွက် လက်ငင်းအကျိုးဖြစ်ထွန်းမည့် လုပ်ငန်းများကို သစ္စာစီမံချက် ရေးဆွဲချမှတ်ကာ ထိထိရောက်ရောက်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယင်းလုပ်ငန်းစဉ်များသည် လူတိုင်းနှင့် ပတ်သက်ဆက်နွှယ်ပြီး ရေရှည်စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သဖြင့် ဝန်ထမ်းများအနေဖြင့် အရှိန်အဟုန်မပျက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

### အဓိကအကျဆုံးလုပ်ငန်းဖြစ်

ဝန်ကြီးဌာနသည် ယခုအခါ နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် e – Government လုပ်ငန်း၏ အဓိကအကျဆုံးလုပ်ငန်းဖြစ်သည့် e – ID စနစ်ကို တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ လူတစ်ဦးချင်းစီ၏ Biometric Data ကောက်ယူ၍ Unique ID နံပါတ် ထုတ်ပေးရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းစဉ်အတွက် မြန်မာနှင့် ဩစတြီးယား နှစ်နိုင်ငံအစိုးရ အချင်းချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ e–ID စနစ် လုပ်ငန်းသည် လုပ်ငန်းပမာဏကြီးမားကျယ်ပြန့်ပြီး အချိန်ယူဆောင်ရွက်ရသကဲ့သို့ နိုင်ငံအတွက် အကျိုးများစွာရှိမည့် လုပ်ငန်းတစ်ခုဖြစ် ကြောင်း၊ e–ID စနစ်ကို အခြားဆက်စပ်ဌာနများ၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် ထိထိရောက်ရောက် အသုံးပြုနိုင်မည့်အပြင် ဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကို ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲကျင့်သုံးဆောင်ရွက်နိုင်မည်ဖြစ်၍ အလေးထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

### စာရင်းဇယားများ ပြုစုပေးကြရန်လိုအပ်

ထို့ပြင် ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်း ပြုစုဆောင်ရွက်လျက်ရှိရာ ရွှေ့ပြောင်းလုပ်သားများအပါအဝင် မဲပေးပိုင်ခွင့်ရှိသူများ မဲပေးပိုင်ခွင့် မဆုံးရှုံးရအောင် ဆက်စပ်ဌာနများနှင့်ပူးပေါင်း၍ လိုအပ်သည့် စာရင်းဇယားများ ပြုစုပေးကြရန်လိုအပ်ကြောင်း၊ ယခု ပြည်ဝင်ဗီဇာ၊ လူဝင်မှုစစ်ဆေးရေးနှင့် နိုင်ငံခြားသား ထိန်းသိမ်းရေး စသည့်လုပ်ငန်းများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ရန် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆိုက်ရောက်ဗီဇာနှင့် e – Visa ခွင့်ပြုမှုများကို တိုးမြှင့်ခွင့်ပြုပေးလျက်ရှိကြောင်း၊ အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ဆိပ်ကမ်းများနှင့် နယ်စပ် ဝင်/ထွက်ဂိတ်များကို ဒစ်ဂျစ်တယ် စနစ်ဖြင့် ဝင်/ထွက်သွားလာနိုင်ရေး၊ e – Gate စနစ်များ အသုံးပြုနိုင်ရေးအတွက် ခေတ်မီစက်ကိရိယာများ တပ်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို လုပ်ငန်းအဆင့်အလိုက် ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းစဉ်များ အဆင်ပြေမှန်ကန်စွာ အသုံးပြုဆောင်ရွက်နိုင်ရေးအတွက် ဝန်ထမ်းများအနေဖြင့် ကြိုတင်လေ့ကျင့်ထားကြရန် လိုအပ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံအတွင်း ဝင်ရောက်လာသည့် နိုင်ငံခြားသားများကို ကန့်သတ်နယ်မြေများနှင့် သွားလာခွင့်မရှိသည့် နယ်မြေများသို့ နယ်မြေကျော်လွန် ဝင်/ထွက်မှု မရှိအောင် စစ်ဆေးကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။




လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

### အလေးထားဆောင်ရွက်

လုပ်ငန်းများဆောင်ရွက်ရာတွင် ပြောင်းလဲနေသော ခေတ်စနစ်ကို မျက်ခြည်မပြတ်ဘဲ သမားရိုးကျအတိုင်း ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ပြည်သူများ သိရှိနားလည်လိုက်ပါပူးပေါင်းဆောင်ရွက်ရေးအတွက် အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဌာနမှ ဆောင်ရွက်ခဲ့သည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကိုအခြေခံ၍ အချက်အလက်အသုံးပြုသူများက ယခုအခါ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ရေးဆွဲရာတွင် အသုံးပြုဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ယခုထပ်မံ၍ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက နိုင်ငံတော်အတွက် အသုံးပြုနိုင်မည့် ကိန်းဂဏန်းအချက်အလက်များ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ဌာန၏ ရည်မှန်းချက်တာဝန်များသည် ပြည်သူ့ဆန္ဒကို အလေးထားကာ ဆောင်ရွက်ရပြီး ပွင့်လင်းမြင်သာမှုရှိရန်လိုအပ်ပါကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရသည့် ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည်နှင့်အညီ စေတနာ အရင်းခံဖြင့် ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများက တိုင်းဒေသကြီး/ပြည်နယ်အလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းလိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း Xinhua သတင်းဌာနချုပ်မှ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် Xinhua သတင်းဌာနချုပ်မှ ဒုတိယဥက္ကဋ္ဌ Mr.Liu Siyang တို့အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Xinhua သတင်းဌာနချုပ်မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr.Liu Siyang နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ – တရုတ် နှစ်နိုင်ငံအစဉ်အလာ ချစ်ကြည်ရင်းနှီးမှု၊ ပြည်သူများအကြား အပြန်အလှန်နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို မြှင့်တင်ဆောင်ရွက်ရေးအတွက် မီဒီယာကဏ္ဍ၏ အရေးပါပုံ၊ လက်ရှိမြန်မာ့မီဒီယာလောက အခင်းအကျင်းနှင့် မီဒီယာကဏ္ဍတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ပုဒ်များ ဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ ကြီးမှူးကျင်းပမည့် ၂၀၂၀ ပြည့်နှစ်၊ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ (၃၃) ကြိမ်မြောက် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများ၌ ခေါင်းစဉ်အဖြစ် အသုံးပြုရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ် ၅ ခု ရွေးချယ်မည်ဖြစ်ပါ၍ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပါသည်။

(၁) တစ်ဦးလျှင် ဆောင်ပုဒ်၂ခုပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။
(၂) ဆောင်ပုဒ် ၁ ခုချင်းစီအား မြန်မာ–အင်္ဂလိပ် နှစ်ဘာသာဖြင့် ယှဉ်ပြိုင်ရမည်။
(၃) မြန်မာဘာသာအတွက် Pyidaungsu Font, size – 13 ဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာအတွက် Pyidaungsu Font, size –12 ဖြင့်လည်းကောင်း ပေးပို့ရမည် ဖြစ်ပါသည်။
(၄) ပြိုင်ပွဲဝင် ဆောင်ပုဒ်များအား ၁၅–၂–၂၀၂၀ ရက်နေ့ နောက်ဆုံးထားပေးပို့ရမည်။
(၅) ဆောင်ပုဒ်ယှဉ်ပြိုင်သူများသည် Fax ၀၆၇၃ – ၄၁၂၆၈၀ နှင့် Email လိပ်စာ ccdacpm@gmail.com သို့ ပေးပို့ရမည်။
(၆) ဆောင်ပုဒ်ယှဉ်ပြိုင်သူများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် အမည်၊ နေရပ်လိပ်စာပြည့်စုံစွာပါရှိရမည်။

မှတ်ချက်။ **မူးယစ်ဆေးဝါးပပျောက်ရေးကိုအမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ပြည်သူအားလုံးမှ တက်ကြွစွာ ပူးပေါင်းပါဝင်ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

# လားရှိုးမြို့နယ်ရှိ စံပြကွက်တောင်သူများအတွက် မျိုးစေ့နှင့် မြေသြဇာ ထောက်ပံ့

**လားရှိုး ဇန်နဝါရီ ၁၆**

လားရှိုးမြို့နယ်၌ စံပြကွက်စိုက်ပျိုးထားသည့်တောင်သူများအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့နှင့် မြေသြဇာထောက်ပံ့ပေးအပ်ပွဲကို ဇန်နဝါရီ ၁၄ ရက်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စောမြတ်မြတ်ခိုင်က အမှာစကားပြောကြားပြီး ခရိုင်ပိုးမွှားတာဝန်ခံ ဒေါ်ပူးစ်ပါးဒေဝီက ပိုးသတ်ဆေးကို အကျိုးရှိစွာသုံးစွဲတတ်စေရန် ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်အေးအေးကြူက စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် စိုက်ပျိုးတတ်စေရန်၊ စံပြကွက်များတွင် စိုက်ပျိုးထားသော တောင်သူများအား မျိုးစေ့နှင့် မြေသြဇာအိတ်များ ထောက်ပံ့ပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူက တောင်သူများအား မျိုးစေ့နှင့် မြေသြဇာအိတ်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

**မောင်ကျော်ကြီး**

# ရန်ကုန်မြို့တော်၏ လျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေသည့် သာကေတ ၁၀၆ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ

မင်းသစ်(MNA)

မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန် လိုအပ်နေသည့်အကြောင်းရင်းများထဲတွင် လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်ကဏ္ဍလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲမှု ဖူလုံမှုရှိစေမည့် နည်းလမ်းများကို အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်မြို့ သာကေတ ၁၀၆ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်း၊ ပြည်ပမှ လျှပ်စစ်ကဏ္ဍ၌ လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများကိုလည်း ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ကဏ္ဍတွင် ပြည်ပရင်းနှီးမြှုပ်နှံမှု တစ်ခုဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ၁၀၆ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသည် တစ်ခုအပါအဝင်ဖြစ်သည်။

## ကန်ဒေါ်လာ ၁၂၆ သန်း ရင်းနှီးမြှုပ်နှံ

အဆိုပါ သာကေတမြို့နယ်ရှိ ၁၀၆ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို မြန်မာနိုင်ငံ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ရှိ YEIG (Yunnan Energy Investment Group) ကုမ္ပဏီ၏ ကုမ္ပဏီခွဲ တစ်ခုဖြစ်သည့် UREC (Union Resources & Engineering Co.,Ltd.) တို့ ပူးပေါင်းပြီး အမေရိကန်ဒေါ်လာ ၁၂၆ သန်း ရင်းနှီးမြှုပ်နှံ၍ ၂၀၁၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် စက်များ စတင်လည်ပတ်ကာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးခဲ့သည်။

UREC ၏ ပင်မကုမ္ပဏီဖြစ်သည့် YEIG ကုမ္ပဏီသည် ယူနန်ပြည်နယ်အစိုးရနှင့် CPC ကော်မတီ၏ အတည်ပြုချက်ဖြင့် ၂၀၁၂ ခုနှစ်တွင် ယူနန်ပြည်နယ်တွင် တည်ထောင်ခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနှံ့အပြား၌ ရေအားလျှပ်စစ်၊ အပူစွမ်းအင်၊ နေရောင်ခြည်သုံး စွမ်းအင်၊ လေစွမ်းအင် စသည့် စွမ်းအင်ကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို ပြုလုပ်လျက်ရှိကာ စုစုပေါင်း မဂ္ဂါဝပ် ၁၅၀၀၀ ကျော် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ YEIG ၏ စုစုပေါင်းပိုင်ဆိုင်မှုသည် တရုတ်ယွမ်၁၈၇ ဘီလီယံရှိသည်။ နှစ်စဉ်ဝင်ငွေ ၁၁၃ ဘီလီယံရရှိနေပြီး ယူနန်ပြည်နယ်၏ စုစုပေါင်းဓာတ်အားထုတ်လုပ်မှု ၂၀ ရာခိုင်နှုန်းကျော်ကို ထုတ်လုပ်ပေးနေသော ကုမ္ပဏီကြီး ဖြစ်သည်။

YEIG ကုမ္ပဏီ၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သည့် UREC Energy International Co., Ltd သည် မြန်မာ၊ ဗီယက်နမ်၊ လာအို၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ စင်ကာပူနှင့် ဟောင်ကောင်တို့တွင် ရုံးခွဲများဖွင့်လှစ်ထားပြီး မြန်မာနိုင်ငံ၌ သာကေတမြို့နယ်ရှိ ၁၀၆ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံနှင့် ရွှေလီ (၁) ၆၀၀ မဂ္ဂါဝပ် ရေအားလျှပ်စစ်စက်ရုံတို့ကို ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသည်။

## နောက်ဆုံးပေါ်နည်းပညာ အသုံးပြု

မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံရခြင်းနှင့် စပ်လျဉ်းပြီး UREC Energy International Co., Ltd မန်နေးဂျင်းဒါရိုက်တာ Mr. Dong Fan က "UREC အနေနဲ့ နောက်ဆုံးပေါ်နည်းပညာတွေ အသုံးပြုပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းကို အဓိကထားရင်းနှီးမြှုပ်နှံတဲ့ ကုမ္ပဏီဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကလည်း တစ်နေ့တခြား တိုးတက်လာတာကို တွေ့ရပြီး နိုင်ငံတော်အစိုးရအနေနဲ့ လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ထုတ်လုပ်ဖို့ ကြိုးစားဆောင်ရွက်နေတာကို တွေ့ရပါတယ်။ ဒီလိုအခြေအနေမျိုးမှာ UREC ကုမ္ပဏီအနေနဲ့ နှစ်ဖက်အကျိုးကို ဖော်ဆောင်နိုင်ပြီး မြန်မာနိုင်ငံတိုးတက်ရေးအတွက် အများအကျိုးပြု ရင်းနှီးမြှုပ်နှံမှုတွေကို တိုးမြှင့်ဆောင်ရွက်လိုတဲ့ ရည်ရွယ်ချက်နဲ့ လာရောက်ရင်းနှီးမြှုပ်နှံရတာဖြစ်ပါတယ်" ဟု ပြောသည်။

သာကေတဓာတ်အားပေးစက်ရုံအနေဖြင့် တစ်နှစ်လျှင် လျှပ်စစ်စွမ်းအင် ကီလိုဝပ်နာရီ သန်းပေါင်း ၈၀၀ ခန့် ထုတ်လုပ်နေသဖြင့် အိမ်ထောင်စုပေါင်း ၄၂၀၀၀ ခန့်ကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပြီး ရန်ကုန်မြို့တော်၏ လျှပ်စစ်လိုအပ်ချက်ကို တစ်စိတ်တစ်ပိုင်း အထောက်အကူပြုလျက်ရှိသည်။

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မှုအနေဖြင့် ၂၀၁၆ခုနှစ် မတ်လတွင် တစ်နိုင်ငံလုံး လျှပ်စစ်သုံးစွဲသူ ၃၄ ရာခိုင်နှုန်းအတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ရာမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တစ်နိုင်ငံလုံး လျှပ်စစ်သုံးစွဲသူ ၅၀ ရာခိုင်နှုန်းအထိ လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ၂၀၁၆ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ သုံးရုံ၊ အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံ ခြောက်ရုံ၊ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ တစ်ရုံ စုစုပေါင်းစက်ရုံ ၁၀ ရုံနှင့် လျှပ်စစ်ဓာတ်အား ၉၀၄ မဂ္ဂါဝပ်ကို တိုးတက်ထုတ်လုပ်နိုင်ခဲ့သည်။

## ကျေးလက်မြို့ပြမကျန် အသုံးပြုနိုင်ရေး

ထို့အတူ လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်လာသည်နှင့်အမျှ ထုတ်လုပ်ပေးသည့်ဓာတ်အားများကို ကျေးလက်မြို့ပြမကျန် အသုံးပြုနိုင်ရေးအတွက် ၂၃၀ ကေဗွီ၊ ၁၃၂ ကေဗွီ၊ ၆၆ ကေဗွီ၊ ၃၃ကေဗွီ၊ ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း စုစုပေါင်း မိုင် ၁၉၆၀၀ ကျော်နှင့် ၁၂၆၃၆ အမ်ဗွီအေဓာတ်အားခွဲရုံများကို ၂၀၁၆ ခုနှစ်မှစတင်ပြီး သုံးနှစ်ခွဲကာလအတွင်း တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့သည်။

ပြည်သူများနှင့် စက်မှုလက်မှုလုပ်ငန်းများတွင် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ တည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးနိုင်ရေးအတွက် တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းအထိ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် တစ်နိုင်ငံလုံး၏ ၅၅ ရာခိုင်နှုန်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံး၏ ၇၅ ရာခိုင်နှုန်းအထက်နှင့် ၂၀၃၀ပြည့်နှစ်တွင် တစ်နိုင်ငံလုံး၏ ၁၀၀ ရာခိုင်နှုန်း အပြည့်အဝလျှပ်စစ်ဓာတ်အား ရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

" နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးမှာ လျှပ်စစ်က အခြေခံအကျဆုံးနဲ့ အရေးကြီးဆုံးဖြစ်ပါတယ်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစတဲ့ အခြေခံအဆောက်အဦတွေ ဖွံ့ဖြိုးတိုးတက်ရေးမှာ လျှပ်စစ်ဓာတ်အားသုံးစွဲမှုဟာ အလွန်အခြေခံကျပြီးအရေးကြီးပါတယ်။ ဥပမာ- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေအနေနဲ့ လျှပ်စစ်ဓာတ်အားလုံလောက်မှုမရှိရင် တိုးတက်မလာနိုင်ပါဘူး။ ဒါဟာ မြန်မာနိုင်ငံလို ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် စီးပွားရေးအရ အလွန်အရေးကြီးပါတယ်။ ဒ့ါအပြင် ပြည်သူတွေရဲ့ လူနေမှုဘဝ ဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေမှာလည်း လျှပ်စစ်မီးလင်းရေးဟာ မရှိမဖြစ်လိုအပ်ပါတယ်" ဟု Mr. Dong Fan က သုံးသပ်ထားသည်။

YEIG နှင့် UREC အနေဖြင့် မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ထပ်မံပြုလုပ်သွားမည်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့အနီးရှိ မီးလင်းချိုင့်ဒေသတွင် LNG မှ လျှပ်စစ်ထုတ်လုပ်မည့် စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းပါဝင်ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ သိရသည်။

## ရင်းနှီးမြှုပ်နှံမှုပိုမိုလုပ်ဆောင်မှာဖြစ်

" UREC အနေနဲ့ မြန်မာနိုင်ငံမှာ နှစ်ပေါင်း ၃၀ကျော်လုပ်ကိုင်လာတဲ့ ကုမ္ပဏီဖြစ်ပါတယ်။ YEIG နဲ့ UREC ဟာ အနာဂတ်ကာလမှာ ယူနန်အစိုးရရဲ့ ပထမဦးစားပေးအဖြစ်နဲ့ မြန်မာပြည်တွင်းမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုလုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ကဏ္ဍမှာ ထပ်ပြီးရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်သွားမယ့် အစီအစဉ်တွေ ရှိပါတယ်။ YEIGမှ နည်းဗျူဟာနဲ့ ဘဏ္ဍာရေးပံ့ပိုးမှုတွေနဲ့အတူ UREC အနေနဲ့ မြန်မာနိုင်ငံရဲ့ လျှပ်စစ်နဲ့ စွမ်းအင်ကဏ္ဍမှာ နောင်လာမယ့်ငါးနှစ်အတွင်းမှာ လျှပ်စစ်ဓာတ်အားပေးစက်ရုံ မဂ္ဂါဝပ် ၂၀၀၀ ထုတ်လုပ်နိုင်ဖို့အတွက် အမေရိကန် ဒေါ်လာ ၃ ဘီလီယံအထိ တိုးမြှင့်ရင်းနှီးမြှုပ်နှံသွားဖို့ရှိပါတယ်" ဟု Mr. Dong Fan က ဆိုသည်။

မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုကို ကြည့်မည်ဆိုပါက တစ်နိုင်ငံလုံးအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်း ၂၁၆၈၁ ဒသမ ၆၇၈ သန်း၊မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်း ၄၈၃ ဒသမ ၄၃၅ သန်းရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ကဏ္ဍ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်း ၇၄၆ ဒသမ ၆၂၀သန်း၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုပမာဏ မြန်မာကျပ်ငွေ သန်း ၅၉၀၆၀ ဒသမ ၅၅၄ ရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။ ။

**၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းအထိ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် တစ်နိုင်ငံလုံး၏ ၅၅ ရာခိုင်နှုန်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံး၏ ၇၅ ရာခိုင်နှုန်းအထက်နှင့် ၂၀၃၀ပြည့်နှစ်တွင် တစ်နိုင်ငံလုံး၏ ၁၀၀ ရာခိုင်နှုန်းအပြည့်အဝ လျှပ်စစ်ဓာတ်အားရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ**



ရန်ကုန်မြို့ သာကေတ ၁၀၆ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ။

# “ပိုးလမ်းမရုပ်ရှင်ပွဲတော်” တက်ဟုန်းအပြည်ပြည်ဆိုင်ရာ Micro Film ပြိုင်ပွဲအတွက် HD ရုပ်သံများဖိတ်ခေါ်

ရန်ကုန် ဇန်နဝါရီ ၁၆

**“ပိုးလမ်းမရုပ်ရှင်ပွဲတော်” အပြည်ပြည်ဆိုင်ရာ Micro Film ပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ ရက်မှ ၁၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ တရုတ်နိုင်ငံ ယူနန်ပြည်နယ် တက်ဟုန်းပြည်နယ်ခွဲ မန်စီမြို့၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်ရုပ်သံဖိုင်များ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။**

“ပိုးလမ်းမရုပ်ရှင်ပွဲတော်” ကို တရုတ်နိုင်ငံ ယူနန်ပြည်နယ် တက်ဟုန်းပြည်နယ်ခွဲ မန်စီမြို့တွင် ၂၀၁၈ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပလျက်ရှိရာ ပထမအကြိမ်ကို ၂၀၁၈ ခုနှစ် မတ် ၁ ရက်မှ ၃ ရက်အထိနှင့် ဒုတိယအကြိမ်ကို ၂၀၁၉ ခုနှစ် ဧပြီ ၁၁ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့ပြီး ယခုတတိယအကြိမ် ကျင်းပမည့်ပြိုင်ပွဲကို ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

ပထမအကြိမ်ကျင်းပခဲ့စဉ် မြန်မာနှင့် ကိုရီးယားနိုင်ငံ၊ တရုတ်(တိုင်ပေ)တို့အပြင် အခြား ၁၀ နိုင်ငံ ပါဝင်ခဲ့ကြောင်း၊ ဒုတိယအကြိမ်တွင် မြန်မာ၊ ထိုင်း၊ အမေရိကန်၊ ကနေဒါ၊ ကိုရီးယား၊ ရုရှား၊ ပြင်သစ်၊ ဂျပန်၊ နီပေါ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ လာအိုနိုင်ငံတို့နှင့် ဟောင်ကောင်၊ တရုတ်(တိုင်ပေ)တို့ ပါဝင်ခဲ့ကြောင်း သိရသည်။

**မူပိုင်ခွင့်နှင့်ပတ်သက်၍ တာဝန်ယူရမည်**

“ပိုးလမ်းမရုပ်ရှင်ပွဲတော်” တက်ဟုန်းအပြည်ပြည်ဆိုင်ရာ Micro Film ပြိုင်ပွဲအတွက် Micro Film (ကွန်ရက်လွှင့်ရုပ်ရှင်အပါအဝင်) Micro မှတ်တမ်းရုပ်ရှင်၊ Micro ကာတွန်းရုပ်ရှင်၊ Micro Image Publicity ကြော်ငြာနှင့် Public Service Advertises (PSAs) အများပြည်သူဝန်ဆောင်မှုကြော်ငြာ ပုံစံငါးမျိုးဖြင့် ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း ရိုက်ကူးထားသည့်လက်ရာများ ပါဝင်ယှဉ်ပြိုင်နိုင်ကာ ပေးပို့မှုသည့်အခါ မူပိုင်ခွင့်နှင့်ပတ်သက်၍ တာဝန်ယူရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်လက်ရာများကို 4 GB ထက် မကျော်လွန်စေဘဲ MOV, H264 Video Decoding, MPG, MP4, RMVB, AVI, Mainstream Player များဖြင့် ထုတ်လွှင့်နိုင်သော HD အဖြစ် သတ်မှတ်ပေးကြောင်း။

**ဇန်နဝါရီ ၂၈ ရက် နောက်ဆုံးထားပေးပို့ရန်**

အဆိုပါရုပ်သံဖိုင်များကို တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံ ကိုယ်စားလှယ်ရုံး (ရန်ကုန်) အမှတ် ၃၃ ၊ လောကနတ်အိမ်ရာ၊ ပါရမီလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဦးဝမ်ကျင့်ယွိ ဖုန်း ၀၉- ၈၉၁၅၀၄၁၆၉ သို့လည်းကောင်း၊ ရုပ်ရှင်အနုပညာရပ်ဝန်း၊ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ အမှတ် ၅၀ ၊ ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၅၃၄၅၇၄ သို့လည်းကောင်း၊ တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံး (မန္တလေးရုံး) အမှတ် ခ-၉/၆၃-၇၀ ၊ ၄၃လမ်း၊ ၆၅ လမ်းနှင့် ၆၆ လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ မခင်စန်းယဉ်၊ ဖုန်း ၀၉- ၄၂၆၈၀၂၀၂၁ သို့လည်းကောင်း ဆက်သွယ်ပြီး ဇန်နဝါရီ ၂၈ ရက် နောက်ဆုံးထား၍ ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

**မျိုးကျော်အောင်(FDC)**

# အိန္ဒိယနိုင်ငံမှ မှတ်တမ်းရုပ်ရှင်ရိုက်ကူးရေးအဖွဲ့ ရန်ကုန်၊ မန္တလေးနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတို့တွင် ရိုက်ကူး

**ရန်ကုန် ဇန်နဝါရီ ၁၆**

အိန္ဒိယနိုင်ငံ Animagineer ရုပ်ရှင်ထုတ်လုပ်ရေးမှ မှတ်တမ်းရုပ်ရှင် ရိုက်ကူးရေးအဖွဲ့သည် ယနေ့တွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် (Myanmar Institute of Information Technology) ၌ ရိုက်ကူးမှုပြုလုပ်သည်။ **(ယာပုံ)**



အဆိုပါအဖွဲ့သည် ယမန်နေ့က ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၏ ညရှုခင်းနှင့် မရမ်းကုန်းမြို့နယ်ရှိ ကလေးဝ ဘုန်းကြီးကျောင်းတို့ကို ရိုက်ကူးခဲ့ကြောင်း၊ ဆက်လက်၍ မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ပိုးထည်လုပ်ငန်းများနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီပုထိုးများအား ဆက်လက်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ရိုက်ကူးထားမှုများကို ၂၀၂၀ ပြည့်နှစ်တွင် ကျရောက်မည့် အိန္ဒိယနိုင်ငံနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်တို့ ပူးပေါင်းဆောင်ရွက်သည့် Mekong-Ganga Cooperation (MGC) ၏ နှစ်(၂၀) ပြည့် အထိမ်းအမှတ်အဖြစ် အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန Website တွင် လွှင့်တင်ပြသမည်ဖြစ်ကြောင်း သိရသည်။

**အောင်နိုင်ဦး(FDC)**

●*ကျောဖုံးမှ*

ပြိုင်ပွဲများအပြီး ဆုပေးပွဲကျင်းပရာ အမျိုးသမီးသံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ပထမ မှူးကိုဖေ(ကယား)၊ ဒုတိယ သိမ့်သိမ့်သူ (စစ်ကိုင်း)၊ တတိယ ဂျေမီလီအေး(ကချင်)၊ အမျိုးသမီးတန်းမြင့်ခုန်ပြိုင်ပွဲတွင် ပထမ မြတ်နိုးသူ (တနင်္သာရီ)၊ ဒုတိယ ဖြူပြာမြင့် (ဧရာဝတီ)၊ပူးတွဲ တတိယ ဝါဝါရွှေ(မကွေး)နှင့်ကြည်စမ်းဝေ (ရန်ကုန်)၊အမျိုးသား သုံးဆင့်ခုန်ပြိုင်ပွဲတွင် ပထမ ဟိန်းထက်အောင်(မန္တလေး)၊ ဒုတိယ နိုင်ထက်ပိုင်(တနင်္သာရီ)၊ တတိယ သူရိန်ထွန်း(စစ်ကိုင်း)၊အမျိုးသမီးမီတာ ၁၅၀၀ ပထမ ရူပါကျော်(ရှမ်း)၊ ဒုတိယ ထားသဥ္ဇာအေး(စစ်ကိုင်း)၊ တတိယ မြဖူးငုံ (မန္တလေး)၊ အမျိုးသားမာရသွန် ပြိုင်ပွဲတွင် ပထမ မိုးဦး(မန္တလေး)၊ ဒုတိယ လက်တီး(ရှမ်း)၊ တတိယ ဇင်မင်းထွန်း (စစ်ကိုင်း)၊ အမျိုးသမီး မာရသွန်ပြိုင်ပွဲတွင် ပထမ သဲသဲခိုင်(ပဲခူး)၊ ဒုတိယ မိုးအိဖြူ (တနင်္သာရီ)၊ တတိယ ဒေါ်ရစ်(တနင်္သာရီ)၊ အမျိုးသားမီတာ ၁၅၀၀ ပြိုင်ပွဲတွင် ပထမ ဇာနည်ထွန်း(မကွေး)၊ ဒုတိယ ကျော်ဆွေ(ပဲခူး)၊ တတိယ သန့်ဇင်စိုး(တနင်္သာရီ)၊ အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် ပထမ ထက်ဝေယံ (ရှမ်း)၊ ဒုတိယ စောမျိုးသက်ထွေး(ကရင်)၊ တတိယ ထက်ဝေယံ(စစ်ကိုင်း)၊ အမျိုးသမီး မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမ တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယ ဧရာဝတီတိုင်းဒေသကြီး၊ တတိယ ရှမ်းပြည်နယ်၊ အမျိုးသား မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း ပထမ ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယ ရှမ်းပြည်နယ်၊ တတိယ တနင်္သာရီတိုင်းဒေသကြီးတို့အား ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

ဆက်လက်၍ ရမှတ် ၉၂ မှတ်ဖြင့် အမျိုးသမီးတံခွန်စိုက်ဒိုင်းရရှိသော တနင်္သာရီတိုင်းဒေသကြီးအသင်းကို အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးကလည်းကောင်း၊ ရမှတ် ၉၄ မှတ်ဖြင့် အမျိုးသားတံခွန်စိုက်ဒိုင်းဆုရရှိသော ရှမ်းပြည်နယ်အသင်းအား မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းကလည်းကောင်း၊ ရမှတ် ၁၆၁ မှတ်ဖြင့် စုပေါင်းတံခွန်စိုက်ဒိုင်းရရှိသော တနင်္သာရီတိုင်းဒေသကြီးအသင်းအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖီဖာ၏ ထောက်ပံ့မှုဖြင့်ဆောင်ရွက်နေသော စီမံကိန်းများ ဖီဖာမှ တာဝန်ရှိသူများ လာရောက်စစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၁၆**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)မှ တာဝန်ရှိသူများ သည် မြန်မာနိုင်ငံသို့ သုံးရက်ကြာလာရောက်၍ FIFA Financial Governance Mission 2020 & FIFA Forward Program (Project) များ ဆောင်ရွက်နေမှုများကို လာရောက်စစ်ဆေးခဲ့သည်။

ဖီဖာကိုယ်စားလှယ်အဖွဲ့တွင် Mehmet Dirlik (FIFA Governance Program Coordinator)၊ Leonard Gabriel Gruter (FIFA Governance Program Coordinator) နှင့် Lavin Vigneshl (MA Development Officer)၊ Niko Nhouvannasak (Project Coordinator) တို့ ပါဝင်ကာ ဇန်နဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ လာရောက်ခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ဖီဖာမှ ထောက်ပံ့ပေးထားသော FIFA Forward Program (Project) စီမံကိန်းဆောင်ရွက်နေမှုများ၊ FIFA Forward Program 2.0 ဖြင့် ထောက်ပံ့ပေးထားသော ငွေကြေးသုံးစွဲနေမှုကိစ္စရပ်များကို စနစ်တကျရှိစေရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး စစ်ဆေးခဲ့သည်။




ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ ပေးအပ်သည့် FIFA Forward Funding များကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် သတ်မှတ်ထားသည့် စည်းမျဉ်းများနှင့်အညီ လုပ်ကိုင်နေခြင်း ရှိမရှိနှင့် ရှေ့ဆက်ပေးအပ်မည့် ထောက်ပံ့ငွေများကို စနစ်တကျသုံးစွဲနိုင်ရေးအတွက် ဖီဖာမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အကြံပေး ဦးသန်းဇော်၊ အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဘဏ္ဍာရေးဌာနမှ တာဝန်ရှိသူများနှင့် ပြင်ပစာရင်းစစ်အဖွဲ့တို့ တက်ရောက်ဆွေးနွေးသည်။

ယင်းနောက် ဖီဖာမှ တာဝန်ရှိသူများသည် FIFA Forward Program (Project) ဖြင့် ဆောက်လုပ်နေသည့် ဖူဆယ်အားကစားကွင်း၊ လေ့ကျင့်ရေးကွင်းသစ်တည်ဆောက်နေမှု၊ သုဝဏ္ဏဘောလုံးကွင်း မြက်ခင်းပြင်တည်ဆောက်ထားရှိမှု၊ ကြံ့ခိုင်ရေးခန်းမအတွင်းရှိလေ့ကျင့်ရေးစက်ပစ္စည်းများ၊ Dressing Room များနှင့် အာရှဘောလုံးအဖွဲ့ချုပ်၏ အကူအညီဖြင့် ဆောက်လုပ်သော AFC Mini Pitch နှစ်ကွင်းကို သွားရောက်ကြည့်ရှုသည်။

**ဖိုးသော်ဇင်၊ ဓာတ်ပုံ-MFF**

◆*ကျောဖုံးမှ*

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် လက်ရှိအချိန်ထိ နည်းပြသစ်ခန့်အပ်နိုင်ခြင်း မရှိသေးသောကြောင့် လက်ထောက်နည်းပြများကသာ တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် ဝါရင့်ကစားသမားများဖြစ်သည့် ခင်မာလာထွန်း၊ ဝင်းသိင်္ဂီထွန်း၊ မြဖူးငုံ (ဂိုး)၊ ခင်သန်းဝေနှင့် ဝေဝေအောင်တို့ ပြန်လည်ပူးပေါင်းနေပြီး စုစုပေါင်း ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ထိုင်းအသင်းနှင့် ခြေစမ်းပွဲအပြီးတွင် အိုလံပစ်ခြေစစ်ပွဲအတွက် အပြီးသတ်လူရွေးချယ်မည်ဖြစ်သည်။ မြန်မာအသင်းယှဉ်ပြိုင်မည့် အိုလံပစ်ခြေစစ်ပွဲ တတိယအဆင့်ကို ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပမည့် အုပ်စု(က)တွင် တောင်ကိုရီးယား၊ ဗီယက်နမ်၊ မြန်မာ၊ တရုတ်နိုင်ငံ၌ ကျင်းပမည့် အုပ်စု (ခ) တွင် ဩစတြေးလျ၊ တရုတ်၊ ထိုင်းနှင့် တရုတ်(တိုင်ပေ)တို့ ပါဝင်နေသည်။ **ညီမြတ်သော်တာ**

ကရင်ပြည်နယ်အစိုးရအဖွဲ့
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ဖာပွန်ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့
ပူးပေါင်းစီစဉ်ကျင်းပသော



ကလေးစာပေပွဲတော်



စာအုပ်စာပေပြပွဲနှင့်စာအုပ်ဈေးရောင်းပွဲ
( ဖာပွန်မြို့ )

၂၀၂၀ ပြည့်နှစ် ၊ ဇန်နဝါရီလ(၁၈ ၊ ၁၉)ရက်(စနေ၊ တနင်္ဂနွေ)နေ့၊ နံနက်(၉း၀၀)နာရီမှ ညနေ(၄း၀၀)နာရီထိ
မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။
အခြေခံပညာအထက်တန်းကျောင်း၊ ဖာပွန်မြို့။

## မြိတ်နှင့် ကော့သောင်းမြို့တို့တွင် ငွေကျပ်သိန်း ၂၇၆,၆၅၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၆**
တပ်မတော်နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၃ ရက် ညပိုင်းက မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ကျွဲကူးကျေးရွာ အဏ္ဏဝါရပ်ကွက်အတွင်း မြေပေါ်လွန်းကျင်း၌ ဆိုက်ကပ်ထားသော စက်လှေအား စစ်ဆေးရာ ယင်းစက်လှေပေါ်တွင် သိန်းကျော်နိုင် (ခ) မောင်ရေနှင့် မျိုးဝင်းတို့အားတွေ့ရှိရပြီး စက်လှေပေါ်မှ ကတ်တမင်း ၄၉၀ ကီလိုနှင့် အိုက်စ် ၂၀၁ ကီလိုတို့ကို လည်းကောင်း၊ ကွင်းဆက်အရ မြိတ်မြို့ နောက်လယ်ရပ်ကွက်ရှိ တည်းခိုခန်းတွင် တည်းခိုနေသူ မြင့်ဇော်၏ အခန်းအား ရှာဖွေရာ ဂျပန်နိုင်ငံလုပ် ဆက်သွယ်ရေးစက်တစ်လုံး၊ ဂြိုဟ်တုဖုန်းတစ်လုံး၊ GPS တစ်လုံး၊ ဂက်စ်ပစ္စတိုသေနတ်တစ်လက်၊ ခဲယမ်းမျိုးစုံ နှစ်တောင့်၊ သံလိုက်အိမ်မြှောင် တစ်ခု၊ ငွေကျပ် ၈၅၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ဆက်လက်၍ ကော့သောင်းမြို့ ရွှေဟသာ်ာရပ်ကွက် ရွာမ (၂) လမ်း ဒေါ်သိန်းရင်တန်းလျား အခန်းအမှတ် (၁/၉၇) ရှိ မြင့်ဇော်၏ နေအိမ်ခန်းကိုရှာဖွေရာ အိုက်စ် ၁ ကီလို၊ Icom အမျိုးအစား စကားပြောစက် တစ်လုံး၊ လက်လုပ်လေသေနတ် တစ်လက်နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။


မြင့်ဇော်နှင့် သိန်းကျော်နိုင် တို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့် အတူတွေ့ရစဉ်။

**ရဲပြန်ကြား**

## ဘုတ်ပြင်းမြို့နယ်၌ တောဆင်ရိုင်းတစ်ကောင် အဆိပ်လူးမြား ဒဏ်ရာများဖြင့် သေဆုံးလျက်တွေ့ရှိ


အဆိပ်လူးမြား ဒဏ်ရာများဖြင့် သေဆုံးနေသည့် တောဆင်ရိုင်းကို တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၆**
ဘုတ်ပြင်းမြို့နယ် ဝါးချောင်းကျေးရွာအနီး မြိတ်-ဘုတ်ပြင်းကားလမ်း မိုင်တိုင် (၁၂၆/၂-၃) အကြား၌ ဇန်နဝါရီ ၁၅ ရက် ညနေ ၅ နာရီ ၅ မိနစ်က အလျား ၁၀ ပေ၊ လုံးပတ် ၁၃ ပေ၊ နှာမောင်း ၅ ပေခန့်ရှိ အသက်တစ်နှစ်ခန့် ဟိုင်းဆင်အမျိုးအစား တောဆင်ရိုင်းအထီးတစ်ကောင် သေဆုံးလျက်တွေ့ရှိသည်။

အဆိုပါ တောဆင်ရိုင်းမှာ အမြီးပြတ်ကာ ဝဲနားရွက်နှင့် ဝမ်းဗိုက်ဝဲဘက်တို့တွင် အဆိပ်လူးမြားဒဏ်ရာ နှစ်ချက်ဖြင့် သေဆုံးနေခြင်းဖြစ်ပြီး သတ်ဖြတ်သွားသူများအား ဥပဒေနှင့်အညီ အမှုဖွင့်ထားကြောင်း သိရသည်။

**ကိုရဲ**

## မြန်မာ့ရုပ်မြင်သံကြား

၁၇-၁-၂၀၂၀ (သောကြာနေ့)

**နံနက်ပိုင်း**
- ၆:၀၀ – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ – Breakfast News
- ၇:၃၅ – MRTV Travelogue
- ၈:၄၀ – "အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် သမိုင်းဝင်ခရီးစဉ်"
- ၉:၂၀ – "လူမှုဘဝနှင့် မျက်မှောက်ရေးရာ"
- ၁၀:၃၅ – လူမှုစီးပွားမြင်ကွင်းများ
- ၁၁:၃၅ – အလုပ်သမားရေးရာ အစီအစဉ်
- ၁၂:၃၅ – နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (အပိုင်း-၂၂) (၁) (ပင်အဲသည်အမှားကို အမှန်ဖြစ်စေရန်အတွက် အာဏာသုံးခြင်း) (၁)
- ၁၅:၄၀ – "ဇန်နဝါရီလ လပတ် မိုးလေဝသအစီအစဉ်"

**ညပိုင်း**
- ၁၇:၀၅ – "အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဂျေယောဝူနှင့် တွေ့ဆုံမေးမြန်းခန်း"
- ၁၇:၃၅ – Weekly Sport Info
- ၁၈:၃၅ – သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ပျံကျကုလီ+ရွာကျော်မိကဲ"
- ၁၉:၅၅ – "စကားပြောတတ်သောနိုင်ငံတော်၏ ရှေးဟောင်းရတနာများ"
- ၂၀:၀၀ – ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀:၃၅ – ပြည်သူ့အကျိုးပြုမှတ်တိုင်များ"တိုးတက်အောင်မြင် မန္တလေးမြို့တော်တစ်ခွင်" (၂) (နိုင်လွန်ကတ္တရာစေးစက်ရုံ)
- – မြန်မာ့ရုပ်ရှင်ရာပြည့်ဂုဏ်ပြုအစီအစဉ်များ
- – မြန်မာ့ရုပ်ရှင်ရာပြည့်ဂုဏ်ပြုအစီအစဉ် "လိပ်ပြာကူးထူးခြားသူများ" (အကယ်ဒမီ ဆွေဇင်ထိုက်)

## ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် ဒလမြို့နယ်တို့အတွင်း ခိုးမှုကျူးလွန်သူများ ဖမ်းမိ

**ရန်ကုန် ဇန်နဝါရီ ၁၆**
ရန်ကုန်အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အတွင်း ခိုးမှုများ ကျူးလွန်ထားကြောင်း သတင်းရရှိထားသူ နေလင်းအောင် (ခ) စနေ၊ ဆန်းလင်းထွန်း (ခ) ကုလားနှင့် သူရဇော် (ခ)ရေခဲမုန့်တို့ သုံးဦးကို (၂) ရပ်ကွက် အာသာဝတီ (၃) လမ်းအတွင်း တွေ့ရှိသဖြင့် ဖမ်းဆီးစစ်ဆေးခဲ့သည်။

၎င်းတို့သုံးဦးသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာလများအတွင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ရပ်ကွက်များမှ စုစုပေါင်း ဆိုင်ကယ်ခြောက်စီးနှင့် ဖုန်းတစ်လုံး ခိုးယူခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် လိုက်လံသိမ်းဆည်းခဲ့ပြီး ခိုးမှုကျူးလွန်သူ နေလင်းအောင် (ခ) စနေ ပါသုံးဦးကို ဥပဒေနှင့်အညီ အရေးယူထားကြောင်း သိရသည်။

အလားတူ ဒလမြို့နယ်အတွင်း ခိုးမှုများကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ ဝေဖြိုးဦး (ခ) ကတုံးကို ကမာကဆစ်ရပ်ကွက် စိုက်ပျိုးရေးစိမ်းလန်းလမ်းပေါ်တွင် ဇန်နဝါရီလ ပထမပတ်က တွေ့ရှိသဖြင့် စစ်ဆေးရာ ၎င်းသည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလက ဒလမြို့နယ် ဗညားဒလရပ်ကွက် အောင်ဆန်းသူရိယ လှသောင်းအားကစားကွင်းအနီးရှိ နေအိမ်တစ်အိမ်ရှေ့မှ ဆိုင်ကယ်တစ်စီးကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖမ်းဆီးရမိသူ ဝေဖြိုးဦး (ခ) ကတုံးကို ဆက်လက်စစ်ဆေးရာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလများအတွင်းက ဒလမြို့နယ် ရပ်ကွက်များမှ စုစုပေါင်း ဖုန်းနှစ်လုံး၊ စက်ဘီး ခြောက်စီးနှင့် ဆိုင်ကယ် သုံးစီးတို့ကို ခိုးယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ခိုးမှုကျူးလွန်သူ ဝေဖြိုးဦး (ခ) ကတုံးအား ဥပဒေနှင့်အညီ အရေးယူထားကြောင်းနှင့် ပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာနယ်မြေ ရဲစခန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ကိုရဲ**

## မှုခင်းကျဆင်းရေး အသိပညာပေး

### ခရမ်း

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ဘုရားပျိုကျေးရွာ အုပ်ချုပ်ရေးမှူး နေအိမ်၌ ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက ဘုရားပျိုနယ်မြေရဲစခန်းမှူး ရဲအုပ် သူရထွန်းဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ကျေးရွာနေပြည်သူများအား မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

### သံတောင်ကြီး

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် သံစဉ်ကုန်း မူလွန်ကျောင်း၌ ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး နော်လော်မူ၊ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဟန်ဇင်သန့်၊ သံတောင်ကြီး မြို့နယ်ရဲတပ်ဖွဲ့မှူရဲမှူး အောင်ဝင်းစိန်နှင့် မြို့မရဲစခန်းမှူးဒုရဲမှူး ကြည်ခိုင်ကျော်တို့က ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများအား သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှုပပျောက်ရေး သိကောင်းစရာများ အသိပညာပေး ဟောပြောခဲ့ကြကြောင်း သိရသည်။

**သူရ (တောင်ငူ)**


ဒဂုံမြို့နယ် ပြည်လမ်းအရှေ့ရပ်ကွက် ပြည်သူ့ဥယျာဉ် ဓမ္မစေတီလမ်းဝင်ထွက်ပေါက်အနီးတွင် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက ဒဂုံမြို့မရဲစခန်းမှူး ဒုတိယ ရဲမှူး ဇော်နီချစ်နှင့် အဖွဲ့၊ အမှတ် (၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ဒုတိယရဲအုပ် ကျော်လင်းထိုက်နှင့် မူးယစ်တပ်ဖွဲ့စု (၄၂) မှ ရဲတပ်ကြပ် နိုင်နိုင်လင်းတို့ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းအသိပညာပေးယာဉ်ဖြင့်ပြသကာ ပြည်သူများအား မှုခင်းအသိပညာပေး ဟောပြောစဉ်။ မင်းခေတ်

## ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၆**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၁၅ ရက်က မန္တလေး - မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၇၇၂ စီး၊ သွင်းကုန် ၁၈၀၉ စီး၊ ရန်ကုန် - မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၅၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၅ ရက်က မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက ဖမ်းဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၂၉၂ သန်းတန်ဖိုးရှိ Fuso ၁၂ ဘီးယာဉ် တစ်စီးပေါ်တွင် တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သော ဘေထုပ် 26 PKgs၊ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသော စားသောက်ကုန်ပစ္စည်းနှစ်မျိုးနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီးအား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အလားတူ ဇန်နဝါရီ ၁၄ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် Toyota Alphard ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Brand New OPPO Handset (750) U အား လည်းကောင်း၊ Nissan Wingroad ယာဉ်တစ်စီးပေါ်တွင် တရားမဝင် တင်ဆောင်လာသည့် ရှေးဟောင်းပစ္စည်းဟု ယူဆရသော ပစ္စည်း ၂၂ မျိုး နှင့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးအရွယ်အစားမျိုးစုံ 76 Kg ကျောက်ဖြင့် ပြုလုပ်သော ပုတီး၊ လက်စွပ်၊ လက်ကောက်အချောထည် 31Kg အားလည်းကောင်း၊ ခရီးသည်တင်ယာဉ်တစ်စီးပေါ်မှ အမိုနီယမ်နိုက်ထရိတ်ဟု ယူဆရသော ဓာတ်မြေဩဇာအိတ် ၉၅ အိတ်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်သုံးစီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉ ဒသမ ၆၀၀ သန်းအား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

Don't Use Cell Phone While Driving
အသက်အန္တရာယ်ကင်းစေဖို့ ယာဉ်မောင်းနှင်စဉ် ဖုန်းသုံးစွဲမှုရှောင်ရှားစို့

# တရုတ်နှင့် အမေရိကန်နိုင်ငံတို့အကြား ကုန်သွယ်ရေးသဘောတူညီချက် ပထမအဆင့် လက်မှတ်ရေးထိုး

ဝါရှင်တန် ဇန်နဝါရီ ၁၆

**တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အကြား စီးပွားရေးနှင့် ကုန်သွယ်ရေးသဘောတူညီချက် ပထမအဆင့်ကို ဇန်နဝါရီ ၁၅ ရက်က အိမ်ဖြူတော်၌ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။**

အဆိုပါကုန်သွယ်ရေးသဘောတူညီမှု ပထမအဆင့်ကို အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီရှိ အိမ်ဖြူတော်တွင် ပြုလုပ်သည့် အခမ်းအနား၌ တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တရုတ်-အမေရိကန် ဘက်စုံစီးပွားရေး ဆွေးနွေးမှု၏ တရုတ်နိုင်ငံဆိုင်ရာ အကြီးအကဲ လျူဟဲနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ထို့နောက်တွင် မစ္စတာလျူသည် စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပထမအဆင့် လက်မှတ်ရေးထိုးပြီးနောက် သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။ အမေရိကန်ဘက်မှ ထုတ်ပြန်ခဲ့သည့် ထုတ်ပြန်ချက်အရ တရုတ်နိုင်ငံအနေဖြင့် ယခုနှစ်နှင့် လာမည့်နှစ်တို့တွင် အမေရိကန်၏ စိုက်ပျိုးရေးထွက်ကုန်များ၊ အခြားကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ဒေါ်လာဘီလီယံ ၂၀၀ ဖိုးအထိ ပိုမိုဝယ်ယူမည်ဖြစ်ကြောင်း သိရသည်။ လက်မှတ်ရေးထိုးသည့် အခမ်းအနား၌ သမ္မတထရမ့်က အမေရိကန်သည် တရုတ်နိုင်ငံနှင့် အရေးကြီးသော ခြေလှမ်းတစ်ခုကို လှမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း၊ လက်မှတ်ရေးထိုးမှုသည် အမေရိကန်လုပ်သားများနှင့် လယ်သမားများအတွက် စီးပွားရေးအရ မျှတမှုကို ဆောင်ကြဉ်းပေးနိုင်မည့် နည်းလမ်းတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

အေအက်ဖ်ပီ



တရုတ်နှင့် အမေရိကန် ကုန်သွယ်ရေးသဘောတူညီချက် ပထမအဆင့် လက်မှတ်ရေးထိုးခဲ့မှုကို တွေ့ရစဉ်။

# ပြည်သူများ၏ဘဝ ပိုမိုတိုးတက်ရန် အစိုးရအနေဖြင့် ပိုမိုကြိုးစားရန်လိုကြောင်း ရုရှားဝန်ကြီးချုပ်လောင်းပြော

မော်စကို ဇန်နဝါရီ ၁၆

ရုရှားပြည်သူများ၏ဘဝ တကယ့်တိုးတက်မှုကို ခံစားရရှိစေရန် ရုရှားအစိုးရအနေဖြင့် ပိုပြီးကြိုးစားလုပ်ကိုင်ကြရန်လိုကြောင်း သမ္မတ ဗလာဒီမာပူတင် အဆိုပြုထားသော ဝန်ကြီးချုပ်လောင်း မီခေးလ်မီရှူစတင်က မူဝါဒရေးရာ အကောင်အထည်ဖော်သူများကို ဇန်နဝါရီ ၁၆ ရက်က ပြောကြားလိုက်သည်။

သမ္မတ ဗလာဒီမာပူတင်က ပြည်သူများပိုမိုကောင်းမွန်သည့်ပြောင်းလဲမှုများကို သိမြင်ခံစားရတော့မည်ဆိုသည့် စကားကို မကြာခဏ အလေးအနက်ထား ပြောကြားလေ့ရှိကြောင်းကို သမ္မတအဆိုပြု ဝန်ကြီးချုပ် မီခေးလ်မီရှူစတင်က မူဝါဒရေးရာပြဋ္ဌာန်းသူများကို ပြောကြားလိုက်သည်။

မီခေးလ်မီရှူစတင်သည် စီးပွားရေးနှင့် နိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး စွန့်ဦးတီထွင်သူတစ်ဦးလည်းဖြစ်ကာ လတ်တလောတွင် ရုရှားနိုင်ငံ အခွန်ဌာန၏ အကြီးအကဲတစ်ဦးဖြစ်သည်။ ၎င်းကို ရုရှားနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် သမ္မတ ဗလာဒီမာပူတင်က ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီ ၁၅ ရက်က ရုရှားသမ္မတပူတင်သည် အခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်မည်ဟု ပြောကြားပြီးနောက် ၎င်း၏ အားထားယုံကြည်ရသည့် ဒီမီထရီ မက်ဗီဒက်သည် နိုင်ငံ၏ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့သည်။

အသက် ၅၃ နှစ်ရှိပြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံရသည့် မီခေးလ်မီရှူစတင် က အာဏာပိုင်များသည် စီးပွားရေးအသိုင်းအဝိုင်း၏ ယုံကြည်မှုကို ထိန်းသိမ်းရန်လိုကြောင်း ပြောကြားသည်။

ယခုထက်ပိုမိုတိုးတက်ရန်နှင့် နိုင်ငံ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) တိုးတက်ရန် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရန်လိုကြောင်း၊ အာဏာပိုင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား ယုံကြည်မှုထိန်းသိမ်းရန် လိုကြောင်း မီခေးလ်မီရှူစတင်က ဆက်လက်ပြောကြားသည်။



ရုရှားဝန်ကြီးချုပ်သစ်အဖြစ် အဆိုပြုရွေးချယ်ထားသူ မီခေးလ်မီရှူစတင်။

အစိုးရတွင် လုပ်စရာတွေအများကြီးရှိကြောင်းနှင့် အပြုသဘောဆောင်သည့် ဝေဖန်မှုများကိုလည်း လမ်းဖွင့်ပေးဖို့လိုကြောင်း၊ ထို့အပြင် သာမန်လူထုနှင့်လည်း ပိုမိုထိတွေ့ဖို့လိုကြောင်း၊ ဘာတွေဖြစ်ပျက်နေသလဲဆိုသည့် ပြည်သူ့အသံများကိုလည်း နားထောင်ဖို့လိုကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

အေအက်ဖ်ပီ

# သမ္မတထရမ့်ကို တရားစွဲဆိုထားသည့် အကြောင်းအရာ ခေါင်းစဉ်များကို ဆီးနိတ်လွှတ်တော်သို့ ပေးပို့

ဝါရှင်တန် ဇန်နဝါရီ ၁၆

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်အပေါ် တရားစွဲဆိုထားသည့် အာဏာအလွဲသုံးမှုနှင့် အထက်လွှတ်တော်(ဆီးနိတ်)ကို အနှောင့်အယှက်ပေးမှု အကြောင်းအရာခေါင်းစဉ်များကို အထက်လွှတ်တော်သို့ ယမန်နေ့က ပေးပို့လိုက်ကြောင်း သိရသည်။ ယင်းကိစ္စသည် အမေရိကန်ခေါင်းဆောင်တစ်ဦးကို သမ္မတ ရာထူးမှ ဖယ်ရှားရန် ကြိုးပမ်းသည့် သမိုင်းဝင်လုပ်ဆောင်ချက်တစ်ခု ဖြစ်လာခဲ့သည်။

ရီပတ်ဘလစ်ကန် အထက်လွှတ်တော်ခေါင်းဆောင် မက်ကော်နယ်က အဆိုပါအကြောင်းအရာခေါင်းစဉ်များကို ဇန်နဝါရီ ၁၆ ရက် ညနေပိုင်းတွင် ဖတ်ကြားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ထို့နောက်တွင် အထက်လွှတ်တော် အမတ်များကို ဂျူရီလူကြီးအဖြစ် ခန့်အပ်မည်ဖြစ်ကာ ဇန်နဝါရီ ၂၁ ရက်တွင် စတင်မည့် ကြားနာစစ်ဆေးမှုအတွက် ပြင်ဆင်မှုများ လုပ်ဆောင်သွားမည်ဖြစ်သည်ဟု သိရသည်။

ဒီမိုကရက်တစ် အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပယ်လိုစီက “ကျွန်ုပ်တို့တိုင်းပြည်အတွက် ဝမ်းနည်းဖွယ်ကောင်းသည်မှာ သမ္မတသည် အမျိုးသားလုံခြုံရေးကို အားနည်းအောင်လုပ်ဆောင်ခဲ့ပြီး ၎င်း၏ ကတိကဝတ်များကို ချိုးဖောက်ခဲ့ကာ ရွေးကောက်ပွဲ၏ လုံခြုံရေးကို ထိခိုက်စေခဲ့မှုများကြောင့် ယခုကဲ့သို့ လုပ်ဆောင်ရခြင်းဖြစ်သည်”ဟု ပြောကြားခဲ့သည်။

သမ္မတထရမ့်သည် အမေရိကန်ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင်ကို စုံစမ်းစစ်ဆေးရေးအတွက် ယူကရိန်းအား ဖိအားပေးရန်လုပ်ဆောင်ခဲ့မှုနှင့် ပြီးခဲ့သည့် ဇူလိုင်လနှင့် စက်တင်ဘာလအတွင်း ယူကရိန်းသို့ အမေရိကန်ဒေါ်လာ ၃၉၁ သန်းကို လျှို့ဝှက်အကူအညီပေးအပ်ခဲ့သည်ဟု စွပ်စွဲခံထားရကြောင်း သိရသည်။

အေအက်ဖ်ပီ

# ဂျပန်နိုင်ငံ၌ ပထမဆုံး ကိုရိုနာဗိုင်းရပ်စ် မျိုးရိုးဗီဇသစ်တစ်ခု တွေ့ရှိ

တိုကျို ဇန်နဝါရီ ၁၆

**ကိုရိုနာဗိုင်းရပ်စ်၏ မျိုးရိုးဗီဇအသစ်တစ်ခုကို တရုတ်နိုင်ငံ ဝူဟန်သို့ သွားရောက်လည်ပတ်ခဲ့သည့် အမျိုးသားတစ်ဦးတွင် တွေ့ရှိခဲ့ကြောင်း ဇန်နဝါရီ ၁၆ ရက်က ဂျပန်ကျန်းမာရေးဝန်ကြီးဌာနမှ ပြောကြားလိုက်သည်။**



တိုကျိုမြို့ ဈေးရောင်းဈေးဝယ်နေရာတစ်ခုတွင် လမ်းသွားလမ်းလာများ နှာခေါင်းစည်းများ တပ်ထားသည်ကို ဇန်နဝါရီ ၁၆ ရက်က တွေ့ရစဉ်။

တရုတ်နိုင်ငံ အလယ်ပိုင်း ကုန်းတွင်းပိုင်းကျသော မြို့တော် တစ်ခုဖြစ်သည့် ဝူဟန်မြို့သည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖြစ်ပွား ဟန်ရှိသော အဆုတ်ရောင်ရောဂါ တစ်မျိုး ကူးစက်ဖြစ်ပွားနေကြောင်း သိရသည်။

ယခုလိုမျိုး ကိုရိုနာဗိုင်းရပ်စ်မျိုးရိုးဗီဇတစ်ခုကို ဂျပန်နိုင်ငံတွင်တွေ့ရခြင်းသည် ပထမဆုံး ဖြစ်ရပ်ဖြစ်သည်။

တိုကျိုမြို့အနီး ကာနာဂါဝါ စီရင်စုတွင် နေထိုင်သည့် အသက် ၃၀ ကျော် အမျိုးသားသည် ဇန်နဝါရီ ၃ ရက်က ဝူဟန်တွင် အဖျားရောဂါ ခံစားခဲ့ရသည်ဟု ဆိုသည်။ ထို့နောက် ဇန်နဝါရီ ၆ ရက်တွင် ဂျပန်သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး ဆေးရုံတက်ရောက်ခဲ့ကြောင်း သိရသည်။

ကူးစက်ရောဂါဆိုင်ရာအမျိုးသား အင်စတီကျူက စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ကိုရိုနာဗိုင်းရပ်စ်အသစ်တစ်မျိုးကို တွေ့ရှိခဲ့သည်။

အဆိုပါ အမျိုးသားသည် ရောဂါများ သက်သာပျောက်ကင်းပြီဖြစ်ပြီး ဇန်နဝါရီ ၁၅ ရက်က ဆေးရုံမှဆင်းခဲ့ကြောင်း၊ ၎င်းအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုနှင့် အများဆုံး ဆက်စပ်နေသည့် ဝူဟန်ပင်လယ်စာရောင်းချသည့်ဈေးသို့ မသွားရောက်ခဲ့ကြောင်း သက်ဆိုင်ရာအရာရှိများကို သတင်းပေးပို့ခဲ့သည်။ အရာရှိများက အဆိုပါ အမျိုးသားသည် ရောဂါပိုးရှိသူများနှင့် နီးကပ်စွာ ထိတွေ့မှုများ ရှိခဲ့ကြောင်း ဖော်ပြခဲ့သည်။

အမှန်တကယ်ကို နားလည်ရန် ခက်ခဲပြီးရှုပ်ထွေးသည့် အဆုတ်ရောင်ရောဂါတစ်မျိုးသည် လွန်ခဲ့သည့်လက ဝူဟန်တွင် စတင်ပျံ့နှံ့ခဲ့သည်။ အဆိုပါ ရောဂါသည် လူပေါင်း ၄၁ ဦးသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီးနောက် အသက် ၆၁ နှစ်အရွယ် သက်ကြီးပိုင်းတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## ကားလို့စ်ဂွင်း ထွက်ပြေးသွားပြီးနောက် ၎င်း၏ ရှေ့နေများ နုတ်ထွက်

တိုကျို ဇန်နဝါရီ ၁၆

နစ်ဆန်းမော်တာကုမ္ပဏီ ဥက္ကဋ္ဌဟောင်း ကားလို့စ်ဂွင်းသည် လက်ဘနွန်နိုင်ငံသို့ ထွက်ပြေးသွားပြီးနောက် ၎င်း၏ အမှုအတွက် ဆောင်ရွက်ပေးနေသည့် ဂျပန်ရှေ့နေ အမြောက်အမြား နုတ်ထွက်သွားခဲ့ကြောင်း သိရသည်။

ရှေ့နေ ဂျူနီချီရို ဟီရိုနာကာက ကားလို့စ်ဂွင်း၏အမှုတွင် လိုက်ပါဆောင်ရွက်ပေးမှုမှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ဇန်နဝါရီ ၁၆ ရက်တွင် သတင်းထောက်များသို့ ပြောကြားခဲ့သည်။

ရှေ့နေ တာကာရှီ တာကာနို အပါအဝင် အခြားရှေ့နေများလည်း နုတ်ထွက်သွားကြောင်း သတင်းရင်းမြစ်များက ဖော်ပြသည်။ သို့ရာတွင် ရှေ့နေ ဟီရိုရီကာဝတ်စုနှင့် အခြားရှေ့နေများမှာ ဂွင်းအတွက် ခုခံချေပမှု ဆက်လက်လုပ်ဆောင်မည်ဖြစ်သည်ဟု သိရသည်။

အင်န်အိတ်ချ်ကေ

# ထူးခြားဆန်းပြား ကမ္ဘာတစ်ခွင်မှ သတင်းများ

ခြူးစန္ဒီနွေး

အခုတစ်ပတ်မှာတော့အရင်ဖော်ပြနေကျ နိုင်ငံတကာအကြောင်းအရာတွေ မဟုတ်ဘဲ သိပ္ပံသတင်းနဲ့ အခြားစိတ်ဝင်စားဖွယ်ရာသတင်းတွေကို စုစည်းတင်ပြလိုက်ပါတယ်။

## အာကာသကိုသွားမယ် လိုက်မလားအချစ်ရယ်

ပထမဆုံးဖော်ပြလိုတဲ့အကြောင်းအရာကတော့ ဂျပန်ဘီလျံနာတစ်ဦးဟာ အာကာသအတွင်းကို သူနဲ့အတူသွားဖို့ လက်တွဲဖော်ရှာနေတယ်ဆိုတဲ့အကြောင်းအရာပါပဲ။ ဒီအကြောင်းအရာကတော့စိတ်ကူးယဉ် သိပ္ပံဇာတ်ကားတွေထဲကအတိုင်းပါပဲ။ ဂျပန်ဘီလျံနာတစ်ဦးဖြစ်တဲ့ ယူဆာကူ မဲဇာဝါကတော့ အာကာသခရီးရှည်မှာသူနဲ့အတူ လိုက်ပါမယ့် အထူးပုဂ္ဂိုလ်တစ်ယောက်ကို ရှာဖွေနေပါတယ်။ သူဟာမကြာသေးခင်ကမှ သူ့ရဲ့ချစ်သူနဲ့လမ်းခွဲထားတာလည်းဖြစ်ပါတယ်။ အာကာသကိုသူနဲ့အတူ သွားဖို့အမျိုးသမီး လက်တွဲဖော်ကို ရှာနေကြောင်းအွန်လိုင်းကနေတစ်ဆင့် အသိပေးခဲ့ပါတယ်။ အာကာသအတွင်း သွားမယ့်ခရီးစဉ်ကိုတော့ ၂၀၂၃ ခုနှစ်မှာ အစီအစဉ်ဆွဲထားပါတယ်။ အထီးကျန်ဆန်ပြီး ဘာမျှမရှိသလို ခံစားနေရတဲ့ခံစားချက်ကနေ သက်သာရာရဖို့အတွက် အမျိုးသမီးလက်တွဲဖော်ရှာဖို့ကြိုးစားနေတာပါ။ ဘဝတစ်သက်တာလက်တွဲဖော်ကို ရှာနေတာလည်းဖြစ်တယ်လို့ အသက် ၄၄ နှစ်အရွယ် ယူဆာကူမဲဇာဝါက ပြောပါတယ်။ သူဟာ Zozouown ဆိုတဲ့ အွန်လိုင်းရှော့ပင်းထောင်ထားပြီး ဂျပန်မှာတော့နာမည်ကြီးပါပဲ။ သူ့ရဲ့ကြွယ်ဝချမ်းသာမှုကတော့ နှစ်ဘီလီယံရှိတယ်လို့ ဖော့ဘ်မဂ္ဂဇင်းရဲ့ဖော်ပြချက်အရ သိရပါတယ်။ သူ့ရဲ့ဘဝလက်တွဲဖော်အဖြစ် လျှောက်ထားမယ့်အမျိုးသမီးကတော့ အသက် ၂၀ အရွယ်လူလွတ်အမျိုးသမီး ဖြစ်ရပါမယ်။ နောက်ပြီး ကိုယ်ရည်ကိုယ်သွေးကောင်းမွန်ရမှာဖြစ်ပြီး အာကာသအကြောင်းကို စိတ်ဝင်စားသူလည်းဖြစ်ရပါမယ်။ လျှောက်လွှာနောက်ဆုံးရက်ကတော့ ဇန်နဝါရီ ၁၇ ရက်ဖြစ်ပြီး မတ်လအတွင်းမှာ အပြီးသတ်ရွေးချယ်သွားမယ်လို့ သိရပါတယ်။




ယူဆာကူ မဲဇာဝါ၏ လက်တွဲဖော်ရှာဖွေသည့် ကြော်ငြာကို တွေ့ရစဉ်။

## စက်ရုပ်အကူအညီနဲ့ ခွဲစိတ်မှုပြုလုပ်

နောက်ထပ်ဖော်ပြပေးမယ့် အကြောင်းအရာကတော့ တရုတ်နိုင်ငံမှာ စက်ရုပ်ရဲ့ အကူအညီနဲ့ တင်ပါးအစားထိုးကုသမှုကို ပြုလုပ်နိုင်ခဲ့တယ်ဆိုတဲ့အကြောင်းအရာပါပဲ။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁၁ ရက်နေ့မှာတော့ တရုတ်နိုင်ငံ ပေကျင်းရှိ ကျင်းရွှေထန်ဆေးရုံမှာ ပြည်တွင်းဖြစ်စက်ရုပ်ရဲ့အကူအညီနဲ့ တင်ပါးအစားထိုးကုသမှုကို ပြုလုပ်နိုင်ခဲ့ပါတယ်။ ခွဲစိတ်ကုသမှုခံယူခဲ့တဲ့လူနာဟာ တင်ပါးနာကျင်မှုဝေဒနာကို နှစ်ပေါင်းများစွာကြာအောင် ခံစားခဲ့ရသူလည်း ဖြစ်ပါတယ်။ အစားထိုးကုသရာမှာတော့ စက်ရုပ်ဟာ လူနာရဲ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို ခွဲခြမ်းနိုင်ပြီး ကျောရိုးတင်ပဆုံရိုး ဆက်နွှယ်မှုကိုလည်း ခွဲခြမ်းစိတ်ဖြာနိုင်တယ်လို့ သိရပါတယ်။ အဲဒီနောက်မှာတော့ စက်ရုပ်ဟာ စီစဉ်ထားတဲ့အတိုင်း ခွဲစိတ်ရာမှာကူညီမှုတွေ လုပ်ဆောင်ပေးခဲ့တယ်လို့ ခွဲစိတ်ဆရာဝန် ကျို့ရီရှင်က ပြောပါတယ်။ ဒီလိုနဲ့ တိုင်းပြည်အတွက် ပထမဆုံးခွဲစိတ်မှုပြုလုပ်ရာမှာ အကူအညီပေးတဲ့ စက်ရုပ်ဖြစ်လာခဲ့ပါတယ်။ တရုတ်နည်းပညာကုမ္ပဏီဖြစ်တဲ့ တီနာဗီကတော့ အရိုးကုသရာမှာ အသုံးဝင်မယ့်စက်ရုပ်ကို အထူးလေ့လာနေတာပဲ ဖြစ်ပါတယ်။ ကျို့ ဦးဆောင်တဲ့



စက်ရုပ်အကူအညီဖြင့် တင်ပါးအစားထိုးကုသမှု ပြုလုပ်နေစဉ်။

အဖွဲ့ဟာ ခွဲစိတ်စက်ရုပ်တွေမှာ အသိပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာဖို့ ကြိုးစားလုပ်ဆောင်နေတဲ့အဖွဲ့လည်း ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်မှာတော့ တရုတ်နိုင်ငံမှာ တင်ပါးအစားထိုးကုသမှု သုံးသိန်းခန့်ပြုလုပ်ခဲ့ပါတယ်။ စက်ရုပ်ရဲ့ အကူအညီနဲ့ ခွဲစိတ်မှုလုပ်ဆောင်တာဟာ နောက်ပိုင်းမှာ ရေပန်းစားလာမယ်လို့ယူဆပြီး လူနာတွေအတွက် ပိုမိုတိကျတဲ့ကုသမှုတွေ လုပ်ဆောင်ပေးနိုင်မယ်လို့ ကျို့က မျှော်လင့်ထားပါတယ်။

## နှစ်ငါးရာတိုင်တိုင် မကွဲတဲ့ကြက်ဥ

နောက်ထပ်ဖော်ပြပေးမယ့် အကြောင်းအရာကတော့ နှစ်ပေါင်း ၅၀၀ သက်တမ်းရှိ ကြက်ဥတွေအကြောင်းပဲ ဖြစ်ပါတယ်။ ကြက်ဥဆိုတာ အင်မတန်မှ ကွဲလွယ်တဲ့အရာပါ။ ဒါတောင်မှ နှစ်ပေါင်း ၅၀၀ တိုင်တိုင်မကွဲဘဲ ရှိနေခဲ့တယ်ဆိုရင်တော့ ထူးဆန်းတဲ့အကြောင်းအရာတစ်ခုဖြစ်လာပါပြီ။ တရုတ်နိုင်ငံ စီချွမ်ပြည်နယ်မှာ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၂ ရက်မှာတော့ ရှေးဟောင်းသုတေသနပညာရှင်တွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀၀ ခန့်က ဆန်တစ်အိုးနဲ့ကြက်ဥတွေကို



ဆန်အိုးထဲထည့်ထားသည့် ကြက်ဥကို မပျက်မစီးဘဲ တွေ့ရစဉ်။

တူးဖော်တွေ့ရှိခဲ့ပါတယ်။ မင်မင်းဆက်ခေတ်က အုတ်ဂူအတွင်းက အဲဒီအိုးကို ရှာတွေ့ခဲ့တာပဲ ဖြစ်ပါတယ်။ ၁၅၀၁ ခုနှစ်တုန်းက ယန်းမင်လို့အမည်ရတဲ့လူရဲ့အုတ်ဂူဖြစ်မယ်လို့ ယူဆရပြီး သူ့မှာဇနီးနှစ်ဦးရှိတယ်လို့လည်း သိရပါတယ်။ ကြက်ဥတွေကို ပုံစံမပျက်ဘဲ ဆန်အိုးထဲမှာတွေ့ရှိရတာပဲ ဖြစ်ပါတယ်။ ကြက်ဥဘယ်နှလုံးတွေ့တယ်ဆိုတာကိုတော့ သုတေသီတွေက အတိအကျပြောဆိုခဲ့ခြင်း မရှိပါဘူး။ သင်္ချိုင်းဂူကိုတည်ဆောက်ရာမှာ သေချာဂရုစိုက်ပြီး တည်ဆောက်ခဲ့တာကြောင့် အပူချိန်နဲ့ စိုထိုင်းမှုဟာ ပုံမှန်ဖြစ်နေတယ်။ ဒါကြောင့်လည်း ကြက်ဥတွေ ကွဲမသွားခဲ့တာလို့ ပြတိုက်မှူးက ပြောပါတယ်။ တရုတ်ရှေးဟောင်း ဂူသင်္ချိုင်းတွေကနေ ကြက်ဥတွေ အကောင်းပကတိရတာကတော့ ရှားပါးတဲ့ဖြစ်စဉ်တစ်ခုပါပဲ။ ပြီးခဲ့တဲ့နှစ် မတ်လအတွင်းကလည်း ကျန်းစုပြည်နယ်မှာ ကြက်ဥထည့်ထားတဲ့အိုးကို နှစ်ပေါင်း ၂၅၀၀ သက်တမ်းရှိ ဂူသင်္ချိုင်းထဲကနေ တွေ့ခဲ့ရပါတယ်။ ကြက်ဥတွေအားလုံးထဲက တစ်လုံးသာကွဲနေခဲ့တာကိုလည်း တွေ့ရပါတယ်။ အုတ်ဂူအတွင်းမှာ ကြက်ဥထည့်တာနဲ့ပတ်သက်ပြီး သမိုင်းပညာရှင်တွေဟာ အငြင်းအခုံလုပ်နေကြတုန်းပဲ ရှိပါတယ်။ တချို့ကလည်း အသက်ရှည်ခြင်းရဲ့ သင်္ကေတဖြစ်တယ်လို့ ယူဆကြပြီး အချို့ကတော့ အုတ်ဂူပိုင်ရှင်ဟာ အသက်ရှင်စဉ်တုန်းက ကြက်ဥကြိုက်တဲ့လူဖြစ်တာကြောင့် အုတ်ဂူမှာ ကြက်ဥထည့် မြှုပ်တာလို့ ယူဆကြပါတယ်။

## အရက်ကြောင့် သေဆုံးသူအမျိုးသမီး အရေအတွက်မြင့်တက်

နောက်ဆုံးဖော်ပြပေးမယ့် အကြောင်းအရာကတော့ အရက်အလွန်အကျွံသောက်သုံးမှုကြောင့် သေဆုံးရတဲ့အမျိုးသမီးအရေအတွက် ထင်ထင်ရှားရှား



မြင့်တက်လာတယ် ဆိုတဲ့အကြောင်းအရာပဲ ဖြစ်ပါတယ်။ အရက်ကို အန္တရာယ်ဖြစ်စေနိုင်လောက်တဲ့အထိ သောက်သုံးတဲ့အမျိုးသမီးတွေ အမေရိကန်မှာ မြင့်တက်လာတာကို တွေ့ရပါတယ်။ အရက်အလွန်အကျွံသောက်သုံးမှုနှင့် အရက်စွဲလမ်းမှုဆိုင်ရာ အမျိုးသားအင်စတီကျူကနေ စစ်တမ်းကောက်ယူမှုတွေ ပြုလုပ်ခဲ့တာပဲ ဖြစ်ပါတယ်။ ၁၉၉၉ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အထိ အမေရိကန်တစ်လွှားမှာ သေဆုံးမှုတွေကို လေ့လာကြည့်ရာမှာတော့ အရက်သောက်သုံးလို့ သေဆုံးရတာ အပါအဝင် နာတာရှည်ရောဂါကြောင့် သေဆုံးမှု၊ ဆေးလွန်လို့ သေဆုံးရမှုနဲ့ အခြားဆေးဝါးတွေ ရောစပ်အသုံးပြုမှုကြောင့် သေဆုံးရမှုတွေကို တွေ့ရှိရပါတယ်။ အဲဒီအချိန်ကာလအတွင်း အရက်နဲ့ဆက်နွှယ်မှုကြောင့် သေဆုံးရမှုဟာ ၅၁ ရာခိုင်နှုန်းအထိ မြင့်တက်လာတာကို တွေ့ရပါတယ်။ အရက်ကြောင့် သေဆုံးရတဲ့ အမျိုးသမီးအရေအတွက်ကတော့ ၈၅ ရာခိုင်နှုန်းအထိ ရှိတာကို သုတေသီတွေက လေ့လာမိခဲ့ကြပါတယ်။ ၂၀၁၇ ခုနှစ်မှာအရက်ကြောင့် သေဆုံးရတဲ့အမျိုးသမီး အရေအတွက် ၁၈၀၇၂ ဦးရှိပြီး ၁၉၉၉ ခုနှစ်တုန်းကတော့ ၇၆၆၂ သာရှိခဲ့ပါတယ်။ ဒါတွေကတော့ လတ်တလောမှာ ဖြစ်ပျက်ခဲ့တဲ့ ထူးထူးခြားခြားသတင်းတွေကို စုစည်းတင်ပြပေးခဲ့တာပဲ ဖြစ်ပါတယ်။

ကိုးကား -စီအင်န်အင်န်၊ ဆင်ဟွာ၊ နယူးယောက်တိုင်းမ်

---

**နိုင်ငံတကာသတင်းတိုထွာ**

## ဘိုးရင်းကုမ္ပဏီ၏ လေယာဉ်များ တင်ပို့ရောင်းချမှု ကျဆင်း

ဝါရှင်တန် ဇန်နဝါရီ ၁၆

ဘိုးရင်း ၇၃၇ မက်စ်လေယာဉ်နှစ်စင်း မတော်တဆပျက်ကျမှုဖြစ်ပွားခဲ့ပြီးနောက် ဘိုးရင်းကုမ္ပဏီ၏ ခရီးသည်တင်လေယာဉ်များ တင်ပို့ရောင်းချရမှုသည် ၂၀၁၉ ခုနှစ်တွင် ထက်ဝက်ကျော် ကျဆင်းခဲ့သည်။

ပြီးခဲ့သည့်နှစ်က ဘိုးရင်းလေယာဉ် အစင်းပေါင်း ၃၈၀ ကို ကမ္ဘာတစ်ဝန်းသို့ ပို့ဆောင်ခဲ့ကြောင်း ဘိုးရင်းကုမ္ပဏီက ယမန်နေ့က ပြောကြားခဲ့သည်။၂၀၁၈ ခုနှစ်က ရောင်းချခဲ့သည့် အရေအတွက်မှ ၅၃ ရာခိုင်နှုန်း ကျဆင်းသွားခြင်းဖြစ်ကြောင်း သိရသည်။ ၂၀၁၈ခုနှစ်က ရောင်းအားအကောင်းဆုံးဖြစ်ခဲ့သည့် မက်စ်လေယာဉ်အပါအဝင် ၇၃၇ အမျိုးအစားလေယာဉ်များ အရောင်းကျဆင်းသွားခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားနှင့် အီသီယိုးပီးယားတို့တွင် ၇၃၇ မက်စ်လေယာဉ်ပျက်ကျခဲ့ပြီးနောက် အဆိုပါအမျိုးအစားလေယာဉ်များ ထုတ်လုပ်မှုကို ယခုလတွင် ရပ်ဆိုင်းခဲ့သည်။

အေအက်ဖ်ပီ

## နျူကလီးယားသဘောတူစာချုပ်ကို ထိန်းသိမ်းနိုင်စေမည့် အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်ကို ကြိုဆိုသည်ဟု အီရန်ပြော

တီဟီရန် ဇန်နဝါရီ ၁၆

၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူစာချုပ်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် ရည်ရွယ်သည့် အပြုသဘောဆောင်သော လုပ်ဆောင်ချက်မှန်သမျှကို အီရန်က ကြိုဆိုလက်ခံကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အာဘတ်စ် မူဆာဗီက ယမန်နေ့က ပြောကြားခဲ့သည်။

အတိတ်ကာလမှာကဲ့သို့ပင် အီရန်သည် အရေးပါသည့် နိုင်ငံတကာ သဘောတူစာချုပ်ကိုကယ်တင်နိုင်မည့် ကောင်းမွန်သည့် ရည်မှန်းချက်နှင့် ဆောင်ရွက်ချက်မှန်သမျှကို လက်ခံရန် အပြည့်အဝ အဆင်သင့်ရှိနေကြောင်း မူဆာဗီက ပြောကြားခဲ့သည်။

အီရန်နှင့်ချုပ်ဆိုထားသည့် ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူစာချုပ်တွင် အငြင်းပွားမှု ဖြေရှင်းရေးယန္တရားစတင်ရန် ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့၏ ကြိုးပမ်းလာမှုအပေါ် အီရန်က တုံ့ပြန်မှတ်ချက်ချလိုက်ခြင်း ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး တွေ့ဆုံဆွေးနွေး



**ပဲခူး ဇန်နဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ယမန်နေ့က တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် ဦးဆောင်သောအဖွဲ့တို့ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကျင်းပသည်။ **(ယာပုံ)**

တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်းက ရွှေကျင်မြို့နယ်တွင်လည်း နယ်မြေဒေသအခြေအနေအရ ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးကိုလည်း အဆင့်မြှင့်ပေးနိုင်ခဲ့ပြီးဖြစ်သလို ပဲခူးမြို့ပြည်သူ့ဆေးရုံကြီးကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့မှ လူနာများသည် ပဲခူးမြို့ကို ဖြတ်သန်း၍ ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ကုသလျက်ရှိပြီး ယာဉ်ကြော ကျပ်တည်းခြင်း၊ ယာဉ် အန္တရာယ်၊ လမ်းအန္တရာယ်များလည်း ဖြစ်ပေါ်နိုင်ကြောင်း၊ ထို့ကြောင့် ပဲခူးဆေးရုံကြီးတွင်လည်းလိုအပ်သော စက်ပစ္စည်းများ၊ ကျွမ်းကျင်ပညာရှင်များထားရှိပေးခြင်းအားဖြင့် အခြားပြည်နယ်များမှ လူနာများလည်း အချိန်တိုအတွင်း ကုသပေးနိုင်မည်ဖြစ်ကာ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပဲခူးဆေးရုံကြီးကို ထပ်မံအဆင့်မြှင့်တင်ပေးရန် အကြံပြုကြောင်း၊ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် မွန်ပြည်နယ် ဝင်းကံကျေးရွာဘက်မှ ရွှေကျင်မြစ်ကူးတံတား(အသစ်)ကို ဖြတ်သန်း၍ ဟိုင်းဝေးလမ်းမကြီး ဖြတ်သန်းဖောက်လုပ်ရန် ဆောင်ရွက်လျက်ရှိရာ ရွှေကျင်ဈေးကို ဖျက်သိမ်းရမည်ဖြစ်ကြောင်း၊ ဈေးအစားထိုးမြေနေရာအဖြစ် ဒေသခံပြည်သူများ၊ CSO များကလည်း ရွှေကျင်မြို့ ဆေးရုံဟောင်းမြေနေရာကို ရွှေကျင်မြို့ဈေးသစ်အဖြစ် အသုံးပြုရန် ဆန္ဒရှိနေသဖြင့် ကျန်းမာရေးဝန်ကြီးဌာနပိုင် ဆေးရုံဟောင်းမြေနေရာကို တစ်စိတ်တစ်ပိုင်းစွန့်လွှတ်၍ ဈေးမြေနေရာအဖြစ် အသုံးပြုခွင့်ရရှိနိုင်ရန် ညှိနှိုင်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ရွှေကျင်မြို့ ဆေးရုံဟောင်းမြေနေရာသည် ဝန်ထမ်းအိမ်ရာများနှင့် အခြားကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်လျက်ရှိပြီး ဈေးအတွက် လိုအပ်သည့် မြေနေရာအတွက် တစ်စိတ်တစ်ပိုင်း စွန့်လွှတ်ပေးနိုင်ရန် ပြည်ထောင်စုအဆင့် အစည်းအဝေးတွင် တင်ပြပေးမည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်ဆဲ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဝန်ထမ်းအိမ်ရာများ အမြန်ဆုံး တည်ဆောက်ပြီးစီးနိုင်ရေး အစိုးရအဖွဲ့အနေဖြင့် ကူညီပံ့ပိုးဆောင်ရွက်ပေးရန်တို့ကို ပြန်လည်တင်ပြ ဆွေးနွေးခဲ့သည်။

**တင်စိုး(ပဲခူး)**

# မွန်ပြည်နယ်၌ မီးသတ်စခန်းများနှင့် ဝန်ထမ်းနေအိမ်များ တိုးချဲ့ဆောက်လုပ်

**ဇီးဖြူသောင် ဇန်နဝါရီ ၁၆**

၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မွန်ပြည်နယ် ၁၀ မြို့နယ်တွင် မီးဘေးလုံခြုံရေးကိစ္စရပ်များ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော မီးသတ်စခန်းများနှင့် ဝန်ထမ်းနေအိမ်များကို မွန်ပြည်နယ် အစိုးရရန်ပုံငွေဖြင့် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေထွဋ်ဦးနှင့် ပြည်နယ်မီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူး ဦးတင်မောင်နီတို့က မီးသတ်စခန်းများနှင့် ဝန်ထမ်းနေအိမ်များကို ပန္နက်တင်မင်္ဂလာအခမ်းအနားများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က မော်လမြိုင်ခရိုင် ရေးမြို့နယ် ဇီးဖြူသောင်ကျေးရွာရှိ ဇီးဖြူသောင်နယ်မြေမီးသတ်စခန်းဆောက်လုပ်မည့်နေရာ၌ ကျင်းပသည်။



မီးသတ်စခန်းနှင့် ဝန်ထမ်းနေအိမ်များ ဆောက်လုပ်ရန် ပန္နက်တင်နေစဉ်။

မွန်ပြည်နယ်အတွင်း မီးသတ်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အတွက် မုဒုံမြို့နယ်၊ ကျိုက်မရောမြို့နယ်များတွင် မြို့နယ်မီးသတ်စခန်းနှစ်ခု၊ မုဒုံမြို့နယ်ရှိ ကမာဝက်နယ်မြေ မီးသတ်စခန်း၊ ရေးမြို့နယ်ရှိ ဇီးဖြူသောင်နယ်မြေ မီးသတ်စခန်း၊ ကျိုက်ထိုမြို့နယ်ရှိ သိမ်ဇရပ်နယ်မြေ မီးသတ်စခန်း၊ ဘီးလင်းမြို့နယ်ရှိ ရွှေလှေနယ်မြေ မီးသတ်စခန်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး မော်လမြိုင်၊ သံဖြူဇရပ်၊ သထုံ၊ ကျိုက်ထိုမြို့နယ်များတွင် ဝန်ထမ်းနေအိမ်လေးလုံး ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းရဲ/ထွန်းထွန်းထွေး(ဘားအံ)**

# နည်းပြသင်တန်း အခမ်းအနား ထားဝယ်မြို့၌ ကျင်းပ

**ထားဝယ် ဇန်နဝါရီ ၁၆**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနနှင့်မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံရုံး ဆွစ်ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ SDCတို့ ပူးပေါင်းကျင်းပသော လုံခြုံဘေးကင်းပြီး ကလေးပျော်စံပြစာသင်ကျောင်းဆောက်လုပ်ရေးလမ်းညွှန်စာအုပ် တိုင်းဒေသကြီးအဆင့် မိတ်ဆက်ခြင်းနှင့် နည်းပြသင်တန်းအခမ်းအနားကို ယမန်နေ့က တနင်္သာရီတိုင်းဒေသကြီးထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က မြန်မာနိုင်ငံသည် ဘက်စုံလွှမ်းခြုံသော အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) နှင့်အညီ ပညာရေးနယ်ပယ်ပြုပြင်ပြောင်းလဲလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း စာသင်ကျောင်းအသစ်ဆောက်လုပ်ခြင်းအတွက် လုံခြုံဘေးကင်းပြီး ကလေးပျော်စံပြစာသင်ကျောင်း ဆောက်လုပ်ရေးလမ်းညွှန်စာအုပ်သည် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း၊ အဆိုပါ စာအုပ်ပါလမ်းညွှန်ချက်များ၊ အသိပညာနှင့် အတွေ့အကြုံများကို ပြန်လည်ဆင့်ပွားကြရန်နှင့် မိမိတို့၏ စာသင်ကျောင်းဆောက်လုပ်ရေးလုပ်ငန်းစဉ်များမှာ လက်တွေ့ပြန်လည်အသုံးပြုကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးပညာရေး ညွှန်ကြားရေးမှူး ဒေါ်မြင့်စိန်က လုံခြုံဘေးကင်းပြီး ကလေးပျော်စံပြစာသင်ကျောင်းဆောက်လုပ်ရေး လမ်းညွှန်စာအုပ်ပါ လုပ်ထုံးလုပ်နည်းများ၊ လိုက်နာရမည့်အချက်အလက်များနှင့် နောက်ဆက်တွဲပုံစံများကို သိရှိနားလည်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်လာစေရန်အတွက် ဆင့်ပွားသင်တန်းများ ဦးဆောင်ပြုလုပ်ပေးနိုင်ရန် ပြောကြားသည်။ နည်းပြသင်တန်းကို ဇန်နဝါရီ ၁၇ ရက်အထိ ရှင်းလင်းပို့ချဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ၂၀၂၀ပြည့်နှစ် ဇန်နဝါရီ ၄ ရက်မှ ၁၀ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

*၁၅-၁-၂၀၂၀ မှအဆက်*

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၂၁ | ဆာဟာရ၏နေ့ရက်များ | နိုင်းနိုင်းစနေ | Synergy | ၅၀၀၀ |
| ၂၂ | ကိုယ့်ကိုယ်ကိုစီမံခန့်ခွဲမှုပညာ | ကြည်ရွှန်း | Wisdom House | ၃၀၀၀ |
| ၂၃ | မပြောဖြစ်မယ့်အကြောင်းအရာတွေ | Moriarty | ရွှေလာဘ်စာပေ | ၁၉၀၀ |
| ၂၄ | မဖွဲ့သီဖြစ်ခဲ့သောကဗျာတစ်ပုဒ်နှင့် ကံ့ကော်ရနံ့ဝတ္ထုတိုများ | ကလောင်စုံ | ခေတ်ပြတိုက် | ၃၀၀၀ |
| ၂၅ | လူငယ်တွေတကယ်ညံ့နေသလား ဆောင်းပါးစုစည်းမှု | ချစ်ခိုင်စံ(ဘီအီးဒီ) | Global Piece Group | ၂၀၀၀ |
| ၂၆ | ထီးကလေးခပ်ယိုင်ယိုင် | ဒေါက်တာထွန်းရွှေ(ဒဿန) | လင်းလွန်းခင် | ၃၀၀၀ |
| ၂၇ | ပြိုကွဲသွားသော သိုက်မြုံကလေး၊ အမေ့သားနှင့် တဂိုးဝတ္ထုတိုများ | မြသန်းတင့်(မြန်မာပြန်) | လင်းလွန်းခင် | ၄၅၀၀ |
| ၂၈ | အက်စကီးမိုးပုံပြင်များ | သူရိန်လူလေး | နှင်းဆီဖြူစာပေ | ၂၀၀၀ |
| ၂၉ | စိတ်ကစားခဲ့စဉ်က အရိပ်များ | မောင်သာချို | ဆန်းစသော်တာ | ၂၅၀၀ |
| ၃၀ | ပုဂံအလှဖျက်ဆီးသူများ | မျိုးဆက်စံ(ပုဂံဌာနီ) | အိပ်မက်သစ် | ၃၀၀၀ |
| ၃၁ | ပိုးလမ်းမသမိုင်းကြောင်း | အေးမောင်ကျော် | မှုဝံ | ၃၅၀၀ |
| ၃၂ | ငြမ်း | အရှင်ကုဏ္ဍကာဘိဝံသ (မြစကြာ) | လင်းလွန်းခင် | ၄၀၀၀ |
| ၃၃ | စက်ဘီးကလေးနှင့် ကလေးဝတ္ထုတိုများ | နိုင်မြင့် | ပဋ္ဌာဂံ | ၂၀၀၀ |
| ၃၄ | ဂျက်ဖ်ဘေးဇော့စ် နှင့် amazon.com | ဗန်းမော်သိန်းဖေ | ပဋ္ဌာဂံ | ၃၀၀၀ |
| ၃၅ | သရဖူဆောင်းအကောင်းဆုံးအချစ် | ဘုန်းရဲနိုင် | မြဝတီစာပေ | ၁၅၀၀ |
| ၃၆ | ရှိကျင့်ဖိန်နှင့်ခါးပတ်တစ်ကွင်းလမ်းတစ်စင်း | ဟိန်းလတ် | မိုးနတ်စာပေ | ၅၈၀၀ |
| ၃၇ | လူမှုလိုင် လေ့လာမှုပညာ | အိအိခင် (နည်းပညာတက္ကသိုလ်) | MKS Publishing | ၃၀၀၀ |
| ၃၈ | ဆိပ်ကမ်းသာ ၂၀၁၉-၂၀၂၀ ကဗျာနှင့် ကဗျာဆိုင်ရာအက္ခရာများ | ကလောင်စုံ | ဆိပ်ကမ်းသာ | ၄၅၀၀ |
| ၃၉ | REAL LIVES REAL STORIES Volume 54, January 2020 | ကလောင်စုံ | The Book House | ၅၀၀၀ |
| ၄၀ | "ချင်းနှင့်ဗမာဆွေမျိုးချာ သမ္မတဂုဏ်ထူးဆောင်ဆုရ မူလတန်းပြ ဆရာဖေဖေဦးအုန်းပင်နှင့် ကျွန်တော်နှင့်သိပ္ပံမောင်ဝအပါအဝင် သုတရသစာစုများ" | ဆလိုင်းဟန်ထွန်း (စေတုတ္တရာ) | သုဒန်စာပေ | ၃၅၀၀ |
| ၄၁ | လူတွေစုံပြီလားနှင့်အခြားကဗျာများ (Bilingual Poems) | ကလောင်စုံ | City Discovery Publishing | ၂၅၀၀ |

# တရုတ်နိုင်ငံ ဆင်းရဲမှုလျှော့ချရေးဖောင်ဒေးရှင်းမှ ကျောင်းသုံးပစ္စည်းများ လာရောက်လှူဒါန်း

**လောင်းလုံး ဇန်နဝါရီ ၁၆**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့ ပြင်းထိန်ကျေးရွာ မူလွန်ပြင်းထိန်ကျောင်း၌ နိုင်ငံဆင်းရဲမှု လျှော့ချရေး ဖောင်ဒေးရှင်းတရုတ် (CFPA) မှ ယမန်နေ့က လွယ်အိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်းခဲ့သည်။

အဆိုပါလှူဒါန်းပွဲတွင် မူလွန်ပြင်းထိန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြူရှိန်က အမှာစကား ပြောကြားပြီး တရုတ်နိုင်ငံ ဆင်းရဲမှုလျှော့ချရေး ဖောင်ဒေးရှင်း တာဝန်ခံစီမံကိန်းအရာရှိ ဦးဒယ်နီရယ်က လှူဒါန်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပစ္စည်းများ ပေးအပ်လှူဒါန်းပြီး ကျောင်းသား ကျောင်းသူများ၏ မိဘများကိုယ်စား ဦးချစ်ဆန်းမောင်က ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ လှူဒါန်းခြင်းသည် မြန်မာနိုင်ငံရှိ မူလတန်းကျောင်းများမှ ကျောင်းသူ ကျောင်းသားများ လွယ်အိတ်နှင့် ကျောင်းသုံးစာရေးကိရိယာပစ္စည်းများ အသုံးပြုနိုင်စေရန်၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု အခွန့်ရှည် တည်တံ့နိုင်စေရန်တို့အတွက် ရည်ရွယ်၍ လှူဒါန်းခြင်းဖြစ်ပြီး လွယ်အိတ်နှင့် ကျောင်းသုံးစာရေးကိရိယာပစ္စည်းများကို လောင်းလုံးမြို့နယ်အတွင်းရှိ မူလတန်းကျောင်းပေါင်း ၈၂ ကျောင်း၊ ကျောင်းသားဦးရေ ၁၀၁၃၈ အား လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **သိန်းသိန်း(ပြန်/ဆက်)**




တရုတ်နိုင်ငံ ဆင်းရဲမှုလျှော့ချရေး ဖောင်ဒေးရှင်းမှ ကျောင်းသုံးပစ္စည်းများ လာရောက်လှူဒါန်းစဉ်။

# မန္တလေးတိုင်းဒေသကြီးအတွင်းသို့ ၂၀၁၉ ခုနှစ်တွင် ခရီးသွားဧည့်သည် ၁၉၀၀၀၀ ကျော် ပိုမိုဝင်ရောက်

**မန္တလေး ဇန်နဝါရီ ၁၆**

၂၀၁၈ ခုနှစ်အတွင်းက မန္တလေးတိုင်းဒေသကြီးအတွင်းသို့ နိုင်ငံတကာခရီးသွား ဧည့်သည် ၄၉၀၀၀၀ ကျော် ဝင်ရောက်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ၆၈၀၀၀၀ ကျော် ဝင်ရောက်ခဲ့ရာ ယမန်နှစ်ထက် ၁၉၀၀၀၀ ကျော် တိုးတက်ဝင်ရောက်ခဲ့ကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောသည်။

"ခရီးသွားဧည့်သည် ဝင်ရောက်မှုက အရှေ့တိုင်းခရီးသွားတွေ အများဆုံး တိုးတက်ဝင်ရောက်လာသလို အနောက်တိုင်း ခရီးသွားတွေအနေနဲ့လည်း ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ စပိန်၊ အမေရိကန်၊ အင်္ဂလန်စတဲ့ နိုင်ငံတွေက ခရီးသွားတွေ အစဉ်လိုက် တိုးတက်ဝင်ရောက်လာကြတယ်။ ခရီးသွားကဏ္ဍမှာ လွယ်ကူချောမွေ့စေရေးအတွက် ဦးစားပေးဆောင်ရွက်နေတာတွေ၊ ဆက်စပ်ဌာနတွေနဲ့ပေါင်းစပ်ပြီး ဗီဇာဖြေလျှော့မှုတွေကြောင့် ဒီလိုခရီးသွားတွေ ပိုမိုဝင်ရောက်လာတာ ဖြစ်ပါတယ်။ ဒီလောက်နဲ့လည်း ကျေနပ်မနေဘဲ အခု ၂၀၂၀ ပြည့်နှစ်မှာ ဒီထက်ပိုမိုဝင်ရောက်လာဖို့အတွက် စီစဉ်ဆောင်ရွက်နေပါတယ်" ဟု ၎င်းကဆက်လက်ပြောသည်။

တိုင်းဒေသကြီးအတွင်းသို့ ၂၀၁၆ ခုနှစ်မှစ၍ နိုင်ငံတကာ ခရီးသွားဧည့်သည်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက် ဝင်ရောက်လျက်ရှိရာ ၂၀၁၆ ခုနှစ်တွင် ၃၈၅၀၃၁ ဦး၊ ၂၀၁၇ ခုနှစ်တွင် ၄၈၃၇၈၄ ဦးနှင့် ၂၀၁၈ ခုနှစ်တွင် ၄၉၂၀၉၇ ဦး ဝင်ရောက်ခဲ့ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြန်မာနိုင်ငံစာရေးဆရာအသင်း စာရေးနည်း အခြေခံလမ်းညွှန်သင်တန်း အမှတ်စဉ် (၁၀) ဖွင့်လှစ်မည်

**ရန်ကုန် ဇန်နဝါရီ ၁၆**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပသော ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ ဘာသာပြန် ရေးသားနည်း အခြေခံလမ်းညွှန်သင်တန်းအမှတ်စဉ် (၁၀) တွင် လယ်တွင်းသားစောချစ်၊ မောင်ခင်မင် (ဓနုဖြူ)၊ မနုဿကျော်ဝင်း၊ မြင်းမူ မောင်နိုင်မိုး၊ ချစ်နိုင် (စိတ်ပညာ)၊ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ စလင်းဘုန်းကျော်၊ မောင်စိမ်းနောင် (လယ်ဝေး)၊ မစန္ဒာ၊ ကြူကြူသင်း၊ မနှင်းဖွေး၊ မမိုးမြေ၊ မြတ်စိုး(လှိုင်)၊ မော်ဝန်းကြည်မြတ်၊ မြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)၊ ဒေါက်တာတင်အောင်ရွှေ(သုတေသီ)၊ ပုသိမ်အောင်သန်းဦး၊ စိုးမှူးတို့က သင်ကြားပို့ချကြမည်ဖြစ်သည်။ သင်တန်းကာလကို ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၂၈ ရက်အထိ အပတ်စဉ် တနင်္လာနေ့မှ စနေနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားမည်။

သင်တန်းတက်ရောက်လိုသူများသည် သတ်မှတ်သင်တန်းကြေး ပေးသွင်းရမည်။ အသက် ၁၆ နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။ သင်တန်းမှ သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာရမည်။ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံစာရေးဆရာ အသင်းရုံး အမှတ် (၁၇၃/၁၇၅) (၇) လွှာ၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁ -၂၅၂၄၁၇၊ ၀၁-၃၈၅၂၇၃ တွင် စုံစမ်းနိုင်သည်။ ဇန်နဝါရီ ၂၅ ရက် နောက်ဆုံးထားပြီး ဓာတ်ပုံသုံးပုံနှင့်အတူ လျှောက်လွှာပုံစံ ဝယ်ယူတင်သွင်းနိုင်ကြောင်းနှင့် သင်တန်းသားအရေအတွက် ကန့်သတ်ထားသဖြင့် သတ်မှတ်ထားသော ရက်ကာလထက် နောက်မကျဘဲ စာရင်းပေးသွင်းရမည်ဖြစ်သည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

# ကျုံပျော်မြို့၌ မူခင်းအသိပညာပေးဟောပြော

**ကျုံပျော် ဇန်နဝါရီ ၁၆**

မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၄ ရက်က ကျုံပျော်မြို့နယ် မိုးကြိုးပစ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကျုံပျော်မြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးမျိုးမြင့်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ ရည်မှန်းချက်တာဝန်(၄)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ လူသတ်မှု၊ မုဒိမ်းမှု၊ သက်ငယ်မုဒိမ်းမှု၊ မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ရမ်းကားမှုများ ဖြစ်ပွားမှု မရှိစေရေးနှင့် ယင်းပြစ်မှုများ ကျူးလွန်ပါက ရရှိမည့်ပြစ်မှုပြစ်ဒဏ်များအကြောင်းကို လည်းကောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် သက်ငယ်မုဒိမ်းမှုလျော့နည်းကျဆင်းရေးအတွက် အုပ်ထိန်းသူမိဘများ ဆောင်ရန်၊ ရှောင်ရန်တို့ကိုလည်းကောင်း ရှင်းလင်းဟောပြောသည်။**(အောက်ပုံ)**

အဆိုပါ ဟောပြောပွဲသို့ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ခဲ့ကြပြီး "သက်ငယ်မုဒိမ်းမှု ကင်းစင်ရေး ပြည်သူအားလုံး ပူးပေါင်းပါဝင်ပေး" လက်ကမ်းစာစောင် ၂၀၀ ကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နေဝင်း(ပြန်/ဆက်)**



# ဆံတော်ရှင် ကျိုက်ခေါက်စေတီ ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၆**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ရေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီဗုဒ္ဓပူဇနီယပွဲတော်ကြီးကို စေတီတော်မြတ် ဂေါပကအဖွဲ့မှ ကြီးမှူး၍ ကျင်းပသွားရန် ဆပ်ကော်မတီများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါပွဲတော်ကြီးသည် အောက်မြန်မာပြည်၏ အစည်ကားဆုံးပွဲတော်ဖြစ်သည်နှင့်အညီ အနယ်နယ် အရပ်ရပ်မှ ဈေးသည်များက ဒေသထွက် ကုန်မျိုးစုံကို ဆိုင်ခန်းပေါင်းသုံးထောင်ကျော် ခင်းကျင်းရောင်းချသွားမည်ဖြစ်သည်။ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့စွာ ဖူးမြော်ကြည်ညိုလှူဒါန်းနိုင်ရေး၊ တည်းခိုနေထိုင်ရေးတို့အတွက် စီစဉ်ထားရှိပြီးဖြစ်သည်။

ယင်းပွဲတော်ကြီးကို ဖေဖော်ဝါရီ ၁ ရက်မှ ၉ ရက်အထိ ကိုးရက်တိုင် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ရွှေသင်္ကန်းကပ်လှူပွဲ၊ ဆီမီးပူဇော်ပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲ၊ ထမနဲထိုးပွဲ၊ မြန်မာ့ရိုးရာခြင်းလုံးနှင့် လက်ဝှေ့ပွဲ၊ ဇာတ်သဘင်ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆-၁-၂၀၂၀

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၁၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၃၉၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၁၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၃၉၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၁၀/၉၅၅ ကျပ် | ၉၅၅/၉၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၂၀/၉၆၅ ကျပ် | ၉၇၀/၉၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၁၀/၈၈၀ ကျပ် | ၉၀၅/၉၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၃၀/၉၇၀ ကျပ် | ၁၀၁၀/၁၀၃၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၆၆ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၃၆ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၈၉ . ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၁၄ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၃၂ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၁၃ . ၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၃ . ၀၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၆၆၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၆ . ၄၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၀ . ၈၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ . ၃၂၄ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၁၀၀၀ | ၂၁၉၉ | ၂၅၁၁၉၀၀၀ |
| MTSH | ၃၈၅၀ | ၃၈၅၀ | ၂၃၉၁ | ၉၂၀၅၃၅၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၅၈၃ | ၄၇၂၂၃၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၆၄၃ | ၁၄၇၈၉၀၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၁၀ | ၂၈၅၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မြန်မာစံချိန်စံညွှန်းများ သတ်မှတ်ခြင်း

*(၁၅-၁-၂၀၂၀ မှအဆက်)*

**စဉ် မြန်မာစံချိန်စံညွှန်းများ**

(၂၆) MMS IEC 60968 : 2015 အလင်းရရှိရန် အသုံးပြုသည့် ချုပ်တွဲပါသည့် မီးသီး/မီးချောင်းများ – အန္တရာယ်ကင်းရှင်းရေးလိုအပ်ချက်များ

(၂၇) MMS IEC 60969 : 2016 အလင်းရရှိရန် အသုံးပြုသည့် ချုပ်တွဲပါသည့် စွမ်းအင်ချွေတာသုံးမီးသီး/ မီးချောင်းများ- စွမ်းဆောင်ရည်လိုအပ်ချက်များ

(၂၈) MMS IEC 61008-1 : 2010 အိမ်သုံးနှင့်အလားတူသုံးပစ္စည်းများအတွက် လျှပ်စီးလွန် ကာကွယ်မှုမပါသော ကြွင်းကျန်လျှပ်စီးဖြစ်လျှင် ဖြတ်တောက်သော ပတ်လမ်းဖြတ်ကိရိယာ (RCCBs)-အပိုင်း(၁) အထွေထွေစည်းမျဉ်း စည်းကမ်း

(၂၉) MMS IEC 61008-1 : 2012 Amendment 1 အိမ်သုံးနှင့် အလားတူ သုံးပစ္စည်းများအတွက် လျှပ်စီးလွန် ကာကွယ်မှုမပါသော ကြွင်းကျန်လျှပ်စီးဖြစ်လျှင် ဖြတ်တောက်သော ပတ်လမ်းဖြတ်ကိရိယာ (RCCBs)-အပိုင်း(၁) အထွေထွေစည်းမျဉ်း စည်းကမ်း (ပြင်ဆင်ဖြည့်စွက်ချက်-၁)

(၃၀) MMS IEC 61008 – 1 : 2013 Amendment 2 – အိမ်သုံးနှင့် အလားတူသုံးပစ္စည်းများအတွက် လျှပ်စီးလွန်ကာကွယ်မှုမပါသော ကြွင်းကျန်လျှပ်စီးဖြစ်လျှင် ဖြတ်တောက်သော ပတ်လမ်းဖြတ်ကိရိယာ (RCCBs) – အပိုင်း(၁) အထွေထွေစည်းမျဉ်း စည်းကမ်း (ပြင်ဆင်ဖြည့်စွက်ချက်-၂)

(၃၁) MMS IEC 61058-1: 2016 လျှပ်စစ်ပစ္စည်းများအတွက် ခလုတ် များ – အပိုင်း (၁) အထွေထွေလိုအပ်ချက်များ

(၃၂) MMS IEC 62271-200 : 2011 ဗို့အားမြင့် ဆွစ်ဂီယာနှင့် ကွန်ထရိုးဂီယာ – အပိုင်း (၂၀၀) အေစီ သတ်မှတ်ဗို့အား ၁ ကီလိုဗို့နှင့် အထက် ၅၂ ကီလိုဗို့ အထိရှိသော သတ္တုအဖုံးကာသည့် ဆွစ်ဂီယာနှင့် ကွန်ထရိုးဂီယာ

(၃၃) MMS IEC 62552 – 1 : 2015 အိမ်သုံးရေခဲသေတ္တာများ- ထူးခြားသည့် လက္ခဏာများနှင့် စမ်းသပ်သည့် နည်းလမ်းများ- အပိုင်း (၁) အထွေထွေလိုအပ်ချက်များ

(၃၄) MMS IEC 62552-2 : 2015 အိမ်သုံးရေခဲသေတ္တာများ- ထူးခြားသည့် လက္ခဏာများနှင့် စမ်းသပ်သည့်နည်းလမ်းများ – အပိုင်း (၂) စွမ်းဆောင်ရည် လိုအပ်ချက်များ

(၃၅) MMS IEC 62552-3 : 2015 အိမ်သုံးရေခဲသေတ္တာများ- ထူးခြားသည့်လက္ခဏာများနှင့် စမ်းသပ်သည့်နည်းလမ်းများ- အပိုင်း (၃) စွမ်းအင်သုံးစွဲမှုနှင့် ပမာဏ

(၃၆) MMS UNECE 30:2007 မော်တော်ယာဉ်များနှင့် ၎င်းတို့၏ နောက်တွဲယာဉ်များတွင် အသုံးပြုသည့် လေဖိအားသုံး တာယာများအတွက် တစ်ပြေးညီ ပြဋ္ဌာန်းချက်များ

(၃၇) MMS UNECE 54:2013 စီးပွားရေးလုပ်ငန်းသုံး ယာဉ်များနှင့် ၎င်းတို့၏ နောက်တွဲယာဉ်များတွင် အသုံးပြုသည့် လေဖိအားသုံး တာယာများအတွက် တစ်ပြေးညီ ပြဋ္ဌာန်းချက်များ

(၃၈) MMS UNECE 75:2010 မော်တော်ဆိုင်ကယ်(Motor Cycles and Mopeds) များတွင် အသုံးပြုသည့် လေဖိအားသုံး တာယာများအတွက် တစ်ပြေးညီ ပြဋ္ဌာန်းချက်များ

(၃၉) MMS Codex Stan 317:2014 ဒူးရင်းသီး စံချိန်စံညွှန်း

(၄၀) MMS Codex Stan 204:1997 မင်းကွတ်သီး စံချိန်စံညွှန်း

(၄၁) MMS ASEAN Stan 18:2010 သခွားမွှေးသီး စံချိန်စံညွှန်း

(၄၂) MMS ASEAN STAN 20:2011 သီဟိုဠ်စေ့ စံချိန်စံညွှန်း

(၄၃) MMS ASEAN STAN 15:2009 အုန်းစိမ်းနု စံချိန်စံညွှန်း

(၄၄) MMS CODEX STAN 218:1999 ချင်း(ဂျင်း)စံချိန်စံညွှန်း

(၄၅) MMS CODEX STAN 153:1985 အစေ့ထုတ်ပြောင်းစံချိန်စံညွှန်း

(၄၆) MMS CODEX STAN 184:1993 သရက်သီးစံချိန်စံညွှန်း

(၄၇) MMS ASEAN STAN 23:2011 ကြက်သွန်နီစံချိန်စံညွှန်း

(၄၈) MMS ASEAN STAN 36:2014 မြေပဲစံချိန်စံညွှန်း

(၄၉) MMS ASEAN STAN 3:2006, Rev,1:2012 နာနတ်သီးစံချိန်စံညွှန်း

(၅၀) MMS 3: 2019 မြန်မာ့နှမ်းစံချိန်စံညွှန်း

(၅၁) MMS ASEAN STAN 32:2013 နနွင်းတက်စံချိန်စံညွှန်း

(၅၂) MMS ASEAN STAN 55:2017 ဝဥစံချိန်စံညွှန်း

(၅၃) MMS ISO 712 : 2009 နှံစားသီးနှံများနှင့် နှံစားသီးနှံထွက်ကုန်များအတွက် အစိုဓာတ်ပါဝင်မှုကို တိုင်းတာသတ်မှတ်ခြင်း- ကိုးကားသည့်နည်းလမ်း

(၅၄) MMS ISO 2000:2014 ရော်ဘာ၊ သဘာဝရော်ဘာကုန်ကြမ်း -- TSR များ၏ စံအရည်အသွေး သတ်မှတ်ချက်များအတွက် လမ်းညွှန်ချက်များ

(၅၅) MMS ISO 68 – 1: 1998 အထွေထွေသုံးဝက်အူရစ်များ- အခြေခံသဏ္ဍာန်- အပိုင်း(၁) မက်ထရစ်စနစ်ဖြင့် တိုင်းတာသော ဝက်အူရစ်များ

(၅၆) MMS ISO 261 : 1998 မက်ထရစ်စနစ်ဖြင့် တိုင်းတာသော အထွေထွေသုံး ဝက်အူရစ်များ – ယေဘုယျအတိုင်းအတာ တွဲဖက်မှု အစီအစဉ်များ

(၅၇) MMS ISO 262: 1998 မက်ထရစ်စနစ်ဖြင့် တိုင်းတာသော အထွေထွေသုံး ဝက်အူရစ်များ- ဝက်အူများ၊ မူလီများ၊ နပ်များ၏ ရွေးချယ်ထားသော အရွယ်အစားများ

(၅၈) MMS ISO 724: 1993 မက်ထရစ်စနစ်ဖြင့် တိုင်းတာသော အထွေထွေသုံး ဝက်အူရစ်များ-အခြေခံအတိုင်းအတာများ

(၅၉) MMS ISO 724:1993/Cor 1 : 2009 မက်ထရစ်စနစ်ဖြင့် တိုင်းတာသော အထွေထွေသုံး ဝက်အူရစ်များ- အခြေခံအတိုင်းအတာများ(ကိုရီဂျန်ဒမ်-အမှားပြင်ဆင်ချက်)

(၆၀) MMS ISO 965 – 2: 1998 မက်ထရစ်စနစ်ဖြင့် တိုင်းတာသော အထွေထွေသုံး ဝက်အူရစ်များ- လက်ခံနိုင်သော ကွဲလွဲမှုများ- အပိုင်း(၂)- အထွေထွေသုံး အတွင်းရစ်နှင့် အပြင်ရစ် ဝက်အူရစ်များအတွက် အရွယ်အစားအတိုင်းအတာ ကန့်သတ်ချက်များ- သင့်တင့်သော အရည်အသွေး

(၆၁) MMS ISO 965 – 3: 1998 မက်ထရစ်စနစ်ဖြင့်တိုင်းတာသော အထွေထွေသုံး ဝက်အူရစ်များ-လက်ခံနိုင်သော ကွဲလွဲမှုများ- အပိုင်း(၃)-တည်ဆောက်ရေး လုပ်ငန်းသုံး ဝက်အူရစ်များအတွက် ကွဲလွဲမှုများ

(၆၂) MMS ISO 965-3:1998/Cor 1:2009 မက်ထရစ်စနစ်ဖြင့် တိုင်းတာသော အထွေထွေသုံး ဝက်အူရစ်များ- လက်ခံနိုင်သော ကွဲလွဲမှုများ (ကိုရီဂျန်ဒမ် – အမှားပြင်ဆင်ချက်) – အပိုင်း(၃)- တည်ဆောက်ရေး လုပ်ငန်းသုံး ဝက်အူရစ်များအတွက် ကွဲလွဲမှုများ

(၆၃) MMS ISO 965 – 4:1998 မက်ထရစ်စနစ်ဖြင့် တိုင်းတာသော အထွေထွေသုံး ဝက်အူရစ်များ- လက်ခံနိုင်သောအရွယ်အစားကွဲလွဲမှုများ- အပိုင်း(၄)-ဇင့်အလွှာအုပ်ပြီး အခြေအနေတွင် လက်ခံနိုင်သော အရွယ်အစားကွဲလွဲမှု (Tolerance) အနေအထား"H" သို့မဟုတ် "G" ရှိသော အတွင်းရစ် ဝက်အူရစ်များနှင့် တွဲဖက်အသုံးပြုမည့် hot-dip နည်းဖြင့် ဇင့်အလွှာ အုပ်ထားသော အပြင်ရစ် ဝက်အူများအတွက် အရွယ်အစားအတိုင်းအတာ ကန့်သတ်ချက်များ

(၆၄) MMS ISO 965 – 5:1998 -မက်ထရစ်စနစ်ဖြင့် တိုင်းတာသည့် အထွေထွေသုံး ဝက်အူရစ်များ၏ အရစ်များ-လက်ခံနိုင်သော အရွယ်အစားကွဲလွဲမှုများ- အပိုင်း (၅)- hot – dip နည်းဖြင့် ဇင့်အလွှာအုပ်ထားသော အပြင်ဝက်အူရစ်များ၏ ဇင့်အလွှာ မအုပ်မီအခြေအနေတွင် အများဆုံးခွင့်ပြုနိုင်သော"h" အရွယ်အစားအတိုင်းအတာကွာခြားချက်ရှိသော အနေအထားနှင့် တွဲဖက် အသုံးပြုမည့် အတွင်းရစ် ဝက်အူရစ်များအတွက် အရွယ်အစား ကန့်သတ်ချက်များ

(၆၅) MMS ISO 1502 : 1996 – မက်ထရစ်စနစ်ဖြင့် တိုင်းတာသော အထွေထွေသုံး ဝက်အူရစ်များ- စံအတိုင်းအတာ စစ်ဆေးရန် ကိရိယာများ (Gauge) နှင့် စံအတိုင်းအတာစစ်ဆေးခြင်း

(၆၆) MMS ISO 17064 :2016 – သစ်အခြေခံမှန်ပုံများ- သစ်မျှင်ပြား၊ သစ်စပြားနှင့် သစ်စ၊ သစ်မျှင်များကို အခြားပစ္စည်းများဖြင့် ရောနှောပေါင်းစပ် ထုတ်လုပ်ထားသည့် ဘုတ်ပြားများ- ဝေါဟာရ

(၆၇) MMS ISO 12466- 1 : 2007 – အထပ်သား- ကော်စွဲကပ်မှု အရည်အသွေး- အပိုင်း(၁) စမ်းသပ်မှု နည်းလမ်းများ

(၆၈) MMS ISO 12466 – 2: 2007 – အထပ်သား – ကော်စွဲကပ်မှု အရည်အသွေး – အပိုင်း(၂) လိုအပ်ချက်များ

(၆၉) MMS ISO 8905:1988 – သစ်ခွဲသား- စမ်းသပ်မှုနည်းလမ်းများ- သစ်ကြောနှင့်အပြိုင် အမြင့်ဆုံး လျှောပြတ်ခံနိုင်အားကို စူးစမ်းတွက်ချက်ခြင်း

(၇၀) MMS ISO 8906:1988 – သစ်ခွဲသား- စမ်းသပ်မှုနည်းလမ်းများ- သစ်သား၏ အတွင်းကန့်လန့်ဖြတ် ဖိအားဒဏ်ခံနိုင်မှု စူးစမ်းတွက်ချက်ခြင်း

(၇၁) MMS ISO 2299: 1973 – ရွက်ကြွေသစ်မျိုးများ၏ သစ်ခွဲသား- အပြစ်အနာအဆာများ- အဆင့်အတန်းသတ်မှတ်ချက်

(၇၂) MMS ISO 2301: 1973 – ရွက်ကြွေသစ်မျိုးများ၏ သစ်ခွဲသား- အပြစ်အနာအဆာများ – အတိုင်းအတာ

(၇၃) MMS ISO 3132:1975 – သစ် – သစ်ကြောနှင့် ထောင့်မှန်ကျ ဖိအားစမ်းသပ်ခြင်း

(၇၄) MMS ISO 13061-3 : 2014 – သစ်၏ ရူပနှင့် စက်မှုဆိုင်ရာ ဂုဏ်သတ္တိ- သေးငယ်သော အနာအဆာလွတ် သစ်သား နမူနာများအတွက် စမ်းသပ်မှုနည်းလမ်းများ- အပိုင်း(၃) တည့်ငြိမ်ကွေးညွှတ်မှုအတွက် အမြင့်ဆုံး ခံနိုင်အားကို စူးစမ်းတွက်ချက်ခြင်း

(၇၅) MMS ISO 3397:1977 – ရွက်ကြွေသစ်မျိုး ပါကေးတုံးအကြမ်း – ယေဘုယျ စရိုက်လက္ခဏာများ

(၇၆) MMS:ISO 5730:1992 သံဂဟေဖြင့် တည်ဆောက်သည့် အထိုင်ချအသုံးပြု ရှဲလ်ဘွိုင်လာများ

(၇၇) MMS ISO 1129 :1980 ဘွိုင်လာစတီးကျွတ်များ၊ ရေနွေးငွေ့ခြောက်သွေ့စေသည့် စတီးကျွတ်များနှင့် အပူဖလှယ်သည့် စတီးကျွတ်များ

(၇၈) MMS ISO 4126-1 : 2013 ဖိအားပိုမိုခြင်းအား ကာကွယ်မှုဆိုင်ရာ အန္တရာယ်ကင်းရှင်းရေးပစ္စည်းကိရိယာများ၊ အပိုင်း (၁) အန္တရာယ်ကင်းရှင်းရေးဗား

(၇၉) MMS ISO 4126-5 : 2013 ဖိအားပိုမိုခြင်းအားကာကွယ်မှုဆိုင်ရာ အန္တရာယ်ကင်းရှင်းရေး ပစ္စည်းကိရိယာများ၊ အပိုင်း (၅) အန္တရာယ်ကင်းရှင်းရေး ဖိအား စွန့်ထုတ်မှု ထိန်းချုပ်စနစ်များ

(၈၀) MMS ISO 4126-7 : 2013 ဖိအားပိုမိုခြင်းအား ကာကွယ်မှုဆိုင်ရာ အန္တရာယ်ကင်းရှင်းရေးပစ္စည်းကိရိယာများ၊ အပိုင်း (၇) ဘုံကိန်းဂဏန်းအချက်အလက်များ

(၈၁) MMS ISO 4126-10 : 2010 ဖိအားပိုမိုခြင်းအား ကာကွယ်မှုဆိုင်ရာ အန္တရာယ်ကင်းရှင်းရေး ပစ္စည်းကိရိယာများ၊ အပိုင်း (၁၀) အရည်နှင့်အငွေ့ နှစ်မျိုးသုံး အန္တရာယ်ကင်းရှင်းရေးဗားအရွယ်အစားသတ်မှတ်ခြင်း

(၈၂) MMS ISO 5667-7 : 1993 ရေအရည်အသွေး- နမူနာယူခြင်း၊ အပိုင်း(၇) ဘွိုင်လာများတွင် ရေနှင့် ရေနွေးငွေ့နမူနာယူခြင်း လမ်းညွှန်ချက်

## နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**စစ်ကိုင်း ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် လောင်းကျဉ်းကျေးရွာအုပ်ချုပ်ရေးမှူးနေအိမ်၌ သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသည့် ပြည်သူများနှင့် ပျက်စီးပျောက်ဆုံးနေသော ကျေးရွာသူ ကျေးရွာသားများအတွက် ကွင်းဆင်းဆောင်ရွက်ပြုလုပ်ခြင်းကို ဇန်နဝါရီဒုတိယပတ်က ပြုလုပ် ပေးသည်။

ကျေးရွာနေပြည်သူများ လွယ်လင့်တကူဖြစ်စေရေးအတွက် ယခုကဲ့သို့ ကျေးရွာအရောက်ပြုလုပ်ပေးရခြင်းဖြစ်ကြောင်းသိရပြီး လောင်းတည်ကျေးရွာနေ ပြည်သူ ၃၈ ဦး၊ လောင်းကျဉ်းကျေးရွာနေ ပြည်သူ ၆၃ ဦးအား ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

လှငွေ(ပြန်/ဆက်)

## စာဖတ်သူများအတွက် မိုဘိုင်းစနစ်ဖြင့် ငှားရမ်းပေး

**ကြာအင်းဆိပ်ကြီး ဇန်နဝါရီ ၁၆**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အများပြည်သူများ စာဖတ်သော အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရေး၊ စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာခြင်းဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများတွင် အတွေးသစ်၊ အမြင်သစ်၊ ဗဟုသုတများရရှိလာစေရေးအတွက် ဝန်ထမ်းများက အပတ်စဉ် ရုံးဖွင့်ရက်နေ့များတွင် စာသင်ကျောင်းများ၊ မြို့ပေါ်ရပ်ကွက်များနှင့် မြို့အနီးကျေးရွာများသို့ သွားရောက်ပြီး စုရပ်များနှင့် အိမ်တိုင်ရာရောက် စာအုပ်စာစောင်များကို မိုဘိုင်းစာငှားစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့သို့ဆောင်ရွက်ပေးရာတွင် အမှတ်(၅) အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ ယမန်နေ့ကသွားရောက်ပြီး ရုပ်ပြ ပုံပြင် သုတရသ စာအုပ်စာစောင်များကို ယူဆောင်ကာ ယခင်ငှားရမ်းထားရှိသော စာအုပ်များအား ပြန်လည်အပ်နှံစေပြီး အသစ်တစ်ဖန် စနစ်တကျ ပြန်လည်ငှားရမ်းပေးခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)



မျိုးမင်းဦး(ပြန်/ဆက်)

## 2019-20 EPL WEEK - 23

# လီဗာပူးနဲ့ မန်ယူ အားပြိုင်မယ့် ပရီမီယာလိဂ်

ဝေမိုးဆက်

ဒီတစ်ပတ် ပရီမီယာလိဂ်ပွဲတွေအထဲမှာတော့ လီဗာပူးနဲ့ မန်ယူတွေ့ဆုံပွဲပါဝင်နေပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ပွဲစဉ်မှာ နိုင်ပွဲမရခဲ့ကြတဲ့ စပါး၊ အာဆင်နယ်တို့ကလည်း ဝက်ဖို့ဒ်၊ ရှက်ဖီးလ်ယူတို့လို တုံ့ပြန်ကစားပုံကောင်းတဲ့ အသင်းတွေနဲ့ ရင်ဆိုင်ရဖို့ရှိနေပါတယ်။ ဒါကြောင့်လည်း ဘယ်လိုရလဒ်တွေ ထွက်လာမလဲဆိုတာကို စောင့်ကြည့်သွားရမှာပါ။

**ဂိုးအများဆုံးသွင်းထားသူများ**

| အမည် | အသင်း | ဂိုး |
|---|---|---|
| ဗာဒီ | လက်စတာ | ၁၇ |
| အူဘာမီယန် | အာဆင်နယ် | ၁၄ |
| ဒန်နီအင့် | ဆောက်သမ်တန် | ၁၄ |
| ရက်ရှ်ဖို့ဒ် | မန်ယူ | ၁၄ |

### ဝက်ဖို့ဒ် - စပါး

ပထမအကျော့ရလဒ် - စပါး ၁-၁ ဝက်ဖို့ဒ်

အခုနောက်ပိုင်းမှာ ဝက်ဖို့ဒ်ခြေစွမ်းပိုင်းက ကောင်းမွန်လာတယ်။ တိုက်စစ်ပိုင်းက ဂိုးသွင်းအားလည်းရှိတယ်။ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ အဝေးကွင်းဖြစ်ပေမယ့် ဘုန်းမောက်ကို ဂိုးပြတ်နိုင်ခဲ့တယ်။ စပါးက လီဗာပူးကို အရေးနိမ့်ခဲ့လို့ နိုင်ပွဲပြန်ရအောင် အားစိုက်မှာ ဖြစ်ပေမယ့် ဟယ်ရီကိန်းမပါဝင်နိုင်ခြင်းကြောင့် တိုက်စစ်ပိုင်းမှာ အားနည်းမှုတွေရှိနေတယ်။ စပါးနိုင်ပွဲရဖို့ ခက်တယ်။

### မန်စီးတီး - ပဲလေ့စ်

ပထမအကျော့ရလဒ် - ပဲလေ့စ် ၀-၂ မန်စီးတီး

မန်စီးတီးခြေစွမ်းပိုင်း ပြန်လည်ကောင်းမွန်လာတယ်။ တိုက်စစ်ပိုင်းမှာ အဂူရို ပြန်လည်ပါဝင်လာနိုင်တာကြောင့်လည်း ဂိုးသွင်းအား ထက်မြက်လာတယ်။ အိမ်ကွင်းဖြစ်သလို လီဗာပူးက မန်ယူနဲ့ ကစားရမှာဖြစ်တာကြောင့် မန်စီးတီးတို့ ဒီပွဲမှာ နိုင်ပွဲရယူထားဖို့ ဂရုတစိုက် ကစားမှာသေချာတယ်။ ပဲလေ့စ်က တုံ့ပြန်ကစားပုံမဆိုးပေမယ့် မန်စီးတီးကိုတော့ ထိန်းချုပ်ဖို့ခက်မယ်။ မန်စီးတီးပဲ နိုင်ပွဲရမယ်။

### ဝက်စ်ဟမ်း - အဲဗာတန်

ပထမအကျော့ရလဒ် - အဲဗာတန် ၂-၀ ဝက်ဟမ်း

ဝက်စ်ဟမ်းက မိုယေးစ်လက်ထက်မှာလည်း ခြေစွမ်းပိုင်း တိုးတက်လာဖို့ ရုန်းကန်နေရတယ်။ နောက်ဆုံးပွဲမှာ ရှက်ဖီးလ်ယူကို အနိုင်မကစားနိုင်ခဲ့ဘဲ အရေးနိမ့်ခဲ့ရတယ်။ ဝက်စ်ဟမ်းက အိမ်ကွင်းမှာဆိုရင် ခြေစွမ်းပိုင်း တိုးတက်မှုတွေ ရတတ်ပေမယ့် အဲဗာတန်ကလည်း ခြေစွမ်းတည်ငြိမ်နေတယ်။ ဝက်စ်ဟမ်းနိုင်ပွဲရဖို့ခက်ပြီး သရေကျဖို့များတယ်။

### အာဆင်နယ် - ရှက်ဖီးလ်ယူ

ပထမအကျော့ရလဒ် - ရှက်ဖီးလ်ယူ ၁-၀ အာဆင်နယ်

အာတီတာက အာဆင်နယ်ကို အကောင်းဆုံးဖြစ်လာအောင် အားစိုက်ကိုင်တွယ်နေပေမယ့် တိုးတက်မှုကတော့ သိသိသာသာ မတွေ့ရသေးဘူး။ တုံ့ပြန်ကစားပုံကောင်းတဲ့ အသင်းတွေနဲ့ဆုံရင် နိုင်ပွဲရဖို့ ရုန်းကန်ရတယ်။ အူဘာမီယန် မပါဝင်နိုင်ခြင်းကြောင့်လည်း အာဆင်နယ်တိုက်စစ်အားနည်းနိုင်လို့ ရှက်ဖီးလ်ယူကို ဖိအားပေးဖို့ခက်မယ်။ အာဆင်နယ် နိုင်ပွဲပြန်ရဖို့ ခက်မယ်။

### နော့ဝှစ်ချ် - ဘုန်းမောက်

ပထမအကျော့ရလဒ် - ဘုန်းမောက် ၀-၀ နော့ဝှစ်ချ်

နော့ဝှစ်ချ်က မန်ယူကို ဂိုးပြတ်အရေးနိမ့်ခဲ့ရပေမယ့် တန်းတူအသင်းတွေနဲ့ ရင်ဆိုင်ရတဲ့ပွဲတွေမှာတော့ ရလဒ်ကောင်း ရယူနိုင်စွမ်းရှိပါတယ်။ အိမ်ကွင်းလည်း ဖြစ်တယ်။ အထူးသဖြင့် ဘုန်းမောက်က လက်ရှိအချိန်မှာ တိုက်စစ်ရော ခံစစ်ပိုင်းပါ အားနည်းမှုတွေရှိနေတယ်။ အိမ်ကွင်းမှာတောင် ဝက်ဖို့ဒ်ကို ဂိုးပြတ်ရှုံးခဲ့ရတယ်။ နော့ဝှစ်ချ် နိုင်ပွဲရမယ်။

### ကာဆယ် - ချယ်လ်ဆီး

ပထမအကျော့ရလဒ် - ချယ်လ်ဆီး ၁-၀ ကာဆယ်

ချယ်လ်ဆီးဟာ ကာဆယ်ရဲ့အိမ်ကွင်းဖြစ်တဲ့ စိန့်ဂျိမ်းပတ်ခ်မှာ ရင်ဆိုင်ရတိုင်း ရလဒ်ကောင်းရဖို့ ရုန်းကန်ရတယ်။ ၂၀၁၃ ကစလို့ အခုထိ ချယ်လ်ဆီးတို့ စိန့်ဂျိမ်းပတ်ခ်မှာ တစ်ပွဲသာ နိုင်ဖူးသေးတယ်။ ကာဆယ်ရဲ့အခြေအနေကလည်း နိုင်ပွဲတွေ ပျောက်ဆုံးနေလို့ အိမ်ကွင်းမှာ အားစိုက်လာမှာဖြစ်တယ်။ ဒီပွဲမှာတော့ ကာဆယ်ကို နှစ်သက်တယ်။

### ဘာရိုက်တန် - ဗီလာ

ပထမအကျော့ရလဒ် - ဗီလာ ၂-၁ ဘာရိုက်တန်

ဗီလာက ခြေစွမ်းပိုင်းအားနည်းမှုတွေ များပါတယ်။ ခံစစ်ပိုင်းကလည်း ပွဲတိုင်းဂိုးတွေပေးနေရတယ်။ အဝေးကွင်းပွဲတွေမှာလည်း ခြေစွမ်းကျဆင်းတတ်တယ်။ ဘာရိုက်တန်က ထိုးစစ်ပိုင်း အားနည်းပေမယ့် ခံစစ်ကစားပုံမဆိုးဘူး။ အိမ်ကွင်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာတယ်။ ဘာရိုက်တန်တို့ အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်ဖို့ ရှိနေပါတယ်။

### ဆောက်သမ်တန် - ဝုဖ်

ပထမအကျော့ရလဒ် - ဝုဖ် ၁-၁ ဆောက်သမ်တန်

ဆောက်သမ်တန်က အခုနောက်ပိုင်းမှာ ခြေစွမ်းပိုင်း ကောင်းမွန်လာတယ်။ စပါးနဲ့ လက်စတာတို့လို အသင်းကောင်းတွေနဲ့ ရင်ဆိုင်ခဲ့ရပေမယ့် နိုင်ပွဲရအောင် ကစားနိုင်ခဲ့တယ်။ ဝုဖ်ကတော့ ခြေစွမ်းပိုင်း မဆိုးပေမယ့် သရေပွဲတွေ များနေတယ်။ ဒီပွဲမှာလည်း ဝုဖ်တို့ နိုင်ပွဲရဖို့ ရုန်းကန်ရနိုင်ကာ သရေလောက်ပဲ ရမယ်။

### ဘန်လေ - လက်စတာ

ပထမအကျော့ရလဒ် - လက်စတာ ၂-၁ ဘန်လေ

ဆောက်သမ်တန်ကို အိမ်ကွင်းမှာ အရေးနိမ့်ခဲ့ရတာကြောင့် လက်စတာတို့ နိုင်ပွဲပြန်ရဖို့ အားစိုက်ကစားလာမှာ သေချာတယ်။ လက်စတာရဲ့ခြေစွမ်းပိုင်းကလည်း ကောင်းမွန်နေသလို ဂိုးသွင်းအားလည်းရှိလို့ ခံစစ်အားနည်းတဲ့ ဘန်လေကို ဖိအားပေးနိုင်ဖို့ရှိပါတယ်။ လက်စတာ နိုင်ပွဲပြန်ရမယ်။

### လီဗာပူး - မန်ယူ

ပထမအကျော့ရလဒ် - မန်ယူ ၁-၁ လီဗာပူး

မန်ယူခြေက မငြိမ်သေးဘူး။ အထူးသဖြင့် အသင်းကြီးတွေ အချင်းချင်း ရင်ဆိုင်ရချိန်မှာ ရင်ပေါင်တန်းယှဉ်နိုင်ဖို့ ခက်နေသေးတယ်။ လီဗာပူးကတော့ ပရီမီယာလိဂ်မှာ အတော်လေး ဖိအားကင်းနေတယ်။ အထူးသဖြင့် လီဗာပူးက ဒီရာသီမှာ အကောင်းဆုံးခြေစွမ်းတွေ ရနေသလို ပွဲတိုင်းကို အာရုံအပြည့်နဲ့ ကစားနေတယ်။ လီဗာပူးပဲ အနိုင်ရမယ်။

### ပရီမီယာလိဂ်ပွဲစဉ် (၂၃)

| | | | |
|---|---|---|---|
| **စနေနေ့** | | | **၁၈-၁-၂၀** |
| ည ၇:၃၀ | ဝက်ဖို့ဒ် | - | စပါး |
| ည ၉:၃၀ | အာဆင်နယ် | - | ရှက်ဖီးလ်ယူ |
| ည ၉:၃၀ | ဘာရိုက်တန် | - | ဗီလာ |
| ည ၉:၃၀ | မန်စီးတီး | - | ပဲလေ့စ် |
| ည ၉:၃၀ | နော့ဝှစ်ချ် | - | ဘုန်းမောက် |
| ည ၉:၃၀ | ဆောက်သမ်တန် | - | ဝုဖ် |
| ည ၉:၃၀ | ဝက်စ်ဟမ်း | - | အဲဗာတန် |
| နံနက် ၀၀:၀၀ | နယူးကာဆယ် | - | ချယ်လ်ဆီး |
| **တနင်္ဂနွေနေ့** | | | **၁၉-၁-၂၀** |
| ည ၈:၃၀ | ဘန်လေ | - | လက်စတာ |
| ည ၁၁:၀၀ | လီဗာပူး | - | မန်ယူ |

### စီးရီးအေပွဲစဉ် (၂၀)

| | | | |
|---|---|---|---|
| **စနေနေ့** | | | **၁၈-၁-၂၀** |
| ည ၈:၃၀ | လာဇီယို | - | ဆမ်ဒိုးရီးယား |
| ည ၁၁:၃၀ | ဆာစူအိုလို | - | တိုရီနို |
| နံနက် ၂:၄၅ | နာပိုလီ | - | ဖီအိုရင်တီးနား |
| **တနင်္ဂနွေနေ့** | | | **၁၉-၁-၂၀** |
| ည ၆:၀၀ | မီလန် | - | အူဒီးနီးစ် |
| ည ၈:၃၀ | ဘရက်ရှား | - | ကက်ဂလီယာရီ |
| ည ၈:၃၀ | ဘလော့ညာ | - | ဗီရိုနာ |
| ည ၈:၃၀ | လေချီ | - | အင်တာ |
| ည ၁၁:၃၀ | ဂျီနိုအာ | - | ရိုးမား |
| နံနက် ၂:၄၅ | ဂျူဗင်တပ် | - | ပါးမား |
| **တနင်္လာနေ့** | | | **၂၀-၁-၂၀** |
| နံနက် ၂:၄၅ | အတ္တလန္တာ | - | SPAL |

### လာလီဂါပွဲစဉ် (၂၀)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၁၇-၁-၂၀** |
| နံနက် ၂:၃၀ | လီဂါနက်စ် | - | ဂီတာဖေး |
| **စနေနေ့** | | | **၁၈-၁-၂၀** |
| ည ၆:၃၀ | လီဗန်တေး | - | အလာဗက်စ် |
| ည ၉:၃၀ | ရီးရဲ | - | ဆီဗီလာ |
| နံနက် ၀၀:၀၀ | အိုဆာစူနာ | - | ဗယ်လာဒိုးလစ် |
| နံနက် ၂:၃၀ | အီဘား | - | အက်သလက် |
| **တနင်္ဂနွေနေ့** | | | **၁၉-၁-၂၀** |
| ည ၅:၃၀ | မာယော့ကာ | - | ဗလင်စီယာ |
| ည ၇:၃၀ | ဘက်တစ် | - | ဆိုစီဒက်စ် |
| ည ၉:၃၀ | ဗီလာရီးရဲ | - | အက်စ်ပန်ညော |
| နံနက် ၀၀:၀၀ | ဘီလ်ဘို | - | ဆယ်တာ |
| နံနက် ၂:၃၀ | ဘာစီလိုနာ | - | ဂရန်နာဒါ |

## ပရီမီယာလိဂ်နှင့် စပိန်လီဂါပြိုင်ပွဲတို့အား ပိုချက်တီနို ချီးကျူး

စပါးအသင်း မန်နေဂျာဟောင်း ပိုချက်တီနိုက ပရီမီယာလိဂ်နှင့် စပိန်လီဂါတို့သည် ကမ္ဘာပေါ်တွင် အကောင်းဆုံးလိဂ်ပြိုင်ပွဲများဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

အာဂျင်တီးနားလူမျိုး နည်းပြပိုချက်တီနို (၄၇ နှစ်)သည် ပြီးခဲ့သည့် နိုဝင်ဘာ ၉ ရက်တွင် စပါးအသင်း မန်နေဂျာရာထူးမှ ထုတ်ပယ်ခံခဲ့ရပြီးနောက် အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည်။ ပိုချက်တီနိုသည် ဆန်းဒါးလန်းအသင်း မန်နေဂျာဟောင်း ဂုစ်ပိုယက်စ်နှင့်အတူ လန်ဒန်တွင် ကျင်းပခဲ့သော လာလီဂါတီဗွီ အခမ်းအနားတစ်ခုသို့ တက်ရောက်လာခဲ့စဉ်အတွင်း ယခုကဲ့သို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။

ပိုချက်တီနိုသည် ဘာစီလိုနာမြို့အခြေစိုက် ကလပ်အသင်းတစ်သင်းဖြစ်သည့် အက်စ်ပန်ညောအသင်း၏ နည်းပြအဖြစ် ၂၀၀၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ တာဝန်ယူခြင်းဖြင့် နည်းပြလောကသို့ စတင်ဝင်ရောက်လာခဲ့သူဖြစ်ပြီး ၂၀၁၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ဆောက်သမ်တန်အသင်း မန်နေဂျာအဖြစ် လည်းကောင်း၊ ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ စပါးအသင်းမန်နေဂျာအဖြစ် လည်းကောင်း တာဝန်ယူခဲ့သူဖြစ်သည်။



ပိုချက်တီနိုက "ပရီမီယာလိဂ်က ထိပ်တန်းပြိုင်ပွဲပါ။ ဘောလုံးအားကစားဟာ အင်္ဂလန်မှာ မွေးဖွားလာတာ ဖြစ်ပါတယ်။ ဒါပေမယ့် စပိန်ဘောလုံးလောကဟာလည်း အံ့အားသင့်စရာ ဘောလုံးလောကဖြစ်တယ်လို့ ကျွန်တော်ထင်တယ်။ စပိန်လီဂါမှာ အံ့အားသင့်စရာကောင်းတဲ့ နည်းပြတွေ ရှိနေတယ်။ ဂုစ်ပိုယက်၊ ကျွန်တော်အပါအဝင် နည်းပြတွေဟာ အကောင်းဆုံးနေရာတွေမှာ ရှင်သန်နိုင်အောင် ကြိုးစားကြပါတယ်။ ပရီမီယာလိဂ်နဲ့ စပိန်လီဂါက ကမ္ဘာ့အကောင်းဆုံးလိဂ်ပြိုင်ပွဲတွေပါပဲ"ဟု ပြောဆိုခဲ့သည်။

ဘာစီလိုနာအသင်းသည် နည်းပြ ဗယ်လ်ဗာဒီအား ရာထူးမှ ထုတ်ပယ်ပြီးနောက် အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ရန် ပိုချက်တီနိုအား ဆက်သွယ်မှုများ ပြုလုပ်ခဲ့သော်လည်း ပိုချက်တီနိုက ၎င်းအနေဖြင့် ဘာစီလိုနာအသင်း၏ မြို့ခံပြိုင်ဘက်ဖြစ်သော အက်စ်ပန်ညောအသင်း၏ နည်းပြအဖြစ် တာဝန်ယူခဲ့ဖူးခြင်းကြောင့် ဘာစီလိုနာအသင်းအား တာဝန်ယူရန် စဉ်းစားမည်မဟုတ်ဟု ပြောဆိုကာ ဘာစီလိုနာအသင်းနည်းပြအဖြစ် တာဝန်ယူခွင့်ကို ငြင်းပယ်ခဲ့သူဖြစ်သည်။ **ထက်အောင်**

## ပရီမီယာလိဂ်တွင် လာရောက်လုပ်ကိုင်ရန် ဘာစီလိုနာနည်းပြဟောင်း ဗယ်လ်ဗာဒီ ပစ်မှတ်ထားနေ

**ဘာစီလိုနာအသင်းနည်းပြဟောင်း အာနက်စတိုဗယ်လ်ဗာဒီသည် လာမည့် နွေရာသီအတွင်း ပရီမီယာလိဂ်ပြိုင်ပွဲဝင် အသင်းတစ်သင်းကို တာဝန်ယူရန် ပစ်မှတ်ထားနေကြောင်း သတင်းများ ထွက်ပေါ်လာသည်။**



အသက် (၅၅ နှစ်)အရွယ်ရှိ စပိန်လူမျိုး နည်းပြ ဗယ်လ်ဗာဒီသည် ပြီးခဲ့သည့် ဇန်နဝါရီ ၁၃ ရက်တွင် ဘာစီလိုနာအသင်း နည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရပြီးနောက် အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည်။ နည်းပြ ဗယ်လ်ဗာဒီသည် ဘာစီလိုနာအသင်းအား ယခုနှစ် စပိန်လီဂါပြိုင်ပွဲ၌ အမှတ်ပေးဇယားထိပ်ဆုံး၌ ဦးဆောင်နိုင်ရန် စွမ်းဆောင်ပေးထားနိုင်ချိန်တွင် ရာထူးမှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်ကာ စပိန်လီဂါ သမိုင်းတစ်လျှောက် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ရန် စွမ်းဆောင်ထားချိန်၌ ရာထူးမှထုတ်ပယ်ခံရသည့် ဒုတိယမြောက် နည်းပြဖြစ်လာသည်။ နည်းပြ ဗယ်လ်ဗာဒီအနေဖြင့် ယခုနှစ် ဘောလုံးရာသီကုန်ဆုံးချိန်မှသာ နည်းပြလောကသို့ ပြန်လည်ဝင်ရောက်လာဖွယ်ရှိသည်။

နည်းပြ ဗယ်လ်ဗာဒီသည် ဘာစီလိုနာအသင်းကို တာဝန်မယူမီက ပရီမီယာလိဂ် ကလပ်အချို့၏ စိတ်ဝင်စားမှု ခံခဲ့ရဖူးသူဖြစ်သည်။ နည်းပြ ဗယ်လ်ဗာဒီသည် ၂၀၀၁ ခုနှစ်တွင် ဘီလ်ဘာအိုအသင်း၏ လက်ထောက်နည်းပြအဖြစ် တာဝန်ယူခြင်းဖြင့် နည်းပြလောကသို့ စတင်ဝင်ရောက်လာခဲ့သူဖြစ်ပြီး ဘီလ်ဘာအို၊ အက်စ်ပန်ညော၊ အိုလံပီယာကော့စ်၊ ဗီလာရီးရဲ၊ ဗလင်စီယာ စသည့်အသင်းများကို တာဝန်ယူခဲ့ဖူးသူဖြစ်သည်။ **ထက်အောင်**

## မျက်မှောက်ခေတ် တရုတ်နိုင်ငံနှင့် ကမ္ဘာ၊ မြန်မာ-တရုတ် အကြံပြုသုတေသီအဖွဲ့များ၏ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၆**

ခေတ်သစ်တွင် မြန်မာ-တရုတ် ဆက်ဆံရေး ပိုမိုနီးကပ်ရင်းနှီးအကျွမ်းတဝင်ရှိစေရေးအတွက် မျက်မှောက်ခေတ် တရုတ်နိုင်ငံနှင့် ကမ္ဘာ၊ မြန်မာ-တရုတ် အကြံပြုသုတေသီအဖွဲ့များ၏ ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ရိပ်သာလမ်းနှင့် ဦးအောင်မြတ် လမ်းထောင့်ရှိ Wyndham Grand Yangon Hotel ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်မောင်ရှိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားဘာသာ ပုံနှိပ်ထုတ်ဝေရေးအဖွဲ့ ဥက္ကဋ္ဌ မစ္စတာ ဒူဇန်ယွန်းတို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ကြသည်။ ဆက်လက်၍ မျက်နှာစုံညီ အစည်းအဝေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်၊ ယူနန်လူမှုသိပ္ပံအကယ်ဒမီ ဒုတိယဥက္ကဋ္ဌ မစ္စတာ ချန်လီဂျွန်၊ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးသုတေသနစင်တာ (မြန်မာ) တွဲဖက်တည်ထောင်သူ ဦးကိုကိုလှိုင်၊ တရုတ်အလယ်ပိုင်း ဟွာဇောင်းသိပ္ပံနှင့် နည်းပညာ တက္ကသိုလ်ဒုတိယဥက္ကဋ္ဌ မစ္စတာ ဖူးရှာတောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံ မဟာဗျူဟာနှင့်



မြန်မာ-တရုတ် အကြံပြုသုတေသီအဖွဲ့များ ဆွေးနွေးပွဲကျင်းပစဉ်။

နိုင်ငံတကာ လေ့လာရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာခင်မောင်ညွန့်တို့က အမှာစကားများ ပြောကြားခဲ့သည်။

မြန်မာ-တရုတ် ခင်မင်ရင်းနှီးသော ဆက်ဆံရေးနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်မောင်ရှိန်က ယနေ့ခေတ်တွင် ပေါက်ဖော်ဆက်ဆံရေးကို အစိုးရအချင်းချင်းသာမက နှစ်နိုင်ငံ ပြည်သူအချင်းချင်းအကြား တိုးတက်ဆက်ဆံလာနိုင်မည်ဆိုပါက တစ်ဦးနှင့်တစ်ဦး ပိုမိုသဘောပေါက်နားလည်ပြီး နီးကပ်သော ခင်မင်ရင်းနှီးမှုကို ထူထောင်နိုင်မှာဖြစ်ကြောင်း၊ အခါအားလျော်စွာ ဖြစ်ပေါ်လာသည့် အခက်အခဲများကိုလည်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာဖြင့် ငြိမ်းငြိမ်းချမ်းချမ်း ပြေပြေလည်လည် ဖြေရှင်းနိုင်ခဲ့ကြောင်း၊ အတိတ်ကာလက ကျန်ခဲ့သော ကိုလိုနီအမွေဆိုးအဖြစ် နယ်နိမိတ်ပြဿနာကိုလည်း ဖော်ပြပါ ချစ်ကြည်ရင်းနှီးမှုအပေါ် အခြေပြု၍ ပြေလည်စွာ ဖြေရှင်းနိုင်ခဲ့ပြီး နယ်နိမိတ်စာချုပ်ကို ၁၉၆၀ ခုနှစ် အောက်တိုဘာလအတွင်းက အောင်မြင်စွာ အပြီးအပိုင် ချုပ်ဆိုသတ်မှတ်နိုင်ပြီး ဖြစ်ကြောင်း အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယနေ့ကျင်းပသော မျက်မှောက်ခေတ် တရုတ်နိုင်ငံနှင့် ကမ္ဘာ၊ မြန်မာ-တရုတ် အကြံပြုသုတေသီအဖွဲ့ များ၏ ဆွေးနွေးပွဲတွင် နိုင်ငံရေးအရ အပြန်အလှန် ယုံကြည်စိတ်ချမှု တိုးတက်မြင့်မားစေရေးနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်းစေရေး၊ အတူတကွ ချမ်းသာကြွယ်ဝရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ အတွေ့အကြုံများ ဝေမျှဆောင်ရွက်ရေး၊ နှစ်ဦးနှစ်ဖက် အကျိုးရှိစေရေးအတွက် ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အစဉ်အလာရှိသော ချစ်ကြည်ရင်းနှီး ခင်မင်မှုကို ရှေ့သို့ဆက်၍ လက်ဆင့်ကမ်း သယ်ဆောင်သွားနိုင်စေရန် ပြည်သူတို့အချင်းချင်း အပြန်အလှန် ကူးလူးဆက်ဆံသွားလာမှုများ ပို၍ နက်ရှိုင်းလာစေရန် ဆောင်ရွက်ရေးဟူသော ခေါင်းစဉ်များဖြင့် မြန်မာ-တရုတ် နှစ်နိုင်ငံမှ သုတေသီ ပညာရှင်များက အကြောင်းအရာအလိုက် ဆွေးနွေးခဲ့ကြသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊**
**ဓာတ်ပုံ-လင်းညွန့်**

## ရန်ကုန်မြို့ ယာဉ်ကြောကျပ်တည်းမှု ဖြေလျှော့စေရန် မိုးပျံရထားစီမံကိန်း လူထုတွေ့ဆုံပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၆**

ရန်ကုန်မြို့ပြကြီးတွင် ယာဉ်ကြောကျပ်တည်းမှုနှင့် ပတ်သက်၍ ဖြေလျှော့စေရန်အတွက် ရန်ကုန်မြို့ပြလူထုရထားပို့ဆောင်ရေး တည်ဆောက်မှု (မိုးပျံရထား) စီမံကိန်းနှင့် စပ်လျဉ်းပြီး ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံပွဲ အခမ်းအနားကို လှိုင်မြို့နယ် အမှတ်(၁၂)ရပ်ကွက် အောင်ဓမ္မရိပ်သာလမ်း လှိုင်မင်္ဂလာခန်းမ၌ ယနေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

ရန်ကုန်မြို့ပြလူထု ရထားပို့ဆောင်ရေးတည်ဆောက်မှု (မိုးပျံရထား) စီမံကိန်းတွင် ထန်းတပင်၊ လှိုင်သာယာ၊ မရမ်းကုန်း၊ ရန်ကင်း၊ တောင်ဥက္ကလာပနှင့် လှိုင်မြို့နယ်များသို့ ဖြတ်သန်းတည်ဆောက်မည်ဖြစ်သည့်အတွက် စီမံကိန်းလမ်းကြောင်းတွင် အဆိုပါ ခြောက်မြို့နယ်ပါရှိကြောင်း၊ မလွတ်ကင်းသော ဒေသခံပြည်သူများ၏ အိုးအိမ်တိုက်တာ အဆောက်အအုံများ ထိခိုက်နစ်နာမှု နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် (၅)မြို့နယ်ရှိ ပြည်သူလူထုကို တွေ့ဆုံရှင်းလင်းပွဲများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်းနှင့် ယနေ့သည် လှိုင်မြို့နယ်ရှိ ပြည်သူများနှင့် တွေ့ဆုံခြင်းသည် ဒုတိယအကြိမ် တွေ့ဆုံခြင်း၏ နောက်ဆုံးမြို့နယ်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ ဦးစိုးမိုးအောင်က ပြောသည်။

ထိုစီမံကိန်း၏E Guard Environment မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးအေးသီဟက "ကျွန်တော်တို့ ဂျပန်နိုင်ငံ နည်းပညာရှင်တွေနဲ့ နိုင်ငံတကာစံချိန်စံညွှန်းနဲ့အညီ ဆောင်ရွက်သွားမှာဖြစ်တယ်။ ဒါကြောင့် သဘာဝပတ်ဝန်းကျင်နဲ့ လူမှုဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းနဲ့ စစ်တမ်းကောက်ယူခြင်းလုပ်ငန်း အကြောင်းအရာများကို ရှင်းလင်းတင်ပြပြီး သက်ဆိုင်တဲ့ပြည်သူတွေက မိမိတို့ရဲ့ ခက်ခဲတဲ့ အခြေအနေတွေကို တင်ပြမယ်။ စီမံကိန်းလုပ်ငန်းခွင် တာဝန်ရှိသူများက ပြန်လည်ညှိနှိုင်းပေးတဲ့ တွေ့ဆုံဆွေးနွေးပွဲပါပဲ။ စီမံကိန်းနဲ့ မလွတ်ကင်းတဲ့ အိမ်ခြံမြေ ကွန်ဒိုတိုက်တာ အဆောက်အအုံတွေ ပေးလျော်ရမယ့် လျော်ကြေးငွေ မနစ်နာအောင်ပါ။ လျော်ကြေးကို နိုင်ငံတော်ဘဏ္ဍာငွေနဲ့ သုံးစွဲမှာဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ်မှာ လုပ်ငန်းစတင်နိုင်မယ်လို့ မှန်းထားပါတယ်"ဟု ပြောသည်။



မိုးပျံရထားစီမံကိန်း လူထုတွေ့ဆုံပွဲ ပြုလုပ်စဉ်။

**သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**

## မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်အခမ်းအနား ကျင်းပ

**ပူတာအို ဇန်နဝါရီ ၁၆**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက ပူတာအိုမြို့ အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ကျင်းပသည်။ ရှေးဦးစွာ အထက(ပူတာအို) ကျောင်းသား ကျောင်းသူများက စုံညီပွဲတော်တို့ နွဲပျော်သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ကာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးရွှေ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးယောဆီတို့က ပညာရေးစုံညီပွဲတော်နှင့်ပတ်သက်၍အမှာစကားပြောကြားကြသည်။ ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်နှင့်တာဝန်ရှိသူများက ၂၀၁၉-၂၀၂၀ပညာသင်နှစ်အတွင်း မြို့နယ်အဆင့် စာပေပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသူကျောင်းသားများအား ပညာရည်ချွန်ဆုများကို အသီးသီးချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

## နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရား ထီးတော်၊ စိန်ဖူးတော် တင်လှူပွဲ ကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၁၆**

နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရား ထီးတော်၊ စိန်ဖူးတော် တင်လှူပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေ မန္တလေးနန်းမြို့ရိုး၏ အရှေ့မြောက်ဘက် နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရား၌ ဖေဖော်ဝါရီ ၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ထီးတော်အဟောင်းက ဆွေးမြည့်ပျက်စီးနေလို့ ဒီဇိုင်းအသစ်နဲ့ ပြန်လုပ်တာပါ။ ထီးတော် တင်လှူပွဲကို ဖေဖော်ဝါရီ ၆ ရက်မှာတင်ဖို့ ရက်သတ်မှတ်ထားတာပါ။ အလှူရှင်မိသားစုက ဂန္ဓကုဋိတိုက်၊ စန္ဒာမုနိဘုရားရဲ့ လုံးတော်ပြည့်ရွှေသင်္ကန်း၊ စိန်ဖူးတော်၊ ထီးတော်တွေ တာဝန်ယူလှူဒါန်းတာ ဖြစ်ပါတယ်"ဟု နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရား ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းက ပြောသည်။

စန္ဒာမုနိရုပ်ပွားတော်အား မင်းကွန်းအနီးရှိ နန်းတော်ကျွန်းယာယီ စံနန်းတော်၌ စံတော်မူနေစဉ် သွန်းလုပ်ခဲ့ကြောင်း၊ ရုပ်ပွားတော် သွန်းလုပ်ပြီးနောက် အမရပူရမြို့တော်သို့ ပင့်ဆောင်တော်မူခဲ့ကြောင်း၊ အမရပူရမြို့မှ အင်းဝမြို့သို့ ပြောင်းရွှေ့ ကိုးကွယ်တော်မူခဲ့ကြောင်း၊ အင်းဝမှ အမရပူရမြို့ စန္ဒာမုနိစေတီတော် မုခ်လိုဏ်အတွင်းသို့ ပင့်ဆောင်ကိုးကွယ်တော်မူခဲ့ကြောင်း၊ ထိုမှတစ်ဆင့် မန္တလေးမြို့ နန်းမြေဘုံသာ ယာယီစံနန်းတော်နေရာသို့ ပင့်ဆောင်ပြီး အုတ်တန်ဆောင်းပြာသာဒ်နှင့် ကိုးကွယ်တော်မူခဲ့ကြောင်းနှင့် ကောဇာသက္ကရာဇ် ၁၂၇၅တွင် ရသေ့ကြီးဦးခန္တီ စီစဉ်ထုဆစ်တည်ထားပြုစုခဲ့သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ အဋ္ဌကထာ၊ ဋီကာ ဓမ္မစေတီကျောက်စာများကို ကျောက်စာချပ်ရေ ၁၇၇၄ ချပ်ပေါ်၌ ကျောက်ထက်အက္ခရာတင်ပြီး စန္ဒာမုနိဘုရား ပရိဝုဏ်အတွင်း စိုက်ထူပူဇော်ခဲ့ကြောင်း သိရသည်။

**တင်ဇာလှိုင်**

## ဒုတိယအကြိမ်စနူကာချန်ပီယံရှစ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၆**

မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ Urban Cue Billiards and Snooker Club မှ ဒုတိယအကြိမ်မြောက် ကြီးမှူးကျင်းပမည့် 2020 Urban Cue Snooker Championship ပြိုင်ပွဲကို ဇန်နဝါရီ ၃၁ ရက်တွင် ရန်ကုန်မြို့ ၄၈ လမ်းရှိ Urban Asia Center ၌ ကျင်းပမည်ဖြစ်ကြောင်း ပြိုင်ပွဲနှင့် ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ ၄၈ လမ်းရှိ Urban Asia Center ၌ ပြုလုပ်ခဲ့သည်။

"ပြိုင်ပွဲမှာ အတန်းလေးတန်းခွဲတာက လက်ရွေးစင်ကစားသမားတွေရောရွက်ပုန်းသီးကစားသမားတွေလည်းပါမှာဆိုတော့ တစ်၊ နှစ်၊ သုံး၊ လေးဆိုပြီး အတန်း လေးတန်းခွဲလိုက်တယ်။ တစ်တန်းကို ၁၅ မှတ်ကွာသွားမယ်။ တစ်အတန်းကတော့ အမြင့်ဆုံးပေါ့။ တစ်နဲ့နှစ်တွေ့ရင် ၁၅ မှတ်၊ တစ်နဲ့သုံးတွေ့ရင် ၃၀ မှတ်၊ တစ်နဲ့ လေးတွေ့ရင် ၄၅ မှတ် ဆိုပြီး အတန်းမြင့်တဲ့သူက အမှတ်ကျောပေးစနစ်နဲ့ ယှဉ်ပြိုင်သွားမှာပါ"ဟု မန်နေဂျာ ကိုဟိန်းလွင်မိုးက ရှင်းပြသည်။ အဆိုပါ စနူကာချန်ပီယံရှစ်ပြိုင်ပွဲတွင် ဆုကြေးများအဖြစ် ချန်ပီယံဖြစ်သူအား ငွေကျပ် ၂၅ သိန်း၊ 1st Runner up အား ငွေကျပ် ၁၅ သိန်း၊ 2nd Runner Up အား ငွေကျပ် ၁၀ သိန်းအပြင် Maximum Break ကို ထိုးနိုင်သည့် ရမှတ်အများဆုံးရ ကစားသမားကို ငွေကျပ် သိန်း ၅၀ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်လိုသူများအနေဖြင့် ရန်ကုန်မြို့မှ လျှောက်ထားသူများအတွက် ဇန်နဝါရီ ၂၈ ရက်နှင့် နယ်မြို့များမှလျှောက်ထားသူများအတွက် ဇန်နဝါရီ ၂၆ ရက်အထိ နောက်ဆုံးသတ်မှတ်ကာ Urban Cue ဆိုင်ခွဲတိုင်းတွင် စာရင်းပေးသွင်းလျှောက်ထားနိုင်ပြီး နယ်မှကစားသမားများအတွက် နေစရာအဆောင်စီစဉ်ပေးမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ စနူကာပြိုင်ပွဲအား ယမန်နှစ်က အနယ်နယ်အရပ်ရပ်မှ စနူကာကစားသမား အယောက် ၈၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**အာကာစိုး**

## ရေနံချောင်းမြို့၌ ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် အားကစားပြိုင်ပွဲများထည့်သွင်းကျင်းပမည်

**ရေနံချောင်း ဇန်နဝါရီ ၁၆**

မကွေးတိုင်းဒေသကြီးရေနံချောင်းမြို့နယ်၌ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် အားကစားပြိုင်ပွဲများထည့်သွင်းကျင်းပနိုင်ရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမန်ကိုဟောနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြို့နယ်အားကစားဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲ ၃ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဧည့်ခန်းမ၌ ညှိနှိုင်းဆွေးနွေးသည်။

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ဘော်လီဘောအားကစားပြိုင်ပွဲကို ဇန်နဝါရီ ၃၀ ရက်တွင် လည်းကောင်း၊ အသက် ၂၅ နှစ်အောက် စားပွဲတင်တင်းနစ်ပြိုင်ပွဲနှင့် အလွတ်တန်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၈ ရက်တွင် လည်းကောင်း၊ အသက် ၂၀ အောက် စစ်တုရင်ပြိုင်ပွဲနှင့် အလွတ်တန်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၅ ရက်တွင်လည်းကောင်း စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုးကြီး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)
## (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)မှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် B.C.Sc/B.C.Tech ဘွဲ့သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများအတွက် ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)၏ (၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ) ဘွဲ့နှင်း သဘင်ခန်းမ၌ (၂၉-၂-၂၀၂၀)ရက် (စနေနေ့)တွင် အစမ်းလေ့ကျင့်ပွဲနှင့် (၁-၃-၂၀၂၀)ရက် (တနင်္ဂနွေနေ့)တွင် ဘွဲ့နှင်းသဘင် ကျင်းပပြု လုပ်မည်ဖြစ်ပါသည်။

၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာလျှောက်ထားလိုသူများသည် ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ) တွင် သတ်မှတ်ထားသော လျှောက်လွှာ ပုံစံ ဖြင့်(၃)လအတွင်းရိုက်ကူးထားသော (2'' x 1 1/2'') အရွယ်ဓာတ်ပုံ(၃)ပုံပူးတွဲ၍ ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်ဟု ထင်ရှားစွာဖော်ပြလျက် ၂၀၂၀ပြည့်နှစ် ဇန်နဝါရီ (၂၀)ရက်မှ ဇန်နဝါရီ (၃၁)ရက်အထိ (ရုံးဖွင့်ရက်များ တွင် ရုံးချိန်အတွင်း) လျှောက်ထားနိုင်ကြပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ၁၅၀၀/-( ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ ၁၀၀၀/-(ကျပ်တစ်ထောင်တိတိ) ကို ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)၊ ငွေစာရင်းဌာနတွင် ပေးသွင်း ရမည်။

၄။ ယခင်နှစ်များက ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက် ထားနိုင်သည်။

၅။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန်ပျက်ကွက်သူ များ၏ ဘွဲ့လက်မှတ်များကို အဝေး ရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးမည့်အချိန်မှသာ ထုတ်ပေးမည် ဖြစ်ပါသည်။

၆။ ရပ်ဝေးမှ ဘွဲ့နှင်းသဘင်လျှောက်ထား ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal money order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း" ဟုဖော်ပြ ပြီး ကွန်ပျူတာတက္ကသိုလ် (မိတ္ထီလာ)သို့ လိပ်မူ၍ လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့် လ၊ ခုနှစ်၊ နေရပ်လိပ်စာ အပြည့်အစုံကိုတိကျစွာ ဖော်ပြရမည်။ (ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)

၇။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အသေးစိတ် အစီအစဉ်များကို ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ) ကျောင်းသားရေးရာဌာနသို့ လူကိုယ် တိုင်ဖြစ်စေ၊ ဖုန်း-၀၉-၇၉၁၇၆၁၂၆၆ သို့ဖြစ်စေ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**ဌာနမှူး(သင်တန်း)**
**ကျောင်းသားရေးရာဌာန**
**ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အောက်ဖော်ပြပါလုပ်ငန်းများအား တင်ဒါ ခေါ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| (က) | 1-15(T)MESC/2019-2020 | ၁၁/၀.၄ကေဗွီ၊ ၂၀၀ကေဗွီအေ ထရန်စဖော်မာ(၂၅)လုံးအား (1 Lot)ဈေးနှုန်းဖြင့် ဝယ်ယူခြင်း |
| (ခ) | 1-16(T)MESC/2019-2020 | ညောင်ဦးခရိုင်သို့ ဓာတ်အားပို့လွှတ်သည့် ၆၆ကေဗွီ ချောက်-ညောင်ဦး ဓာတ်အားလိုင်း (၂၈.၁)မိုင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် ၁၂မီတာ ကွန်ကရစ်တိုင်(၇၁၀)လုံး ဝယ်ယူခြင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၂၀-၁-၂၀၂၀ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး ၁၉-၂-၂၀၂၀ရက်(၁၄:၀၀) နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။ တင်ဒါပုံစံနှင့်အချက်အလက်များကို Web Portal (www.moee.gov.mm)၌ အသေးစိတ် ကြည့်ရှုနိုင်ပါ သည်။

၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)၊ ၂၇လမ်း၊ ၇၇x၇၈ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ဖုန်း-၀၂-၄၀၆၉၁၂၂**

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့၊ သစ်ထုတ်ရေး ဒေသ(အင်းဗုဒ်ကုန်း) ယာဉ်မောင်းစက်ပြင်(၃) ဦးစန်းလွင် ၅/ ပလဘ(နိုင်)၀၂၀၀၄၈ နှင့် ဦးစန်းတင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

